
www.burmeseclassic.com

ရဟန်းပညာရှင် ၊ လူပညာရှင်များနှင့်

# အမတ်ကြီးဦးပေါ်ဦး

၏

# လက်ရွေးစင် ဟာသများ



ရဲဘော်ကျော်ဆန်း

www.burmeseclassic.com

www.burmeseclassic.com

ပစ်တိုင်းထောင်စာပေ

= အမှောင်ခွင်း၍ . . . .
= အလင်းကိုဆောင် . . . .
= စာပေ "ပစ်တိုင်းထောင်"။

စီစဉ်သူ

ကိုကိုမု

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

* စာမူခွင့်ပြုချက်အမှတ် - ၉၁၆/၂၀၀၁ (၉)

* အဖုံးခွင့်ပြုချက်အမှတ် - ၉၄၇/၂၀၀၂ (၁၂)

*

**ပုံနှိပ်မှတ်တမ်း**

၂၀၀၃ခု၊ ဇန္နဝါရီလ၊ ပထမအကြိမ်၊ (၅၀၀)အုပ်

*

အဖုံးပန်းချီ - သစ်ထွဏ်း

*

တန်ဖိုး - ၃၅၀ ကျပ်

*

**အဖုံးရိုက်**

ဦးစံကြည် (ပညာဂုဏ်ရည်ပုံနှိပ်တိုက်)

*

**ပုံနှိပ်သူ** * ဒေါ်တင်စိန် ဇော်ဦးပုံနှိပ်တိုက် (၅၅၂၉)
အမှတ်-၂ (အေ)၊ ချွန်း (၁)လမ်း၊ ပုသိမ်ညွန့်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ** * ဦးကျော်ဆန်း (ရဲဘော်ကျော်ဆန်း) (၁၉၃၂)
အမှတ်-၂ (အေ)၊ ချွန်း (၁)လမ်း၊ ပုသိမ်ညွန့်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

* သုတ ရသအရာမှာ စံထားလောက်သော ဝေါဟာရများနှင့် ပြောဟတ်ဆိုတတ်သည့် အမတ်ကြီး ဦးပေါ်ဦး၏ ဟာသများကို ဖတ်ရှုလေ့လာလိုသော စာပေသုတေသီများအတွက်

ရဟန်းပညာရှင်၊ လူပညာရှင်များနှင့်

# အမတ်ကြီး ဦးပေါ်ဦး

၏

# လက်ရွေးစင်ဟာသများ

ရဲဘော်ကျော်ဆန်း ပြုစုသည်။

*

**ဖြန့်ချိရေး**

**ဝစ်တိုင်းထောင်စာပေ**

အမှတ် (၁) စကြို၊ ရန်ကုန်ဘူတာကြီး။

ဖုန်း - ၂၄၃၅၂၂၊ ၂၄၉၀၂၄။

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

---

နိုင်ငံတော်ဖွဲ့စည်းပုံ
အခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

---

### ပြည်သူ့သဘောထား

- ✤ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင် ဝါဒီများအား ဆန့်ကျင်ကြ။
- ✤ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောက်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✤ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်နှောက်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✤ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

BURMESE CLASSIC

## မာတိကာ


| | |
|---|---|
| ၁။ **ဦးပေါ်ဦး၏ လက်ရွေးစင်ဟာသများ** | ၉ |
| အပရိဟာနိယတရားများ | ၁၁ |
| သိကြားပေါက် | ၁၆ |
| ကပ္ပလီကျွန်းပုံပြင် | ၁၉ |
| စိတ်ထားတတ် မြတ်၏ | ၂၅ |
| နတ်ဝတ်ပုဆိုး တိမ်မီးခိုး | ၂၇ |
| ကြိမ်ခက်တောန ပူတောန | ၃၂ |
| နဂါးမင်းဘုရားပင့်ပုံပြင် | ၃၅ |
| ငမှန်ကန်းပုံပြင် | ၃၈ |
| အပျိုမခြေသလုံးကြွမ်းကို အဖေထမ်းပါလိမ့်မည်ပုံ | ၄၇ |
| ဦးပေါ်ဦး နှင့် ဆရာတော်ဦးပုမ် | ၄၉ |
| နိဗ္ဗာန်ရဲ့အရသာ | ၅၂ |
| ရွာစေးနေလို့ပါဘုရား | ၅၆ |
| သံပုဒ္ဒေ နှင့် ကြေးပုဒ္ဒေ | ၆၁ |


www.burmeseclassic.com

www.burmeseclassic.com


ဆင်မည်းကြီးဖြူမည့်အချိန် ၆၃
ဇမ္ဗူဒိပ်ကျွန်းအလည်တည့်တည့် ၆၈
တကယ့်ကျေးရူးရှင်အစစ် ၇၀
ပေါ်ဦးပြောသောပုံပြင် ၇၀
မြေခွန်လေခွန်ကောက်သောဦးပေါ်ဦး ၇၅
စိဋ္ဌမာနကြွက်ငယ်ပမာ ၇၈
ဇမ္ဗူဒိပ်ကျွန်း နိမိတ်ထွန်း ၈၁
အနော်ရထာကျွဲဖြူခတ်သည့်ထုံး ၈၄
ဇရွဲကန့်လူထွက် မင်းကံစီ ၈၆
ဆင်ဖြူတော်မော်ကွန်း ၈[illegible]
ဦးပေါ်ဦးတင်လျှောက်ချက်ကြောင့်
အယူတော်မင်္ဂလာ ဆုတော်ထပ်ရခြင်း ၉၀
ခွေးမြီးဥပမာပုံပြင် ၉၄

၂။ **ဇန်းမော်ဆရာတော်၏ ဥပမာပုံပြင် ဝတ္ထုများနှင့်**
**ဟာသရသကဗျာများ** ၉၆
ရှင်ပဏ္ဍိတ၏ တစ်ကျပ်တွဲဉာဏ် ၉၇
တွေ့မရှောင် အကုန်စားမယ် ၉၈
သုဓမ္မာဆရာတော်များသို့ ဝေဖန်ချက်ကဗျာ ၁၀၀
မန်းမြို့သူ ၁၀၃
ထွန့်ခေါင်ဆရာတော်သို့ စာချိုးခြင်း ၁၀၅
ဇန်းမော်ဆရာတော်နှင့် သီလရှင်မယ်ကင်း ၁၀၈
မယ်ကင်းတေးထပ် သုံးသပ်ဝေဖန်ချက် ၁၁၂
ဇန်းမော်ဆရာတော်အား ပြည်နှင်ဒဏ်ပေးပြီ ၁၁၄
လှေပေါ်မှကဗျာတစ်ပုဒ် ၁၁၅

၃။ **စလေဦးပုည၏ ဟာသရသကဗျာများ** **၁၁၈**
ဦးပုည ၁၁၈
လှေအလှူခံမေတ္တာစာ ၁၂၀
ဒေါနဆီမေတ္တာစာ ၁၂၄
လူပျိုမလှည့်ကြောင်းမေတ္တာစာ ၁၂၇

၄။ **စကားတောင်စားနှင့်သူငယ်ချင်းသုံးဦး** **၁၃၀**
ကျောင်းနေဖက်သုံးဦး ၁၃၀
စကားနိုင်ပြိုင်ပွဲ(၁) ၁၃၁
စကားနိုင်ပြိုင်ပွဲ(၂) ၁၃၃
စကားနိုင်ပြိုင်ပွဲ(၃) ၁၃၅
ထင်ပေါ်၍ စင်တော်ကောက်ခံရပုံ ၁၃၉

၅။ **လေကိတို၊ ညို နှင့် စကားတောင်စား**
**ဟာသပုံပြင်များ** **၁၄၀**
မှားနဲ့ဆားလဲကြစို့ ၁၄၁

၆။ **ဖိုးသူတော်ဦးမင်း–လူဦးမင်း တို့၏**
**ဟာသရသကဗျာများ** **၁၄၉**
လွမ်းဖွယ်ကောင်းမှု ၁၅၁
ချစ်ရစေသား ၁၅၁
ဩကာသဖူး ၁၅၂
လေပုန်းကမြူး ၁၅၂
နန်းမေ့ဆင်ပန်း ၁၅၇


www.burmeseclassic.com

www.burmeseclassic.com

ဆေးကြိုက်တဲ့တော ၁၅၄
ကြွားရှာသထင့် ၁၅၄
ဂေါ်တမမြေး ၁၅၅
ကံမွဲတဲ့ငါး ၁၅၅
ဖေါ်ကွဲတဲ့ငါး ၁၅၆
အိမ်သာကမိုး ၁၅၆
မြန်းကြွမယ်လို့ ၁၅၇
မောင်မျိုးဆွေ ၁၅၇
တော်လှပါဘိ ၁၅၈
ရောင်ဖျင်းသိမ် ၁၅၉
စကားထာ စကားဝှက် ၁၅၉
မိန်းမလက်ရေး-မုန့်တီတွေ ၁၆၀
သာဝါးကာထွေး-အာဖေါက်မှုထွေး ၁၆၀
ဝါးလိုက်ရင်မူး ၁၆၂
တူစုံကွဲ့သာမော တူနှစ်ကိုယ်နဒီကျော ၁၆၃
ခိုင်နိုင်မှုသညီအတည်-မလေးမောင်လူယဉ်နွဲ့ ၁၆၄
ကျမ်းကိုးစာရင်း ၁၆၅


**မာတိကာပြီး၏။**

## ရဟန်းပညာရှင် လူပညာရှင်များနှင့် အမတ်ကြီး ဦးပေါ်ဦး၏ လက်ရွေးစင် ဟာသများ

## ရဲဘော်ကျော်ဆန်း
## ပြုစုသည်

www.burmeseclassic.com

www.burmeseclassic.com



# ဦးပေါ်ဦးလျှောက်ထုံး

## အပရိဟာနိယ တရားများ

"ပေါ်ဦးရဲ့" "ဘုရား"

"မောင်မင်းလျှောက်တဲ့အထဲမှာ အပရိဟာနိယတရား ၇ ပါး မပါသေးပါလားကွယ့်"

"မှန်လှပါ၊ အပဟာနိယ တရား ၇ ပါးမှာ မင်းနှင့်တကွ ရဟန်း ပြည်သူ အားလုံးနဲ့ သက်ဆိုင်လို့ အထူးတလည် လျှောက်ထားရန် ရှိပါတယ်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com

"အေး... ပေါ်ဦးကို စကားစ ဖော်ပေးလိုက်ရင် ကြီးကြီး ကျယ်ကျယ်ကြီးပဲ"

"မှန်လှပါ၊ ပေါ်ဦးကကြီးကျယ်ရတာ မဟုတ်ပါဘုရား၊ ဂေါတမ မြတ်စွာဘုရားက ကိုယ်တိုင် ဟောကြားတော်မူတဲ့ တရားတော်မို့ကြီးကျယ်ရခြင်းပါ ဘုရား"

"ကဲ... ဆက်ပြီး တင်လျှောက်စမ်းပါဦး"

"မှန်လှပါ ဘိုးတော်ဘုရား မိန့်တော်မူတဲ့ (အပရိဟာနိယ တရား ၇ ပါး)မှာ မြတ်စွာဘုရားက သုံးမျိုးသုံးစား ဟောကြားထားပါတယ်ဘုရား"

မင်းနှင့်တကွ လူသားတို့အတွက် စည်းစိမ်ချမ်းသာ တိုးတက်ပွားများကြောင်း(၇)ပါးမှာ သတ္တကင်္ဂုတ္တရ ပါဠိတော်နဲ့ ပရိနိဗ္ဗာနသုတ် အဋ္ဌကထာတို့မှာ ပါရှိတဲ့အတိုင်းက–

၁။ ဘုရား၌ ရိုသေခြင်း၊
၂။ တရား၌ ရိုသေခြင်း၊
၃။ သံဃာ၌ ရိုသေခြင်း၊
၄။ မိမိ၏ ကိုယ်ကျင့်သိက္ခာ၌ရိုသေခြင်း၊ ကျင့်သုံးခြင်း၊
၅။ တည်ကြည်ခြင်း၊ မိမိသမာဓိကို ရိုသေခြင်း၊
၆။ ကောင်းသောမိတ်ဆွေရှိခြင်း၊
၇။ ပညာရှိသူတော်ကောင်းတို့ ဆိုဆုံးမသောစကားကို နာယူလွယ်ခြင်းတို့ဖြစ်ပါတယ်ဘုရား"

"နောက်တစ်ဖန် ဝဇ္ဇီမင်းတို့ကို အကြောင်းပြု၍ ဟောကြားသော တိုင်းပြည် တိုးပွားရေး (အပရိဟာနိယတရား ၇ ပါး)ကို မဟာ ပရိနိဗ္ဗာနသုတ်တော်တွင် ပါရှိသည့်အတိုင်း တင်လျှောက်ပါဦးမည်၊



မတင်လျှောက်မီ ဝေသာလီပြည်အကြောင်းနဲ့ လိစ္ဆဝီမင်းသားတို့ အကြောင်း တင်လျှောက်ပါရစေဦး ဘုရား"

"တင်လျှောက်စေ မောင်မင်း"

"ဝေသာလီပြည်ကြီးဟာ မြတ်စွာဘုရား လက်ထက်တော်အချိန် အခါမှာ အလွန်စည်ကား သာယာတဲ့ တိုင်းပြည်ကြီးဖြစ်ပါတယ် ဘုရား၊ မဟာပရိနိဗ္ဗာနသုတ်မှာ မြတ်စွာဘုရားက ချစ်သား အာနန္ဒာ၊ ဤဝေသာလီပြည်သည်ကား အလွန်သာယာလှပေသည်။ ဤဝေသာလီ ဝန်းကျင်မှာရှိကြသည့် လူတို့ အလေးအမြတ်ပြုရာ နေရာများသည် လည်း စိတ်နှစ်သက်ဖွယ်ရာ ကောင်းလှပေသည်" လို့ ဝေသာလီပြည် ကြီးကို မြတ်စွာဘုရား ကိုယ်တော်တိုင် ချီးကျူးထားပါတယ်ဘုရား၊ ဒါက ဘုရားလက်ထက်တော်က ဝေသာလီပြည်ကြီးအကြောင်းပါ ဘုရား"

"နောက်တစ်ခုမှာ ဝေသာလီပြည်က လိစ္ဆဝီမင်းသားတွေ မြတ်စွာဘုရား ဝေသာလီပြည်ကိုရောက်ရှိပြီး အမ္ဗပါလီ သရက်ဥယျာဉ် မှာ သီတင်းသုံးတယ်လို့ ကြားလျှင်ပဲ လိစ္ဆဝီမင်းသားများဟာ အကောင်းဆုံးသော အဝတ်အစား အလှအပတန်ဆာဆင်ပြီး မြတ်စွာ ဘုရားထံ အဖူးအမြော်လာကြရာမှာ အဆင်တန်ဆာ လှပရုံသာမက စုပေါင်းလာကြရာမှာလဲ ခမ်းခမ်းနားနား ညီညီညွတ်ညွတ်နဲ့ လာနေ ကြတာကို မြတ်စွာဘုရားမြင်တဲ့အခါ တာဝတိံသာနတ်ပရိသတ်ကို မမြင်ဖူးသေးတဲ့ ရဟန်းတော်တွေခေါ်ပြီး "ချစ်သားတို့၊ ဟိုက လာနေကြတဲ့ လိစ္ဆဝီပရိသတ်ကို ရှုကြလော့၊ တာဝတိံသာနတ်ပရိသတ် နှင့် တူစွတကား" လို့ မိန့်ကြားတော် မူဖူးပါတယ်၊ အဲဒီ ဝေသာလီပြည် ကြီးဟာအလွန်စည်းလုံးညီညွတ်ပြီး တိုင်းသူပြည်သားတို့မှာ တစ်ဦးကိုတစ်ဦး အလွန်ကူညီကြလို့စည်ကားလှတဲ့ ဝေသာလီပြည်ကြီး

www.burmeseclassic.com

www.burmeseclassic.com



အနီးအနားတိုင်းပြည်တွေက မနာလိုကြဘူး၊ အင်အားကြီးတဲ့ နိုင်ငံတွေက စစ်တိုက်ကြသော်လဲ ဝေသာလီပြည်ရဲ့ ညီညွတ်တဲ့ အင်အားကို မထိုးဖောက်နိုင်ပါဘုရား”

“တစ်ချိန်မှာ အဇာတသတ်မင်းက မာဂဓ အမတ်ကြီးကို မြတ်စွာဘုရားထံ စေလွှတ်ပြီး ဝေသာလီပြည်ကို တိုက်ခိုက်သင့် မသင့် အကြောင်း လျှောက်ထားစေခဲ့ပါတယ်၊ မြတ်စွာဘုရားက လူမှုရေးကိစ္စပင် ဖြစ်ပေမယ့် အကျိုးရှိမှာကို မြင်တော်မူတာနဲ့ မာဂဓ အမတ်ကြီးကိုတော့ ဘာမှ ပြန်မဖြေဘဲ ညီတော် အာနန္ဒာဘက် လှည့်တော်မူပြီး မေးတော်မူတဲ့စကားက (အပရိဟာနိယ တရား ၇ ပါး) ဖြစ်တော်မူလာပါတယ် ဘုရား”

“အင်း ပေါ်ဦး စကားက အပရိဟာနိယ တရား ရောက်မယ့် အရေး လမ်းခင်းလိုက်ရတာ မောလို့”

“မှန်လှပါ၊ သိသင့် သိထိုက်လို့ပါဘုရား”

“ကဲပါ မင်းစကားသာ ဆက်စမ်းပါ၊ ငါ သိပါတယ် ပေါ်ဦးရာ”

“မှန်လှပါ၊ ဝေသာလီပြည် ဝဇ္ဇီမင်းတို့သည်-

၁။ ညီညွတ်စွာ မပြတ်စည်းဝေးတိုင်ပင်ခြင်း၊

၂။ အစည်းအဝေးသို့ တညီတညွတ်တည်း လာရောက်ကြပြီး တစ်စုတစ်ရုံးတည်း ညီညွတ်စွာ ထပြန်ကြခြင်း။

၃။ ရှိပြီးသား စနစ်ဟောင်း နည်းကောင်းတို့ကို မဖျက်မဆီး မိဘဘိုးဘွား နည်းကျကျ ဆောင်ရွက်ကြခြင်း။



၄။ ရှိသေထိုက် သူများကို ရှိသေ၍ ဆိုဆုံးမ စကားကို နာယူကြခြင်း။

၅။ အမျိုးသမီးများကို နိုင်ထက်ကလူ ဖျက်ဆီးပြုမှု ကင်းကြခြင်း။

၆။ လူထုရိုသေလေးစားရင်းရှိသော ဂါရဝ ပြုရာဌာနများကို ပူဇော်မြဲ ပူဇော်ခြင်း။

၇။ နိုင်ငံတော်အတွက် ကျေးဇူးရှိခဲ့သူများကို ချီးမြှင့်မှုတွင် မလစ်လပ်စေရခြင်း။

စတဲ့ အချက်ကြီး ၇ချက်ကို မြတ်စွာဘုရားက မေးတော်မူလို့ အရှင်အာနန္ဒာက ဝဇ္ဇီမင်းတို့မှာ ဤသို့သော အရည်အချင်းလုပ်နည်း လုပ်ရပ်များနှင့်ပြည့်စုံကြောင်း ပြန်လည် လျှောက်ထားတဲ့အခါ မြတ်စွာဘုရားက

“ဤအပရိဟာနိယ တရားခုနစ်ပါးနှင့် ပြည့်စုံလျှင် ဝဇ္ဇီမင်းတို့သည် တက်လမ်းသာရှိ၏။ ပျက်လမ်းမမြင်”ဟု အရှင်အာနန္ဒာအား မိန့်ကြားတော်မူရာ မာဂဓ အမတ်ကြီးကလည်း ကြားသိတွေ့မြင်သမျှ အဇာတသတ်မင်းအား ပြန်လည် တင်လျှောက် လိုက်ပါတယ်ဘုရား၊ ဤသည်ကစပြီး အပရိဟာနိယတရား ၇ ပါး အား မင်းနှင့်တကွ လူသားတိုင်း ကျင့်ကြံအားထုတ်ရမယ့် တရားအဖြစ် ထင်ရှားလာပါတော့တယ် ဘုရား”

“အေး အလွန်မှ မှတ်သားဖွယ် ကောင်းလှပေတယ် မောင်မင်း”

www.burmeseclassic.com

www.burmeseclassic.com

# သိကြားပေါက်

ဘိုးတော်ဘုရားသည် တစ်နေ့တွင် ဘုံကိုးဆင့်ရှိသော မြေနန်းပြာသာဒ်တော်ကြီး၏ ဒုတိယဘုံဆင့် ပြတင်းပေါက်မှ ရှုစားတော်မူရင်း အကြံတော်ဖြစ်သည်နှင့် ညီလာခံတွင် ဦးပေါ်ဦးကို အမိန့်တော်ရှိသည်မှာ–

"ပေါ်ဦး၊ ရှေးမင်းအဆက်ဆက်မှ ယခုထက်တိုင် မြေနန်းပြာသာဒ်တော်၏ ဒုတိယဘုံဆင့်၌ ပြတင်းပေါက်ကို အဘယ်ကြောင့် (သိကြားပေါက်)ဟု ခေါ်ဝေါ်ကြောင်း သံတော်ဦးတင်ရမည်"ဟု မိန့်ကြားတော်မူလေလျှင် ဦးပေါ်ဦးက–



"မှန်လှပါ၊ ဒုတိယဘုံဆင့်၏ ပြတင်းပေါက်ကို ရှေးမင်းအဆက်ဆက်က (သိကြားပေါက်)ဟု ခေါ်တွင်ခဲ့သည်မှာ ပြည်ကြီးရှင်ဘုရင်မင်းမြတ်တို့တွင် မင်းကျင့်တရား ၁၀ ပါးကို မကျင့်သုံး၊ လောကဓမ္မရာဇာဟူသော အကြောင်းသုံးပါး ကင်းမဲ့၍ ညံ့ဖျင်းသော မင်းတို့အုပ်စိုးသော အခါတွင် သိကြားမင်းသည် မနေနိုင်၍ ဒုတိယဘုံဆင့်ပြတင်းပေါက်ကို အရောက်လာပြီး တရားဓမ္မ ဟောပြည့်နှိုးကြားသည်ကို အကြောင်းပြု၍ သိကြားမင်း ကြွလာရာ ပြတင်းပေါက်ကို (သိကြားပေါက်)ဟု ခေါ်တွင်ကြောင်းပါ ဘုရား"

ဘိုးတော်ဦးဝိုင်းက တံအံ့တသြ မေးမောနှားထောင်ရင်း

"သကြားမင်း လာရောက်တရားပြတဲ့ (သိကြားပေါက်)လို့သာ ဆိုတယ်၊ ငါကိုယ်တော်အရှင်မြတ် စိုးစံ အုပ်ချုပ်တော်မူသည်မှာ နှစ်ပေါင်းများစွာပင် ကြာခဲ့ပါပြီ။ တစ်ခါမှ သိကြားမင်း မလာဘူးပါကလား ပေါ်ဦးရဲ့"

ဦးပေါ်ဦးတော့ အဖြေရကျပ်သွားပြီဟု ဘိုးတော်ဦးဝိုင်းက ထင်လိုက်ပြီး ပြုံး၍ ရှုစားတော်မူသည်။ ဇဝနဉာဏ် လျင်မြန်ကွန့်မြူးသော ပညာရှိတစ်ဦးဖြစ်သည့် ဦးပေါ်ဦးက ထူးထူးထွေထွေ စဉ်းစား၍ မနေဘဲ ပြန်လည်တင်လျှောက်သည်မှာ–

"မှန်လှပါ၊ ဘဝရှင်မင်းတရားကြီးသည် သစ္စာ၊ ဓမ္မ၊ စာဂ၊ ဓိတိ အရှိလေးပါး တရားမချွတ် ကျင့်ဝတ်သိမ်မွေ့စွာ ဘုရားနှင့်အညီ အုပ်စိုးတော်မူသည်မှာ တိုင်းသူပြည်သား ရဟန်းရှင်လူတို့သာမက

www.burmeseclassic.com

www.burmeseclassic.com



နတ်သိကြားများပင် သိကြပါသည်။ သိကြားမင်းက (သိကြားပေါက်) သို့ ကြွရောက် တရားပြသည်မှာ မတရားမင်းတို့ကို သတိတရားရစေရန် ကြွရောက်တရားပြလေ့ ရှိပါသည်။အရှင်ကိုယ်တော်က(သိကြားပေါက်) သို့သိကြားကြွလာစေလိုပါလျှင် မင်းဆိုး မင်းညစ်ကဲ့သို့ တရားလက်လွတ် ကျင့်ကြံတော်မူပါ၊ မကြာခင် သိကြားကြွ၍ တရားပြရောက်လာတော်မူပါလိမ့်မည် ဘုရား”ဟု လျှောက်ထားလေရာ ဘိုးတော်ဦးဝိုင်းသာမက ညီလာခံတစ်ခုလုံး အုတ်အုတ်ကျက်ကျက် ရယ်မောကြလေသတည်း။ ဘိုးတော်ဦးဝိုင်းက

“ပေါ်ဦး မောင်မင်း သိကြား ငါ့ဆီ မလာချင် နေပစေတော့ ရာဇဝင်မှာ ငါ့နာမည်ပျက် မခံပါရစေနဲ့”ဟု ရယ်မော မိန့်ကြားရင်း ညီလာခံ ရုပ်သိမ်းလိုက်လေသတည်း။



## ကပ္ပလိကျွန်း ပုံပြင်

ဘကြီးတော် မင်းတရားသည် တစ်နေ့တွင် (ကပ္ပလိကျွန်း) အကြောင်း မေးတော်မူလေရာ၊ အမတ်ကြီး ဦးပေါ်ဦးက ကြံဆသည်မှာ ကပ္ပလိကျွန်းဟူသည် မည်သည့် ရာဇဝင်မှမပါရှိ။ ယခုမေးသော အရာကို မသိပါဟု ဖွတ်ငြင်းပါက မင်း၏အမျက် မလွတ်ရာ၊ ထို့ကြောင့်ကြံဖန် တင်လျှောက်တော့မည်ဟု စိတ်ကူးပြီး

“ကပ်၍ ပလီသော လူမျိုးတို့ နေထိုင်ရာဖြစ်၍ ကပ္ပလိကျွန်းဟု ခေါ်ပါသည်ဘုရား”

“အဘယ်သို့ ကပ်၍ ပလီသည်ကို ထင်ရှားအောင် လျှောက်ထားစမ်းပါဦး မင်းကြီးရဲ့”ဟု မေးတော်မူလျှင် အောက်ပါပုံပြင်ကို ကြံဖန်၍ တက်ဆက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှေးသရောအခါ ဖိနပ်ချုပ်သမား(ဖေလား)ဆိုသူသည် ရွာစဉ်လှည့်၍ ဖိနပ်ချုပ်ရန် လွယ်အိတ်တွင်ဖိနပ်အစာသိပ်ရန် ဂွမ်းမွေး၊ ကတ်ကြေး၊ ကော်၊ အပ်ရှူး စသည့် ကရိယာစုံထည့်၍ ခရီးထွက်ခဲ့ရာ ရွာတစ်ရွာနှင့်တစ်ရွာ အကူးတွင် မိုးချုပ်၍ သုသာန်ဇရပ်မှာအိပ်စက်နေပါသည်။

ထိုအခိုက် ဘီလူးနှစ်ကောင်သည် စားသောက်ရန် အစာရှာဖွေဖို့ မြို့ရွာအနီးအပါးကို ချည်းကပ်၍အလာ သုသာန်ဇရပ်ပေါ်မှာ အိပ်စက်နေသော ဖေလားကို တွေ့၍ "နင်ကား ငါတို့အစာဖြစ်ချေပြီ၊ နင့်ကိုငါတို့စားအံ့"ဆိုကာ ဖေလားကို ဖမ်းဆီးထားကြသည်။

ဖေလား စဉ်းစားသည်။ "ဘီလူးကို လိမ်လည် လှည့်ဖြားခြင်း မပြုက ငါ့ကိုအမှန်ပင် စားကြပေတော့မည်၊ လိမ်လည်လှည့်ဖြားမှ ငါ့အသက် ချမ်းသာပေမည်"ဟု စိတ်ကူးပြီး

"ဟဲ့ ဘီလူးများ၊ နင်တို့ ငါ့အသားကို မစားရ၊ ငါတို့အမျိုးသည် ဘီလူးသားကို စားရသော ဖေလား ကောင်မျိုးဖြစ်သည်။ သင်သည် မပြေးလေနှင့်"ဆိုကာ ဘီလူးနှစ်ကောင်ကို ပြန်၍ လက်ကိုဆုပ်ကိုင် ဖမ်းဆီးထားလေသည်။ ဘီလူးနှစ်ကောင်က ဖေလား ပြောတိုင်းမယုံ။ ငါတို့ စောင့်ကြည့်ကြမည်။ ငါတို့ အသားကို သူ မစားနိုင်က သူ့အသားကို ငါတို့စာမည်ဆိုကာ ကြံစည်စိတ်ကူးရင်း သချိုင်းမြေပုံပေါ်မှာ ဘီလူးနှစ်ကောင် ညှပ်လျက် အိပ်ကြလေသည်။

ဘီလူးများ အိပ်ပျော်သည့်အခါ ဖေလားက ဘီလူးများ ကိုယ်တွင် ပေါက်နေသော အမွေးတို့ကို ကတ်ကြေးဖြင့် ပြောင်အောင် ကိုက်၍ မိမိကိုယ်ကိုလည်း ဂွမ်းမွေးများကို ကော်နှင့်ကပ်၍ ထားပြီးမှ ဘီလူးများကို အပ်နှင့် ထိုးလေသည်။



အပ်နှင့်ထိုး၍ နာကျင်သဖြင့် ဘီလူးများ နိုးလေလျှင် မိမိတို့ ကိုယ်မှာ အမွေးများမရှိကြ၍ ဟိုကြည့်ဒီကြည့် ကြည့်နေကြစဉ်

"ဟယ် ဘီလူးများ၊ သင်တို့၏ ကိုယ်ကို ငါ၏လျှာကလေးနှင့် လျက်ရုံနှင့် အမွေးများ တက်တက်ပြောင်တော့သည်။ ယခု သင်တို့ကို ငါစားတော့မည်၊ ဖေလားကောင်ဆိုတာ သင်တို့ မကြားဖူးသလော"ဟု ကြုံးဝါးကာ ဟန်ရေးပြသည်နှင့် တစ်ပြိုင်နက် ဘီလူးနှစ်ကောင်မှာ ကြောက်အားလန့်အား ပြေးလွှား၍ သွားကြလေသည်။

ဖိနပ်ထိုးသမား ဖေလားသည် ဘီလူးများ ပြေးသွားသည်နှင့် ဤကိစ္စအရေးသည် အေးမည်မဟုတ်သေးဟုစိတ်ကူးမိသည့်အလျောက် စကောခန့်ကြီးသော လိပ်ကြီးတစ်ကောင်ကို ဖမ်း၍ ထန်းပင်ပေါ်၌ တက်နေလေသည်။

ဘီလူးနှစ်ကောင်လည်း ဘီလူးပြည်သို့ ပြန်ရောက်လျှင် ဘီလူးသားကို စားတတ်သည့် ဖေလားကောင်နှင့်တွေ့သဖြင့် အသက်ဘေးမှ လွတ်အောင် ပြေးခဲ့ရကြောင်း ပြန်ပြောင်းပြောပြသည်ကို ဘီလူးမင်းကြီး ကြားလေလျှင်

"ဖေလားကောင်ဆိုတာ ဤလောကမှာမရှိ၊ သင်တို့ကို လှည့်ဖြား၍ သူ့အသားကို မစားအောင် ပြောလိုက်ခြင်းသာ ဖြစ်သည်။ လှည့်ဖြားသူ ဖေလားကို ဘီလူးအမတ်များ သွား၍ ဖမ်းခဲ့ရမည်"ဟု အမိန့်တော် မှတ်လိုက်သည်။ ဖေလားကို ဖမ်းရန် သွားကြရာ ထန်းပင်ပေါ်က ဖေလားက–

"ငါသည်မှာ ရှိသည်။ သေချင်လို့ လာကြတာလား"ဟု ကြုံးဝါးလိုက်လေသည်။ ဘီလူးသည် ထန်းပင်ပေါ်ကို မတက်နိုင်သဖြင့်

www.burmeseclassic.com

www.burmeseclassic.com

အောက်ဆုံးက ဘီလူးနှစ်ကောင်ကို ကုန်း၍နေစေပြီး တစ်ကောင်ပေါ် တစ်ကောင်ဆင့်ကာ ထန်းပင်ပေါ်သို့ တက်ကြလေရာ အပေါ်က ဘီလူးများ ဖိပါများသဖြင့် အောက်ဆုံးက ဘီလူးနှစ်ကောင်မှာ မခံမရပ်နိုင်တော့ဘဲ လဲကျသည်နှင့် တစ်ပြိုင်နက် အပေါ်က ဘီလူးများမှာ လိမ့်ကျပြီး သေဆုံးကြတော့သည်။

ဘီလူးနှစ်ကောင်လည်း ဒရောသောပါး ဘီလူးမင်းကြီးထံ အမြန်ပြေးကြ ကုန်လေသည်။ ဘီလူးမင်းကြီးထံ ရောက်သောအခါ ဘီလူးနှစ်ကောင်က–

"အလွန်တရာ တန်ခိုးကြီးသော ငဖလားကောင်ဖြစ်၍ စစ်ဖက်ခြင်းငှာ မစွမ်းနိုင်ပါ။ တစ်ချက်တည်းနှင့် ဘီလူးများကို သေအောင် သတ်လိုက်နိုင်ပါကြောင်း" ပြန်ပြောင်းလျှောက်ထားလေလျှင် ဘီလူးမင်းကြီး အမျက်ပွား၍–

"ဒီတစ်ခါ ငဖလားကောင်ကို ရှုံးရင် အသက် အဆုံးစီရင်မည်" ဟု ဘီလူးစစ်သူကြီးနှစ်ကောင်ကို ဘီလူးစစ်သားအများနှင့် စေလွှတ်လိုက်လေသည်။

ဖိနပ်ထိုးသမား ငဖလားသည် ထန်းပင်အောက်ရောက်ခိုက်နှင့် ကြုံကြိုက်သဖြင့် ဘီလူးများက ဖမ်းရန်လာသည်ကိုမြင်လျှင်

"ငဖလား မင်းတရားအကြောင်းကို သတင်းစကားမှ မကြားဘူး၍ သင်တို့အသက်ကိုအပ်ရန် လာသလော"ဟု ကြုံးဝါးပါလေ၏။ ဘီလူး စစ်သူကြီးက–

"ငဖလား ဟူသည်မှာ အငယ်ကလေးပါလား"ဟု တအံ့တသြ ပြောဆိုသံကို ငဖလား ကြားရလေလျှင် ငဖလားက–



"သင်တို့ ကြောက်လန့်မည်စိုး၍ ငါ့တန်ခိုးဣဒ္ဓိပါတ်ကို မပြ၊ သာမညဖြင့်သာ မြင်စေသည်၊ အကယ်၍ ငါကသာ ပြချေက ထန်းပင် နှစ်ဆတော့ ကိုယ်ထည်ကြီး သင်တို့မြင်ရ၍ ကြောက်လန့်ကာ သေမည်စိုးသောကြောင့် အငယ်ကလေးသဏ္ဌာန် ဖန်ဆင်းပြထားသည်ကို ကျေးဇူးတင်ဖို့ကောင်းသည်။ မယုံလျှင် ငါ့ကိုယ်က သန်းတစ်ကောင်ကိုသာ ကြည့်လေတော့၊ ငါမည်မျှကြီးမည်ကို သင်တို့ သိနိုင်မည်"

ဟုပြောကာ စောစောက ဖမ်းထားသော စကောနီပါးမျှရှိသည့် လိပ်ကြီးကို ထုတ်ပြလိုက်ရာ ဘီလူးစစ်သူကြီးများတို့လည်း တကယ်ပင် ထင်မှတ်ကာ ယုံကြည်၍သွားကြသဖြင့် ဘီလူးမင်းထံ ငဖလားကောင်၏ တန်ခိုးကြီးမားပုံကို ပြန်လည်၍ လျှောက်တင်ကြလေသည်။

ဘီလူးမင်းကြီးကလည်း အားရနှစ်သက်သဖြင့် သမက်ပြုမှတော်မည်ဟု စဉ်းစားကာ ငဖလားအား ခေါ်ဆောင်စေပြီး သမီးနှင့် ထိမ်းမြားပေးလိုက်လေသည်။

ဖိနပ်ထိုးသမား ငဖလားသည် တစ်နေ့လျှင် ဆန်တစ်တင်းနှင့် နွားတစ်ကောင်ကို ကုန်စင်အောင် စားနိုင်သည်ဆိုသဖြင့် ဘီလူးမင်းကြီးက နေ့စဉ်ပင် ဆန်တစ်တင်းနှင့် နွားတစ်ကောင်ကို ပေးရလေသည်။ ငဖလားသည် နေ့စဉ်ရသော ဆန်နှင့်နွားများကို လုံခြုံအောင် သိုဝှက်ထားရာ ရက်ကာလကြာလျှင် သမက်တော် ငဖလားအတွက် ဆန်တစ်တင်းနှင့် နွားတစ်ကောင် မပေးနိုင်တော့သဖြင့် ပင်လယ်ကြားက ကျွန်းတစ်ကျွန်းကို အပိုင်စားပေးကာ သင်တို့ဘာသာ ရှာဖွေ၍ စားကြတော့ဟု စေလွှတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဝွမ်းအမွေးကို ကိုယ်မှာကပ်၍ ပလီတတ်သော ငဖလား ပထမဆုံးနေသော ကျွန်းဖြစ်၍ ထိုကျွန်းကို ကပ္ပလိကျွန်းဟု ခေါ်ပါကြောင်း ဦးပေါ်ဦးက လျှောက်ထားလေလျှင် မင်းပရိသတ်အများ ရယ်မောကြလေသတည်း။




# စိတ်ထားတတ် မြတ်၏

ဘိုးတော်မင်းတရားကြီးသည် "မဟာဝိဇယရံသီ စေတီတော်ကြီး" အလုံးစုံပြီးမြောက်အောင် တည်တော်မူပြီးနောက် ပါမောက္ခပိတိ ဝွမ်းဆီထိမ့် များစွာပင် ကြည်ညိုဝမ်းမြောက်တော်မူ၍ ဖွင့်ဟ မိန့်ကြားတော်မူလေလျှင် အမတ်ကြီး ဦးပေါ်ဦးက ဘုရင်မင်းမြတ်ကြီး ပိုမို၍ ကြည်ညိုပွားအောင် လျှောက်ထားလေသည်မှာ–

"ဘုန်းတော်ကြောင့် ယခု ဘုရင်မင်းမြတ်တည်ထားတော်မူသော မဟာဝိဇယရံသီ စေတီတော်များကို ဖူးမြင်ပြီးသူတိုင်းသည် အပြည်ပြည် အရပ်ရပ်ရှိ စေတီတော်များကို ဖူးမြော်သည့်တိုင်အောင် ဤဘုရားလောက် အာရုံရောက်နိုင်မည် မဟုတ်ပါ။ ဤဘုရားကြီးမှာသာ ကြည်ညိုသဒ္ဓါ လွှန်ကဲစွာပေါ်ပေါက်ရကြောင်းပါ ဘုရား"

"ဘုရားချင်း အတူတူ ကြည်ညိုသူများက စိတ်ထားသာလို့ရင်း မဟုတ်ပါလား မင်းကြီး"

"မှန်လှပါ၊ လူတို့သဘော ကြည်ညိုသူစိတ်ထားလွဲ၍ ကွဲပြားရခြင်းပါဘုရား၊ ပုံဆောင်၍ လျှောက်တင်ပါဦးမည်"

"ရှေးအခါက ကျေးတောသား လူငယ်တစ်ဦးသည် တစ်ခါတစ်ရံမှမရောက်ဖူးသော မင်းနေပြည်ကြီးကို ရောက်လာရာ ရွှေအတိ ဖြင့်ပြီးသော စေတီကြီးများ၊ ကြီးကျယ်လှစွာသော တန်ဆောင်း၊ ပြာသာဒ်တို့ကို တွေ့မြင်ရလေလျှင်

www.burmeseclassic.com

www.burmeseclassic.com

"ဩော် ရွှေမြို့တော်ကြီးဟူသည်မှာ များစွာပင် ခမ်းနားကြီးကျယ် တင့်တယ်လှပေသည်။ အရာရာမှာ မြေကြီးက ရွှေတောင်ကြီးများ ပေါက်သည့်နှယ် ရွှေစေတီကြီးများကလည်း အံ့ချီးမကုန်နိုင်အောင် ရှိပါတော့သည်၊ ငါတို့ရွာမှာ ဘုရားဆိုလို့သာ ကုသိုလ်ရအောင် ဦးချလိုက်ရသည်။ ရွှေဆိုလို့ တစ်ရွေးသားမျှ မရှိ"ဟု ကလေးတို့ဘာဝ တွေးတော ကြံဆမိလေသည်။

ကျေးတောသား လူငယ်ကလေးမှာ မြို့တော်က ပြန်လာပြီး ရွာကိုရောက်၍ မကြာမီ မိခင်ဥပုသ်ဆောက်တည်ရန် ကျောင်းသို့ သွားရာ၊ သားကိုပါ ခေါ်သွားလေသည်။ ကျောင်းသို့ရောက်လျှင် ကျောင်းတွင်းရှိ ဘုရားများကို မိခင်က ဦးချရာ သားက ဦးမချဘဲ နေသဖြင့်

"ဘုရားကို ဦးချလေ၊ ကုသိုလ်ရသည်"ဟုဆိုလျှင် သားငယ်က

"အမေသာ ဦးချပါ၊ ရွှေမြို့တော်က ပြန်လာကတည်းက အမှေ့သားတောဘုရားကို ဘုရားလို့မထင်၊ ရွှေစင်တစ်ပဲသားမှမရှိ၊ ရွှေမြို့တော်က ဘုရားတွေသာ စိတ်ထဲကို ရည်မှန်းပြီး ကြည်ညိုပါတော့မယ်"ဟု ဆိုပါသတဲ့ ဘုရားဟု လျှောက်ထားလေသည်။

ဘကြီးတော်ဘုရားက–

"အခု မင်းကြီးလျှောက်တင်ကာ ပုထိုးတော်ကြီး ဖူးမြော်ပြီးလျှင် တခြားက ဘုရားများ ဖူးမြော်မရလို့ ဆိုလိုတာပေါ့၊ တကယ်ပဲ ကြံဖန်ပြီး လျှောက်တင်တတ်ပါပေရဲ့"ဟု မိန့်ကြားတော် မူလေသတည်း။

# နတ်ဝတ်ပုဆိုး တိမ်မီးခိုး

ဘကြီးတော်မင်းတရား၏ ညီတော် သာယာဝတီမင်းသည် နေပြည်တော်အင်းဝမှ သာယာဝတီမြို့သို့ ကြွချီတော်မူရာ၊ မင်းသားအားများစွာသော သား,ငါးဟင်းလျာတို့ဖြင့် တည်ခင်းညှော်ခံကြရာ၊ သာယာဝတီမင်းသည် ကြက်ဟင်းခါးရွက် အစိမ်းနှင့် ငါးပိတို့ကို များစွာ ခံတွင်းတွေ့ကာ သုံးဆောင်တော် မူလေသည်။

ထို့နောက် ဝန်ကြီး, မှူးကြီး မတ်ကြီးတို့အား ဆက်လက်တည်ခင်းကျွေးမွေးရာ သာယာဝတီမင်းသည် မင်းကြီး ဦးပေါ်ဦးတို့ စားပွဲနားတွင် ရပ်လျက် ကြည့်ရှုတော်မူပြီး–

"မင်းကြီးတို့ ကြက်ဟင်းခါးရွက် အစိမ်းနှင့် ငါးပိချက်ကို တို့မြုပ်စားက များစွာအရသာတွေ့မည်။ အကြောင်းမသိလျှင် ခါးလိမ့်မည်ထင်ရသည်။ စားကြည့်လျှင် မတော်ချင်အောင် ရှိလိမ့်မည်။ စားကြည့်ကြစမ်းပါ"ဟု တိုက်တွန်းနေသဖြင့် မင်းကြီးများလည်း "အားနာပါးနာ စားကြလေရာ၊ များစွာမှ ခါးလှသဖြင့် ကြိတ်၍ မျိုးချကြရတော့သည်။ မင်းသားက ဤတွင် မနားရသေး–

"ကောင်းတယ် မဟုတ်လား"

"ကောင်းပါတယ်ဘုရား"

ဟု မင်းသားအကြိုက် အလိုက်သင့် ပြောသည်ကိုပင် မင်းသားက တကယ်ပင်မှတ်ထင်ကာ ကြက်ဟင်းခါးရွက်ကို ထပ်မံ၍

www.burmeseclassic.com

www.burmeseclassic.com

ထည့်ခိုင်းပြန်ရာ မင်းကြီးတို့မှာ ထမင်းကိုပင် အပြီးတိုင် မစားဘဲ ထမင်းပွဲမှထ၍ သွားကြပြီး မင်းသားအနီး၌ ခစားရာ အခါးမပျောက်သောကြောင့် တစ်ယောက်နှင့်တစ်ယောက် ကြည့်၍ ပြုံးကြလေသည်။ ထိုသို့ပြုံးကြသည်ကို မင်းသားမြင်သောအခါ–

"မင်းကြီးတို့၊ ဘာကို ပြုံးကြသနည်း"

ဟု မေးလေလျှင် အဘယ်သူမျှ မလျှောက်ထားဝံ့ကြသောကြောင့် ဦးပေါ်ဦးကပင်–

"မှန်လှပါ၊ နတ်ဝတ်ပုဆိုး တိမ်မီးခိုးဆက်သသည့် ပုံပြင်ကို သတိရကြ၍ ပြုံးကြခြင်း ဖြစ်ကြောင်းပါ"ဟု သံတော်ဦးတင်လေသည်။ မင်းသား–

"နတ်ဝတ်ပုဆိုး တိမ်မီးခိုး ပုံပြင်က ဘယ်လိုများလဲမင်းကြီး"ဟု မေးတော်မူရာ–

မှန်လှပါ၊ ရှေးအခါက တောတွင်းသားတစ်ဦးက ကြံစည်စိတ်ကူးသည်မှာ ဘုရင်မင်းမြတ်ထံ လိမ်လည်လျှောက်ထား၍ ယုံကြည်ပါက ဆုလာဘ်များစွာ ရလိမ့်မည်ဟု အကြံပြုကာ ဘုရင်မင်းမြတ်ထံ ဝင်၍–

"မှန်လှပါ၊ နေပြည်တော်ကြီး၏ အရှေ့ဘက်ရှိ ညောင်ပင်ကြီးက ရုက္ခစိုးမင်းက မှာကြားလိုက်ပါသည်။ ဘုရင်မင်းမြတ်အား နတ်ဝတ်ပုဆိုး တိမ်မီးခိုးကို ဆက်သလိုပါ၍ နက်ဖြန်နံနက် မင်္ဂလာအခါမြတ်တွင် ရွှေကလပ်နှင့်မှူးမတ်တို့ကို စေလွှတ်လိုက်ပါ။ ထိုနတ်ဝတ်ပုဆိုး တိမ်မီးခိုးမှာ ဘုန်းတန်ခိုးရှိသောသူမှသာ မြင်သင့်မြင်ထိုက်ပါသည်။ ဤနတ်ဝတ်ပုဆိုးကို ဝတ်၍ ကြည့်ရှုပါလျှင် ရာထူးနှင့် မထိုက်တန်၊ လိမ်ညာဝါဖြန်းကာ လစာရိက္ခာတော်များကို မတရားစားသောက်နေကြသူများသည် ဤနတ်ပတ်ပုဆိုး တိမ်မီးခိုးကို



မြင်ရမည် မဟုတ်ပါဟု ရုက္ခစိုးမင်းက မှာကြားလိုက်ပါကြောင်း" သံတော်ဦး တင်လေလျှင် ဘုရင်ကြီးမှာ များစွာအားရ ဝမ်းသာဖြစ်ပြီး အကျိုးအကြောင်းကို မှူးမတ်များအား ပြောပြမှာကြား၍ နောက်တစ်နေ့ နံနက်တွင် ရွှေကလပ်နှင့် နတ်ဝတ်ပုဆိုးကို ရုက္ခစိုး၏အထံမှ တောင်းချေဟု စေလွှတ်လိုက်လေသည်။

ဘုရင်ကြီးမှာသည့်အတိုင်း မှူးမတ်တို့သွား တောင်းခံကြလေရာ ညောင်ပင်ရောက်၍ အတန်ကြာသည့်တိုင်အောင် ဘယ်ရုက္ခစိုးမှ ပေါ်မလာ၊ ရွှေကလပ်ပေါ်မှာလည်း ဘာမျှမရှိ သို့သော် ကျေးတောသား လူညာက အားရပါးရ အော်ဟစ်ပြီး–

"အမယ်လေး လှလိုက်တဲ့ အဆင်ပါဘုရား၊ နူးညံ့လိုက်တဲ့ အသား၊ နတ်ဝတ်ပုဆိုးဆိုတာများ ဒီတစ်ခါသာ မြင်ဖူးပါတယ်ဘုရား"

ဟု လက်ခုပ်လက်ဝါးတီးကာ ပြောကြားလေလျှင် မှူးမတ်အများ ထိတ်လန့်တကြား မိမိတို့ မမြင်ရသည်ကို မမြင်ရဟု ပြောလျှင် ရာထူးမှ ပြုတ်တော့မည်ဟု ထင်မြင်သည့်အလျောက် ရွှေကလပ်ကိုင် ဝန်ကြီးကစ၍ မြင်လေဟန် တအံ့တသြ တောတွင်းသား ပြောသည့်အတိုင်း ရောပြောဆိုပြန်လေရာ၊ ကျန်သောမှူးမတ်အများတို့လည်း မိမိတို့ လစာရိက္ခာတော် လိမ်စားနေသူများ ဖြစ်မည်ဆိုပြီး သံယောင်လိုက်ကာ နတ်ဝတ်ပုဆိုး တိမ်မီးခိုး၏ အသားနူးညံ့လှကြောင်း၊ အဆင်မှာ တစ်ခါမျှ မမြင်ဖူးအောင် လှပကြောင်း ဘုရင်မင်းမြတ် ဘုန်းတန်ခိုးကြောင့်သာ ရုက္ခစိုး ဆက်သရကြောင်းတို့ကို ချီးမွမ်းထောပနာ ပြုကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ကြီးကလည်း အများကမြင်၍မှ ဘုရင်ကိုယ်တိုင် မမြင်ရလျှင် ညံ့ရာကျတော့မည်။ ဘုရင်၏ နေရာမှာပင် မထိုက်တန်ဟုဆိုကာ နန်းတော်မှ ဆွဲချတော့မည်ဟု စိုးရိမ်မကင်းဖြစ်ကာ ဘာမျှမရှိသော နတ်ဝတ်ပုဆိုး တိမ်မီးခိုးကိုပင် တကယ်ရသည့်အသွင်ရွေကလပ်ပေါ်မှ ယူဟန်ပြုပြီး-

"မောင်မင်းများ၊ ကိုယ်တော်မြတ်ရဲ့ နတ်ဝတ်ပုဆိုး တိမ်မီးခိုးကို ငါ့ဘုန်းတန်ခိုးကြောင့် ရရှိပေသည်"ဟု မိန့်တော်မူပြီးသည့်နောက်

"အဆင်ကလေးက မကောင်းဘူးလားကွယ့်"

"ကောင်းပါတယ်ဘုရား"

"အသားကလေးကကော မကောင်ဘူးလား"

"ကောင်းပါတယ်ဘုရား"ဟု လျှောက်ကြားကြ၍

ဝတ်ရင်းစွဲ ပုဆုးကိုချွတ် နတ်ဝတ်ပုဆိုးကို ဝတ်ဆင်တော်မူဟန်ပြုပြီး

"မင်းကြီးတို့ ယခု ငါ၏နတ်ဝတ်ပုဆိုးတန်ဆာကို မြင်ကြပြီးမဟုတ်လော"ဟု ရယ်၍ ပြတော်မူ၏။

မှူးမတ်သေနာပတိတို့လည်း ပုဆိုးမရှိ၊ ကိုယ်လုံးတော်ချည်းဟာလာဟင်းလင်း နေသည့်ကို မကြည့်ဝံ့ကြဘဲ အောက်သို့ ငုံ့၍ပြုံးလျက်သား နေကြရပါသည်။

ယခုလည်း အရှင်ဘုရား၏ ကြက်ဟင်းခါး အစိမ်းရွက်သည်ခါးချက်အလွန်ဆိုးသော်လည်း တိမ်မီးခိုး နတ်တန်ဆာကို ကောင်းပါသည်ဘုရားဟု မှူးမတ်များ အလိုလိုက်၍ အကြိုက်ကို တင်ရသကဲ့သို့ အရှင့်ကို ရွံသောကြောင့် စွန့်၍သာ စားကြရပါသည်။ ခါးချက်က



ယခုတိုင်အောင် လျှာရင်းမှ စွဲနေပါသဖြင့် ကျွန်တော်မျိုးတို့မှာ တိမ်မီးခိုးဖြစ်ပုံနှင့် အလုံးစုံ တူလှပါ၍ ပြုံးရယ်ကြပါသည်ဘုရား"ဟု အမတ်ကြီး ဦးပေါ်ဦးက တင်လျှောက်သည့်အခါ သာယာဝတီမင်းသားက-

"စားစေချင်၍ ပြောမိသည်မှာ တိမ်မီးခိုး ဥပမာထက် ဆိုး၍သာ နေတော့သလား မောင်မင်းများ"ဟု ပြောရင်း တသောသောရယ်မောကြလေသတည်း။



www.burmeseclassic.com

www.burmeseclassic.com

# ကြိမ်ခက်တေန ဗူတေန

တစ်နေ့သော ညီလာခံတွင် ဘိုးတော်ဦးဝိုင်းသည် ယမန်နေ့က စဉ်းစားမိသော အချက်တစ်ခုကို အမတ်ကြီး ဦးပေါ်ဦးအား မေး၍ ပျော်တော်ဆက်စေမည်ဟု ကြံရွယ်ရင်း ရှိတော်မူသည့်အလျောက်–

"ပေါ်ဦး ကြိမ်ခက်တေန ဗူတေန၊ သုရာပါနော သက္ကော– ဘဝိဿတိ၊ ပါဠိကိုအနက် ပြန်ကြည့်ရာတွင် ကြိမ်ခက်တေနကြိမ်ဖြင့် ခက်သော၊ ဗူတေန–ဘူးဖြင့်၊ သုရာပါနော–သေအရက်သောက်သောသူသည်။ သက္ကော–သိကြားမင်းသည်။ ဘဝိဿတိ– ဖြစ်လတ္တံ့ရယ်လို့ အဓိပ္ပာယ်ရပါတယ်၊ အဲဒီတော့ ငါစဉ်းစားမိတာက အိုးခွက်ဖလားစသည်များနဲ့ အရက်ကို သောက်တတ်သူများဟာ သိကြားမင်း မဖြစ်နိုင်၊ ကြိမ်ခက်တေန–ဗူတေနဆိုတဲ့ ပါဠိအရ ကြိမ်ခက်တဲ့ဘူးနဲ့ သူရာအရက်ကို သောက်မှသာ သိကြားမင်း ဖြစ်နိုင်တယ်လို့ ဆိုထားတဲ့ စကားကို ပေါ်ဦးက ဘယ်လိုများ ဆင်ခြေပေးချင်သေးသလဲကွယ်"



ဦးပေါ်ဦးသည် ဘိုးတော်မင်းတရား အပျင်းတော်ပြေစေရန် ပျော်တော်ဆက်စေလို၍ ဤသို့သောစကားကိုစ၍ လာသည်ကို သိသည့်အလျောက် လျင်မြန်သော ဇဝနဉာဏ်ဖြင့် ရုတ်တရက် တင်လျှောက်သည်မှာ–

"ဘုရား ကျွန်တော်မျိုး မှတ်သားဖူးသည် အကြောင်းအရာ အဖြစ်အပျက်နှင့်တကွ ပါဠိစကားမှာ ကြိမ်ခက်တေန၊ ဗူတေန သုရာပါနော၊ ယမောဘဝိဿတိရယ်လို့ လာရှိပါတယ်ဘုရား၊ ကြိမ်ခက်တေန– ကြိမ်ဖြင့်ခက်သော၊ ဗူတေန–ဘူးဖြင့်၊ သုရာပါနော– အရက်ကို သောက်သောသူသည်၊ ယမော–ယမမင်းသည်၊ ဘဝိဿတိ– ဖြစ်လတ္တံ့လို့ အဓိပ္ပာယ်လာရှိပါတယ်ဘုရား၊ အကြောင်းအရာ ဇာတ်ပွတ်ကတော့ တစ်ချိန်တစ်ခါမှာ သေရှည်အရက် အမြဲသောက်စားမှုးယစ်လေ့ရှိတဲ့ သူတစ်ယောက်ဟာ သေလွန်ပြီးနောက် ယမမင်းထံမှောက် ရောက်လို့လာပါတယ်၊ ဒီအရက်သမားဟာ ယမမင်းထံမှောက် မကြာခဏ ရောက်လာလို့ ယမမင်းက မှတ်မိနေပါတယ်၊

ဒီတော့ ယမမင်းက စဉ်းစားပါတယ်ဘုရား၊ ဒီအရက်သမားကို မကြာခဏ အပြစ်ပေးသော်လည်း အမှတ်မရှိ၊ ပြန်ပြီးသောက်လို့ ငရဲပြည်ကို ထပ်တလဲလဲရောက်လာတာ။ ဒီတစ်ခါတော့ ငရဲပြည်မှာ သက်တမ်းရှည်ရှည် အပြစ်ပေးထားမှ ကောင်းလိမ့်မည်လို့ စဉ်းစားပြီး အရက်သမားကို ယမမင်းက ပြောပါတယ်ဘုရား၊ ငါသည် ယမမင်းဘဝတွင် အိုမင်းရင့်ရော်နေပြီ၊ မကြာမီ စုတေတော့မည်၊ ငါ့တွင်သားထောက် သမီးခံလည်း မကျန်ရစ်သဖြင့်ငါ့အမွေကို သင်သာလျှင် ဆက်ခံလေတော့ဟု ယမမင်းက ရာထူးလွှဲပေးပြီး စုတေသွားသည်အခါ

www.burmeseclassic.com

www.burmeseclassic.com

ကြိမ်ခက်ဖူးနဲ့သောက်တဲ့ အရက်သမားဟာ တစ်ခါတည်း ယမမင်း အဖြစ် ရရှိသွားပါတယ်ဘုရား၊ ဒါကြောင့် ဘုရားကျွန်ဝန် ပေါ်ဦး ကျက်မှတ်ဖူးတဲ့ (ကြိမ်ခက်တေန ပူတေန သုရာပါနော ယမော ဘဝိဿတိ) စာအရှိ စကားသာလျှင် အမှန်တရားဖြစ်မည် ထင်ပါ ကြောင်း"ဟု လျှောက်ထားလေ၏။



# နဂါးမင်း ဘုရားပင့်ပုံဖြင်

တစ်ရံရောအခါ ဘုရင်မင်းတရားကြီးသည် စစ်ကိုင်းဘက်၌ ကိန်းဝပ်တော်မူသော ရုပ်ပွားဆင်းတုတော်တစ်ဆူကို အမရပူရ ရွှေမြို့တော်သို့ ပင့်ဆောင် ကိုးကွယ်တော်မူလိုသောဆန္ဒကြောင့် ဝန်ကြီး၊ မှူးကြီး၊ အတွင်းဝန်တို့ ကြီးကြပ်၍ လှေတော် လှေကား၊ ကုက္ကား, တံခွန် အမွှန်းမွှန်းအမြတ်မြတ် အိုးစည်ဗုံမောင်း ငြိမ့်ညောင်း သာယာစွာဖြင့် ပင့်ဆောင်တော်မူခဲ့ရန် အမိန့်တော်မြတ် ချမှတ်သည့် အလျောက် ဝန်ကြီး၊ အတွင်းဝန်တို့က ကြီးကြပ်ကာ ရုပ်ပွားတော်ကို စစ်ကိုင်းဘက်ကမ်းမှ ပင့်ဆောင်တော်မူလာရာ ရောဝတီမြစ်လယ်တွင် လေပြင်းမုန်တိုင်းကျပြီး လှေဖောင်တော်ပျက်စီး၊ လူပေါင်းတစ်ရာကျော် ပါ ရေနစ်သေဆုံးရပြီး ရုပ်ပွားတော်ကြီးလည်း မြစ်အတွင်းသို့ သက်ဆင်း နစ်မြုပ်သွားလေသတည်း။

ပင့်ဆောင်တော်မူလေသော ရုပ်ပွားတော် ရေတွင်နစ်မြုပ်သည့် အကြောင်းကို ဘိုးတော်ဘုရား သိတော်မူပါက တာဝန်ရှိကြသော ဝန်ကြီး၊ အတွင်းဝန်နှင့်တကွ များစွာသော အမှုထမ်း အရာထမ်းတို့မှာ ရာဇဝတ်ပြစ်ဒဏ် ခံရတော့မည့်သေဘာကို ကြောက်ရွံ့ကြသည့် အလျောက် အမတ်ကြီး ဦးပေါ်ဦးအား အပြစ်ဘေးမှ ချမ်းသာရအောင် ဘုရင်မင်းမြတ်ထံ လျှောက်ထားပေးပါရန် လာရောက် တောင်းပန် ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးပေါ်ဦးသည် ဘိုးတော်ဦးဝိုင်းရှိရာ စံနန်းတော်ကို ဝင်ရောက်ခစားပြီး လျှောက်ထားသည်မှာ

"မှန်လှပါ၊ ရွှေဘုန်းတော်ကျွန်ဝန် ငပေါ်ဦး အထူးသံတော်ဦးတင်လိုပါ၍ ရွှေနားဆင်တော်မူပါဘုရား၊ အစိန္တေယျ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး၍ နေတော်မူသည့်ကာလ ဝေသာလီပြည်၌ ကပ်သုံးပါး ဆိုက်ရောက်၍ မြတ်စွာဘုရားထံ ကယ်မတော်မူပါရန် ပင့်လျှောက်ကြသဖြင့် ဝေသာလီပြည်သို့ ကြွရောက်သောအခါ မြတ်စွာဘုရား၏ တန်ခိုးအာနုဘော်တော်ကြောင့် တစ္ဆေ, မြေဖုတ်ဘီလူးတို့ကို နှင်ထုတ်ငြိမ်းအေး ဝေသာလီပြည်ကြီးကို ဘေးကင်းစေပြီးနောက်၊

ရာဇဂြိုဟ်ပြည်သို့ ပြန်လည်ကြွချီလာရာ မြစ်ဆိပ်သို့အရောက်တွင် ဂင်္ဂါမြစ်ကို စောင့်ရှောက်ရသော နဂါးသည် မြတ်စွာဘုရားကို နဂါးပြည်သို့ပင့်ဆောင်ပြီး ခမ်းနားစွာပူဇော်၍ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူရန် မြတ်စွာဘုရားထံ လျှောက်ထားမှ သင့်မည်ဟု ကြံစည်ပြီးလျှင် မြတ်စွာဘုရား ကြွချီတော်မူရာ ဂင်္ဂါမြစ်အရောက် လျှောက်ပတ်ပင့်ဆောင်လေသဖြင့် မြတ်စွာဘုရားသခင်သည် သတ္တဝါအများကို ကယ်မတော်မူလိုသော မေတ္တာတော် အဟုန်ကြောင့် နဂါးမင်း လျှောက်ထားချက်ကို သည်းခံတော်မူပြီး နောက်ပါသံဃာတော် ငါးရာနှင့်တကွ နဂါးပြည်၌ ညဥ့်သုံးယံပတ်လုံး တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူ၍ နံနက်ဆွမ်းစားပြီးမှ လူ့ပြည်ရွာသို့ ပြန်လည်ကြွလာတော်မူသည်ကို ကျမ်းဂန်၌ အထင်အရှားရှိပါသည်"



"ယခုလဲ အရှင်မင်းမြတ်က ဝန်ကြီး၊ အတွင်းများအား ဘုရားပင့် စေလွှတ်တော်မူသည့်အတိုင်း စစ်ကိုင်းမြို့က ပင့်ဆောင်၍ အလာတွင် အလယ်အရောက်မှာ ဘောဂဝတီနဂါးပြည်က မြတ်စွာဘုရား ကိုယ်ပွားဆင်းတုတော်ကို ပူဇော်လိုသည့် ဆန္ဒအားကြောင့် နောက်ပါတပည့်သား လူတစ်ရာနှင့်တကွ အတင်းအဓမ္မ ပင့်ဆောင်၍ သွားပါကြောင်း ရှိခိုးသံတော်ဦး တင်အပ်ပါကြောင်း"ဟု လျှောက်ထားလေလျှင် ဘိုးတော်ဘုရားသည်

"ယခု ငါ့အား တင်လျှောက်သည်မှာ လူတစ်ရာနှင့်တကွ ရေထဲသို့ ဆင်းတုတော် ကျသွားဟန်ရှိပြီ"ဟု သိမြင်တော်မူပြီး သက်ပြင်းချကာ "ရေထဲတွင် နစ်ရသည့် လူတစ်ရာ၏ ကျန်ရစ်သူများကို ဆုတော်ချီးမြှင့်၍ ကောင်းမှုကုသိုလ်များ ပြုပါဘိ"ဟု အမိန့်တော် ရှိလိုက်သဖြင့် တာဝန်ရှိသော ဝန်ကြီး၊ အတွင်းဝန်တို့မှာ ရာဇဝတ်ဘေးမှ ကင်းဝေးကြရသဖြင့် အမတ်ကြီး ဦးပေါ်ဦးအပေါ် ကြည်ညိုမဆုံး ဝမ်းမြောက်၍မဆုံး ရှိကြရလေသတည်း။




www.burmeseclassic.com

www.burmeseclassic.com

# မှန်ကန်း ပုံပြင်

ဘိုးတော်ဘုရားသည် အမရပူရ ရွှေနန်းတော်သစ်ကြီးကို တည်ဆောက် ဖန်ဆင်းတော်မူမည်ဟု ကြံရွယ်ရင်း ရှိတော်မူသည့် အတိုင်း သစ်တောဝန်၊ သစ်စာရေးတို့အား နန်းတော်ဆောက်ရာတွင် အသုံးပြုရန် ကောင်းပေ့ညွန့်ပေ့ဆိုသော သစ်တို့ကို ရွေးချယ်စေခြင်း၊ နန်းတော်သစ် တည်ဆောက်မည့် မြေနေရာကို သုတ်သင်ရှင်းလင်း စေခြင်းတို့ကို ပြုလုပ်စေသည်သာမက၊ နန်းတော်တိုင်စိုက်ထူရန် ရက်ကောင်းရက်မြတ်တို့ကို ရွေးချယ်စေပြန်သည်။

နန်းတော်ဆောက်ရန်အလုံးစုံ ပြည့်စုံစေရန် ဆောင်ရွက်တော်မူပြီးနောက်၊ ဝန်ကြီး၊ အတွင်းဝန်၊ ပုဏ္ဏားပညာရှိ၊ လူပညာရှိစသည်ဖြင့် ပညာစုံစုံလင်လင် ညီလာခံသဘင်ကို ဆင်ယင်တော်မူပြီး အမတ်ကြီး ဦးပေါ်ဦးအား မေးတော်မူသည်မှာ–

“ပေါ်ဦး ယခုငါကိုယ်တော်မြတ်ကဲ့သို့ ရှေးရှေးသောမင်းတို့ နန်းတော်ဆောက်သောအခါတွင် သစ်ကောင်းများ ရွေးချယ်ရာ၌ ဘယ်ကဲ့သို့ ရွေးချယ်ကြသနည်း၊ ထုံးဟောင်းမူဟောင်းများသိက တင်လျှောက်စေ”ဟု အမေးတော်ရှိ၏။ အမတ်ကြီးဦးပေါ်ဦးလည်း မဆိုင်းမတွပင်–



“ဘုန်းတော်ကြောင့် ပေါက္ကံပြည်ရှင် ဘုရင်အနော်ရထာသည် ပုဏ္ဏားပညာရှိတို့နှင့် သစ်ဆွေး၊ ခွံဝှက်၊ ခေါင်၊ သက်၊ အမျက်လေးပါး မပါဝင်စေရန် နန်းတော်သစ် ရွေးချယ်ခဲ့ပါသည်ဘုရား၊ ယင်းကဲ့သို့ သစ်ရွေးချယ်နေစဉ် လက်ယာဘက်မျက်စိကန်းနေသော သာမဏာ မှန်ကန်းရောက်လာပြီး တိုင်တစ်တိုင်တွင် အခေါင်း၌ စလောင်းခန့် ကြီးသော ဖားပြုတ်ရှိသည်ဟုဆို၍ ကြည့်ရာ၊ မှန်ကန်း ဟောတိုင်း တွေ့ခဲ့ဖူးကြောင်း ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား”ဟု တင်လျှောက် လျှင် ဘိုးတော်ဘုရားက–

“မောင်မင်းသံတော်ဦးတင်သော ပုဏ္ဏားပညာရှိနှင့် လက်ယာ ကန်းတို့အကြောင်း ငါ့အား ပြည့်ပြည့်စုံစုံ သံတော်ဦးတင်စေ”ဟု အမိန့်တော်ရှိ၏။

ထိုအခါ အမတ်ကြီး ဦးပေါ်ဦးက “ဘုန်းတော်ကြောင့် အရိမဒ္ဒနာမည်သော ပေါက္ကံပြည် ဘုရင်နော်ရထာမင်း လက်ထက် မင်းဆရာဖြစ်သော ပုရောဟိတ် ပုဏ္ဏားမယားဖြစ်သူ ပုဏ္ဏေးမဝမ်း၌ ပဋိသန္ဓေတည်နေစဉ် တစ်နေ့သ၌ ပုဏ္ဏေးမအိပ်မက် မြင်မက်သည်မှာ (၁) ဝမ်းတွင်းကသား လက်ယာကန်း ဖွားလိမ့်မည်။ (၂) ထိုလက်ယာ ကန်းသားသည် အဖပုဏ္ဏား၏လျှာကို ဓားနှင့် လှီးဖြတ်သည်ဟု မြင်မက်လေသည်။

ပုရောဟိတ် ပုဏ္ဏားကြီးလည်း ထိုအိပ်မက်သည့်အမှန်အတိုင်း ဖြစ်မည်ဟု ဟောကိန်းထုတ်ကာ ပဋိသန္ဓေ ပျက်စီးစေရန် သုံးကြိမ်သုံးခါ ဆေးများတိုက်ကျွေးခဲ့သော်လည်း ပဋိသန္ဓေပျက်စီးမသွားဘဲ လရင့်နေ သောအခါ အမှန်ပင် လက်ယာကန်း သားယောကျ်ားကလေးကို

www.burmeseclassic.com

www.burmeseclassic.com



မွေးဖွားခဲ့သည်။ ပုဏ္ဏားကြီးလည်း ဤသူငယ်ကြီးပြင်းလာလျှင် ရန်ပြုမည့်အရေးကို စိတ်မအေးဘဲလက်ယာကန်း သားငယ်အား ငှက်ပျောဖောင်တင်၍ မြစ်တွင် မျှောလိုက်လေသည်။

လက်ယာကန်း သူငယ်သည် ရေတွင်မျောပါ၍ သီဟိုဠ်ကျွန်းသို့ ရောက်လေလျှင် သူ့အိုလင်မယားတို့က ဆယ်ယူမွေးစားထားကြ၏။ လက်ယာကန်းသားသည် တဖြည်းဖြည်းကြီးပြင်းလာပြီးနောက် အသက် တစ်ဆယ့်ခြောက်နှစ်ရောက်သောအခါ ပညာသင်၍ ဗေဒင်ဟူးရာအတတ်တွင် တစ်ဖက်ကမ်းခတ်အောင် တတ်ကျွမ်းလာလေသည်။

ထိုလက်ယာကန်းသားသည် သာမဏေပြု၍ နေပြီးနောက် နေရင်းပေါက္ကံပြည်သို့ ပြန်လိုစိတ် ပြင်းပြလာလေရာ၊ မွေးစားမိဘနှစ်ပါးနှင့် ဆရာထံခွင့်ပန်ပြီးနောက် သီဟိုဠ်မှတစ်ဆင့် ဆိပ်ဖြူချင်းတောင်သို့ ကြွလာပြီး ရွာသူကြီးအိမ်၌ ဆွမ်းရပ်လေသည်။ ထိုအခိုက် ရွာသူကြီး ဖြစ်သူမှာလည်း နွားပျောက်နေခိုက်နှင့် ကြုံလေရာ သာမဏေအား ဆွမ်းမလှူနိုင်အားပါ။ နွားပျောက်၍ ရှာရဦးမည်ဟုဆိုသည်။ သာမဏေကလည်း ခရီးသွား အာဂန္တုဖြစ်၍ ဆွမ်းကိုသာကျွေးပါ။ နွားပျောက်ကိုတွေ့အောင် ဗေဒင်ဟောပေးမည်ဟု ဆိုလေသည်။

ရွာသူကြီးလည်း နွားပျောက်ကို တွေ့မည်ဆို၍ သာမဏေအား ဆွမ်းကျွေးလေသည်။ ဆွမ်းကိစ္စပြီး၍ သာမဏေက ဗေဒင်အတတ်နှင့် နွားရှိရာအရပ်ကို ဟောလိုက်ရာ ရွာသူကြီးလည်း အားရဝမ်းသာ လိုက်သွားပြီး နွားပျောက်ကို ရှာလေသည်။ သာမဏေ ဟောလိုက်သည့် အတိုင်း တွေ့၍ သာမဏေအား သဒ္ဓါပွားကာ အခြားသို့ မကြွပါနှင့် ငွေခုနစ်တင်းနှင့် အိမ်လေးထောင့်ကို နင်ပါမည်ဟု တားသော်လည်း



သာမဏေက မနေဘဲ စဥ့်ကူသို့ အပို့ခိုင်းလေသည်။ ရွာသူကြီးလည်း တားမရသည့်အဆုံး သာမဏေအား စဥ့်ကူသို့ လိုက်ပို့ရလေသည်။ သာမဏေလည်း စဥ့်ကူသို့ရောက်၍ ကျောင်းတစ်ဆောင်ဖွင့်ဝင်ရောက် တည်းခိုနေစဥ် မိန်းမ ခုနစ်ဦးရောက်လာပြီး ဆရာတော်အား တပည့်တော်မတို့ လင်ယောက်ျားများ တစ်ပါးအရပ်မှာ စီးပွားသွားရှာကြရာ ပြန်ရောက်ချိန်တန်သော်လည်း ပြန်မရောက်၍ ဗေဒင်တွက်ချက်ကြည့်ရှုပေးပါရန် လျှောက်ထားလေသည်။

ဆရာတော်လည်း "သင်တို့၏ လင်သားခင်ပွန်းတို့ တစ်ပါးအရပ်မှာ ဒုက္ခတွေ့နေကြသည်"ဟု ဟောလိုက်၏။ လက်ယာကန်း သာမဏေက ဆရာတော် သေသေချာချာ စဉ်းစားဟောရန် ဝင်ရောက်တိုက်တွန်းလေလျှင် ဆရာတော်က "ငါသည် ဤမျှလောက်သာ ဟောနိုင်သည်၊ သင် အတတ်ဟောနိုင်လျှင် ဟောပြောလိုက်ပါ"ဟု ခွင့်ပြုလိုက်ရာ သာမဏေက ဒကာလေးယောက်ကား လှေမှောက်၍ ဆုံးပြီ၊ ဒကာသုံးယောက်မှာ နက်ဖြန်တွင် ရောက်လာလိမ့်မည်ဟု ဟောလိုက်၏။

လက်ယာကန်းသာမဏေ ဟောလိုက်သည့်အတိုင်း နောက်တစ်နေ့တွင် လူသုံးယောက် ပြန်လာပြီး၊ ကျန်လူလေးယောက် လှေမှောက်၍ ဆုံးကုန်ကြောင်း အမှန်သိရလျှင် ဆရာတော်က "တပည့်ကား ဆရာဖြစ်၍၊ ဆရာကား တပည့်ဖြစ်စို့ဖို့ ကောင်းသည်၊ ငါ့ကျောင်းမှာ နေပါဟု" တားလေ၏။ သို့ရာတွင် ပေါက္ကံသို့သာ ကြွလိုသော ပေါက္ကံသား လက်ယာကန်း သာမဏေသည်စဥ့်ကူမှ ပေါက္ကံသို့ ကြွလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် အနော်ရထာ ဘုရင်က နန်းတော်အသစ်ဆောက်လုပ်ရန် စီမံနေခိုက်နှင့်ကြုံလျှက် ပုဏ္ဏားကြီး တစ်ယောက်က သစ်ရွေးနေလေရာ သာမဏေလည်း အနီးအပါးမှ ကြည့်နေသည်။

ဘုရင်မင်းမြတ်က ပုဏ္ဏားကြီးအား သစ်ကောင်းများ ရွေးချယ်ပြီး,မပြီး မေးလေရာ ပုဏ္ဏားကြီးလည်း ရွေးချယ်ပြီးပြီဖြစ်ကြောင်း ပြန်လည်လျှောက်တင်လိုက်၏။ ရှင်သာမဏေ လက်ယာကန်းလည်း မှန်းရမ်း မဟုတ်သော စကားကို သင်ပုဏ္ဏားကြီး အဘယ်ကြောင့် ပြောသနည်း၊ ပုဏ္ဏားကြီး ရွေးသောတိုင်တွင် ရွက်အိုးပမာဏရှိသော အခေါင်း၌ စလောင်းခန့် ဖားပြုတ်ကြီးရှိသည်၊ သင် မသိလေသလောဟု ပြောလေသည်။ မင်းဆရာပုဏ္ဏားကြီးက ရှင်ပျက်ရှင်ဆိုး မလောက်လေး မလောက်စားနှင့် ဘယ်အတွက် ဝင်ရှုပ်ရသနည်းဟု ဆိုလေလျှင် သာမဏေက ရဟန်းတို့မှာ သစ်ခေါက်ဆိုးကိုသာ ဝတ်ရသည်ဟု ပြန်ပြော၏။

ပုဏ္ဏားကြီးလည်း ရှင်ဖုန်းစားသွားလော့ဟုနှင်ပြန်သည်။ သာမဏေလည်း ရဟန်းတို့မှာ တောင်းစားမြဲ ဖြစ်သည်ဟု ချေပ၏။ ပုဏ္ဏားကြီးက သင်စကားအတိုင်း မှန်လျှင် အသပြာတစ်ထောင် လောင်းတမ်းဟု စိန်ခေါ်လိုက်သည်။ သာမဏေကလည်း ငါမှာ ရှင်ဖြစ်၍ ငွေမရှိ၊ ရှာရန်လည်း ခက်ခဲသည်။ ရှုံးသူ၏ လျှာကို ဖြတ်စတမ်းဟု ပြန်လည် စိန်ခေါ်လိုက်သည်။ ပုဏ္ဏားကြီး သဘောတူ၍ တိုင်ကို ကွဲ၍ ကြည့်ကြရာ သာမဏေပြောသည့်အတိုင်း စလောင်းမျှ လောက်သော ဖားပြုတ်ကြီးကို တွေ့ရလေသည်။ ပုဏ္ဏားကြီးလည်း သာမဏေအား တောင်းပန်၍ လျှာကို ခါးနှင့်လှီးဖြတ်ရန် ဆိုင်းငံ့ထားရသည်။



တစ်နေ့၌ နန်းတော် ခေါင်တိုင်စိုက်ရမည်ဖြစ်၍ အချိန်အခါကို ဘုရင်က မေး၍ တွက်ရေးတင်လျှောက်သည်မှာ "မြောက်အရပ်မှ စွန်တစ်ကောင် ငါးကိုချီလာပြီး တစ်နေရာ၌ ချလိမ့်မည်၊ ထိုနေရာတွင် ခေါင်တိုင်စိုက်ထူပါ"ဟု ပုဏ္ဏားကြီးက ဟော၏။ သာမဏေက စွန်တစ်ကောင် ငါးကိုချီလာ၍ ချသောနေရာတွင် စိုက်မည်မဟုတ်၊ ကျသောနေရာမှ တစ်ဆင့်ငါးရောက်ရှိသွားသော နေရာတွင်သာ စိုက်ထူရမည်၊ ငါးသည် ကျသောနေရာမှတစ်ဆင့် ရွေ့ပြောင်းသွားမည်"ဟု ဟော၏။ ပထမအတိုင်း ရှုံးသူလျှာကို လှီးတမ်းဟု လောင်းကြပြန်သည်။

အချိန်စေ့ရောက်၍ မြောက်အရပ်မှ စွန်တစ်ကောင်သည် ငါးအရှင်ကို ချီလာပြီးနောက် တစ်နေရာတွင် ချလိုက်၏။ ငါးအရှင်သည် ပထမကျရာတွင် မနေဘဲ လူးလွန့်လှုပ်ရှားကာ တစ်နေရာသို့ ပြောင်းရွှေ့သွား၏။ လက်ယာကန်း သာမဏေက ပုဏ္ဏားကြီး၏ လျှာကို လှီးဖြတ်မည် ပြုသည်တွင် ပုဏ္ဏားကြီးလည်း ယခင်အတိုင်း ဆိုင်းငံ့ပါရန် တောင်းပန်၍ သာမဏေက လိုက်လျောလိုက်ပြန်သည်။

နန်းတော်ဆောက်၍ ပြီးစီးပြီးနောက် မင်းဆရာတော်ဖြစ်သော ရွှေဥမင်ဆရာတော် ကြွရောက်လာပြီးပုရောဟိတ် ပုဏ္ဏားကြီးအား "ငါ၏ ဇာတာကို တွက်ချက်ပေးပါ"ဟု စေခိုင်းလေရာ ပုဏ္ဏားကြီးလည်း "အသက်ရှည်ပါလိမ့်မည် ဘုရား"ဟု တင်လျှောက်၏။

သာမဏေက "ပုဏ္ဏားကြီး မှန်ကန်အောင် မဟော၊ အလွယ်တကူ ဟောခြင်းပြုသည်။ သူပြောသည့်အတိုင်း မဟုတ်မမှန်၊ ဆရာတော်သည် ဦးခေါင်းကို သံစူး၍ ယနေ့ပင် ပျံလွန်တော်မူလိမ့်မည်"ဟု သာမဏေက အတတ်ဟောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ပုဏ္ဏားကြီးနှင့် သာမဏေလည်း ရေးနည်းအတူပင် လျှာလိုး တမ်း အလောင်းအစားပြုကြပြန်သည်။

ရှေ့မင်းဆရာတော်လည်း သာမဏေငယ်က ယနေ့ပင် သေလိမ့်မည်ဟု ဟောသည်ကို သဘောမကျနိုင်ဖြစ်ကာ သာမဏေအား နှိပ်စက်ရန် အကြံနှင့် အနော်ရထာဘုရင်ထံတွင် သာမဏေအား တောင်းခံလေသည်။ဘုရင်နော်ရထာလည်း သာမဏေ၏ ပညာအစွမ်း အံ့ဘနန်း တွေ့မြင်ထားသည်ဖြစ်ရာ ဆရာတော်အား သာမဏေမှလွဲ၍ တစ်နိုင်ငံလုံးရှိသမျှ လှူပါမည်။ သာမဏေကိုတော့ မလှူပါဟု ငြင်းဆိုလိုက်သည်။

ဆရာတော်လည်း သာမဏေအား အမျက်ထွက်လျက် ကျောင်း သို့ ပြန်ကြွသွားလေသည်။ ကျောင်းသို့ ရောက်သောအခါ သာမဏေကို စိတ်မကျေသည့်အလျောက် ဒေါသဖြစ်ဖြစ်နှင့် ကုဋီသို့အတက်တွင် အထက်ထုပ်၌ရှိသော သံမှိုသည် ဆရာတော်၏ ဦးခေါင်းကို စူးဝင်ကာ ဆရာတော် ပျံလွန်တော်မူလေသည်။

သာမဏေဟောသည့်အတိုင်း မှန်သဖြင့် ပုဏ္ဏားကြီးအား လျှာကိုလိုးမည်ဟုပြောပြန်ရာ ပုဏ္ဏားကြီးက သာမဏေအား "သင် အဘယ်အရပ်သားနည်း"ဟု မေး၏။ သာမဏေကလည်း ပုဂံသား ဖြစ်ကြောင်း အဖြစ်အပျက်ကို ပြန်ပြောပြလေရာ သားအဖဖြစ်ကြောင်း သိရှိကြပြီးနောက် မလိုးဖြတ်တော့ဘဲ ပြေငြိမ်းသွားလေသည်။

ထိုသာမဏေသည် ဗေဒင်အတတ်၌ တစ်ဖက်လမ်းခတ်မျှ တတ်ကျွမ်းကြောင်း ပုဂံပြည်၌ ထင်ရှားလေသည်။



တစ်ခါ၌ သာမဏေငယ်တစ်ပါးက ကျွန်ုပ်အား ဗေဒင်ဟော ပြောပါဟု တိုက်တွန်း၍ "မွန်းတည့်သည့်အခါ မိုးရွာလိမ့်မည်။ မိုးရွာလျှင် ကိုရင် သာမဏေအား မိုးကြိုးပစ်၍ သေလိမ့်မည်ဟု" ဟောလိုက်၏။ သာမဏေလည်း ဆရာဘုန်းတော်ကြီးအား ပြန်လည် လျှောက်ကြားရာ ဆရာဘုန်းတော်ကြီးကသာမဏေအား"မကြောက်ပါ နှင့်"ဟုဆိုပြီး စိန်နှင့် ခတ်ကို ဦးထုပ်လုပ်၍ ဆောင်းစေပြီ ယတြာပြုလုပ်၍ ရေတွင် ငုပ်နေစေသည်။

လက်ယာကန်း ဟောသည့်အတိုင်း မွန်းတည့်၍ မိုးရာလျှင် မိုးကြိုးပစ်သည်မှာ နေဝင်မှ ရပ်ဆိုင်းသွားလေသည်။ နံနက်လင်းသော အခါ သာမဏေ၏ ဆရာတော်က လက်ယာကန်းအား ငါ၏သာမဏေ မိုးကြိုးပစ်၍ သေမည်ဆိုသော်လည်း ငါ၏သာမဏေမသေ၊ ဗေဒင် မမှန်သောကြောင့်သာ ဖြစ်သည်ဟုဆို၏။ လက်ယာကန်းလည်း ယတြာပြုလုပ်ရှောင်တိမ်းသည်ကို မသိဘဲ တကယ်ပင် ဗေဒင်မမှန်ဟု ထင်သွားလေရာ ဗေဒင်ကျမ်းတို့ကို လက်ယာကန်း မနှစ်မြို့တော့ဘဲ မီးရှို့ပစ်လိုက်လေတော့သည်။

နောက်တစ်နေ့တွင် ဖခင်ဖြစ်သူ ပုဏ္ဏားက ဗေဒင်ကျမ်းတို့ကို မမြင်၍ မေးလေလျှင် လက်ယာကန်းလည်း မီးရှို့ဖျက်ဆီးလိုက်ကြောင်း ပြောပြလိုက်၏။ ပုဏ္ဏားကြီးက ပြာများ ဘယ်နေရာမှာ ရှိသနည်းဟု မေးမြန်းပြန်၍ ပြာရှိရာကို လိုက်ပြလျှင် ပြာကိုကြက်တို့ယက်၍ အချို့တစ်ဝက်သာ ကျန်တော့ကြောင်း တွေ့ရှိ၏။

ဖခင်ပုဏ္ဏားက "ဤအကြောင်းကားအဘယ်သို့ ဖြစ်လာနိုင် သနည်း"ဟု မေးရာ နောင်သောအခါတွင် ဗေဒင်စာကို ကြက်[illegible] သောကြောင့် အဆက်ဆက်သော သူတို့သည် ကြက်ရိုးစား[illegible]လျက် အများအသုံးပြုလတ္တံ့ဟု ပြောပြ၏။

www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏားကြီးလည်း ငါ့သားသည် ငါ့ထက် ပညာသာ၍ ကြာလျှင် ငါပင် ဂုဏ်သိမ်မွေးမှိန်သွားလိမ့်မည်ဟု စိုးရိမ်၍ လက်ယာကန်းအား ရူးတတ်သောဆေးကို တိုက်ကျွေးသည်ကြောင့် လက်ယာကန်းသာမဏောမှာ ရူးသွပ်သွားလေသည်။

ထိုရူးသွားချိန်မှစ၍ မေးသမျှ ပြောသော်လည်း စိတ်ကောင်းသောအခါတွင်သာမှန်၍ စိတ်ဖောက်ပြန်သောအခါတွင် လွဲလေသည်။ ဖခင်ပုဏ္ဏားက သင့်အခြေအနေ ကောင်းရဲ့လားဟု မေးရာ၊ လက်ယာကန်းက ယခုအခါမှာ မထောင်းသာပါ၊ သေပြီးမှပင် ပေါင်ကျိုးရပါဦးမည်ဟု ဖခင်ပုဏ္ဏားကြီးအား ပြောပြ၏။ မကြာခင် လက်ယာကန်းသာမဏောသေဆုံး၍ တစ်ပြည်လုံး ဝိုင်းဝန်း သင်္ဂြိုဟ်ကြရာ ခေါင်းတွင်းသွင်း၍ ကျဉ်းကျပ်မည် စိုးသောကြောင့် ပေါင်ကို ရိုက်ချိုးကာ ထည့်ကြသဖြင့် လက်ယာကန်း ဟောခဲ့သည့်အတိုင်း မှန်နေပြန်သည်။

ဤကဲ့သို့ လက်ယာကန်းသာမဏောက ဗေဒင်ကျမ်းဂန်အမြင်ဖြင့် လျှောက်တင်သွားခဲ့ဖူးပါသည်။ ၎င်းနည်းကို ချင့်ချိန်တွက်ဆ၍ နန်းတော်တိုင်စိုက်ရန် တိုင်များကို ပုဏ္ဏားပညာရှိ၊ အမတ်ပညာရှိတို့နှင့် တိုင်ပင်ညှိနှိုင်း၍ ရွေးချယ်သင့်ကြောင်း၊ သစ်ရွေးမမှားသင့်ကြောင်း အထောက်အထားပြု၍ တင်လျှောက်ပါသည်။ ဘုရားဟု ဦးပေါ်ဦးက တင်လျှောက်လေလျှင် ဘဝရှင် ဘိုးတော်မင်းတရားကြီးသည် များစွာဝမ်းမြောက်နှစ်သက်တော်မူလေသည်။

# အပျိုမ ခြေသလုံး ကြွမ်းကို အဖေ ထမ်းပါလိမ့်မည်ပုံ

မင်းတရားကြီးက "ဘုရားကိုဖျက်သူက မင်းကြီး၊ ဓေသူက ကိုယ်တော်၊ အပါယ်လားလျှင် မည်သူကခံမည်နည်း" ဟူသောအမေးကို ဦးပေါ်ဦးက အချက်ကျကျ ပြန်လည်၍ လျှောက်တင်သည်မှာ—

"ဘုန်းတော်ကြောင့် ယခုဘဝရှင် မင်းတရားကြီး မေးသည့်အမေးကို ရှေးက သားအဖနှစ်ဦး ပုံပြင်စကား ဥပမာထား၍ သံတော်ဦး တင်ပါမည်ဘုရား" ဟု လျှောက်ထားလေသည်။ မင်းကြီးကလည်း

"သားအဖနှစ်ယောက် ပုံပြင်ကို နားဆင်ပါရစေ မင်းကြီး" ဟု အမိန့်တော်ရှိလေလျှင်

"မှန်လှပါ၊ ရှေးရှေးက သားအဖနှစ်ဦး ခရီးသွားကြရာ၊ သားမှာ ပျော်တတ်, ရွှင်တတ်, သရော်ရယ်မော ပြောဆိုတတ်သော အလေ့ ဝါသနာရှိပါသည်။ ဤသို့ ခရီးသွားရင်းက ရှေ့ကအပျိုတော်တစ်ယောက် လမ်းလျှောက်၍ သွားနေသည်ကို မြင်လျှင်

"အဖေရယ် ရှေ့က သွားနေတဲ့ မိန်းကလေးကို ရယ်မောရအောင် သရော်ချင်တယ်" ဟု ပြောလေလျှင် အဖေက

www.burmeseclassic.com

www.burmeseclassic.com



"ငါ့သား သူတစ်ပါးကို မသရော်ချင်နဲ့၊ မတော်လို့ ပြန်ဆဲက အရှက်ကွဲတတ်တယ်"ဟု တားမြစ်လေသည်။

"မစိုးရိမ်ပါနဲ့ အဖေရယ်၊ ဒီမိန်းကလေးကို ကျွန်တော် အနိုင်ရအောင် ပြောပါ့မယ်"ဟု ပြောရင်း

"အဖေရယ် ကြည့်စမ်းပါ၊ ရှေ့ကသွားတဲ့ မိန်းကလေး လှချင်ရက်သားနဲ့ ခြေသလုံးက တုတ်ပွပွ၊ အကြည့်ရဆိုးလိုက်တာ"ဟု မကြားတကြား ပြောလိုက်သည်။

ဤစကားကို မိန်းကလေး၊ ကြားလေလျှင် ဆတ်ခနဲလှည့်ကာ ခံချင်စိတ်ထားနှင့် ရန်တွေ့လိုက်သည်မှာ

"ကျုပ်ခြေသလုံးကြီးတာ မောင့်ပခုံးနဲ့ ထမ်းနေရလို့ မောင်က ပြောနေတာလား"ဟု မခံချင်အောင် ရန်ထောင်လိုက်လေသည်။ ထိုအခါ လူပျိုလူနောက်က ကောက်ကာ ငင်ကာ ဖြေလိုက်သည်မှာ–

"အို အမိ၊ အမိခြေသလုံး တုတ်ပွပွကို ကျုပ်ကတော့မထမ်း၊ ကျုပ်အဖေက ထမ်းပါလိမ့်မည်"ဟု ဖြေလိုက်လျှင် အဖေက ဒေါထ၍

"မင်းက နှုတ်သရမ်းတာ၊ ခြေသလုံး ထမ်းဖို့ကျတော့ ငါ့ဘက်ကိုလွှဲချရသလား"ဟု ပြောကြားသည့်အခါ၊ သားက

"ကျွန်တော် အစက အဖေ့ကို တိုင်ပင်သားပဲ၊ ဒီအခြေကျမှတော့ ခြေသလုံးပွပွကို အဖေသာ ကြိုးစားထမ်းပေတော့လို့ ပြောလိုက်သတဲ့ ဘုရား"ဟု သံတော်ဦး တင်လေလျှင် ဘကြီးတော် မင်းတရားက

"မင်းကြီးရဲ့စကားက အပါယ်လားတော့ ကြိုးစားပြီး ကိုယ်တော်ပဲခံဆိုတဲ့ အဓိပ္ပါယ်ရောက်နေပြီ၊ စေတီတော်လဲ မရွှေ့ပါနဲ့တော့၊ အဖေလဲ မဖြစ်ပါရစေနဲ့တော့ မင်းကြီးရယ်"

ဟု အမိန့်တော်ရှိလေလျှင် မင်းပရိသတ်အားလုံးတို့ ရွှင်ပြုံး ရယ်မော ကြလေကုန်သတည်း။

# ဦးပေါ်ဦးနှင့် ဆရာတော်ဦးဗုဓ်

အောင်မြေဘုံစံအုတ်ကျောင်း ဒါယိကာမ မိဖုရားခေါင်ကြီး ကိုးကွယ်တော်မူသည့် ဆရာတော် ဦးဗုဓ်သည်ကား သာသနာ့အာဇာနည်တစ်ဆူ ဖြစ်တော်မူသည့်အလျောက် ကိုယ်, နှုတ်အမူအရာ ခြောက်ပြာသော ဣန္ဒြေကို စောင့်စည်းခြင်း၌ လွန်မင်းစွာ သမာဓိရှိတော်မူသဖြင့် မည်သူမဆို ကြည်ညိုခန့်ညား၍ ရဟန္တာတစ်ဆူ အသွင်ကဲ့သို့ အလွန်ပင် ကြောက်ရွံ့ရိုသေကြသည်။ ဆရာတော် ဦးဗုဓ်သည် နှုတ်တော်မှ အသံထွက်အောင် ရယ်ရွှင်တော်မူဟန်ကို တစ်ခါတစ်ရံမျှ မမြင်ဘူး။ မည်သူတစ်ဦးတစ်ယောက်ကိုမှလည်း မျက်နှာမလိုက်၊ အလိုက်အထိုက်ပင် မိန့်တော်မမူ၊ မင်းကေရာဇ်နှင့် မိဖုရားခေါင်ကြီးပင် ကြည်ရွှင်စွာ လိုက်လျော ပြောဆိုဖူးသည်။ ပကတိ တည်ကြည်တော်မူပေသည်။ ဝန်ကြီး၊ အတွင်းဝန်တို့ပင် ကျောင်းတွင်း၌ ခြေကိုထိုး တံမြက်လှည်းခိုင်းတော် မူတတ်၏။

တစ်နေ့သ၌ သံတော်ဆင့်အများတို့ စကားစမြည်ပြောရာမှ တစ်ယောက်သော သံတော်ဆင့်က–

ဆရာတော်ဦးဗုဓ်ထံရောက်၍ အငေါက်ခံရသည်မှာ "သွားသော သူသာ ပဓာနဖြစ်သည်"ဟု ပြောဆိုလျှင် ကျန်သံတော်ဆင့်များက

www.burmeseclassic.com

www.burmeseclassic.com



" ဤသို့ဆိုလျှင် သင်သွား၍ ဆရာတော် အငေါက်မခံရပါက ငွေသုံးရာ စု၍ပေးမည်"ဟု ဆိုသဖြင့် အဖိုးတန်သားမွေးအင်္ကျီကိုဝတ်လျက် ဆရာတော် ရှေ့မှောက်သွားရောက်၍ ဦးချ ဝတ်ဖြည့်ကာ နေလေသည်။ ကျန်သံတော်ဆင့်များက တိတ်တဆိတ် ချောင်း၍ နားထောင်ကြသည်။

ဆရာတော်က သားမွေးအင်္ကျီကို ဝတ်လျက် ဝတ်ဖြည့်ကာ နေသော သံတော်ဆင့်ကို မြင်သော်လည်း လှည့်၍မျှ မကြည့်၊ ပကတိ စာကြည့်လျက်သာ နေတော်မူ၏၊ သံတော်ဆင့်လည်း အချိန်ကြာညောင်းသဖြင့် ဘယ်ပြောင်းညာပြန် လှုပ်ရှား၍ နေလေလျှင် ဆရာတော်ဦးဗုမ်က–

"တကုတ်ကုတ်နဲ့ ခွေးနက်ကြုတ်ကြီး ဘာကိစ္စ လာသနည်း"ဟု မေးတော်မူလေလျှင် သံတော်ဆင့်မှာ ကြောက်ရင်းစွဲကသည်းရှိ၊ လျှောက်စရာလည်း အထူးမပါ၊ ပြောမိပြောရာ လျှောက်မိလျှောက်ရာကို ကျောက်တင်လိုက်သည်မှာ

"တပည့်တော်နေ့စဉ် နွားနို့ ဝတ်အမြဲပို့လိုကြောင်းပါဘုရား"ဟု လျှောက်ထားလေလျှင် ဆရာတော်က

"ဒါကိုများ လာပြီး လျှောက်နေရသေးသလား၊ ပို့ချင်ပို့ မပို့ချင်နေ၊ ငါမအားဘူး၊ သွားတော့"ဟု ငေါက်ငန်း၍ ဆိုလိုက်သဖြင့် ချက်ချင်းပင် ကျောင်းပေါ်မှဆင်းခဲ့ရလေသတည်း။

တစ်နေ့တွင် ဦးပေါ်ဦးသည် ဆရာတော် ဦးဗုမ်ထံ သွားရောက်၍ ဝတ်ပြုကန်တော့ရာ၊ ဆရာတော်သည် ရေကန်အနီး၌ တံမြက်လှည်းခိုက် ကြုံကြိုက်သည်နှင့် ဦးပေါ်ဦးက



"ရေကန်ကြီး အလွန်ကောင်းလှပါလား ဘုရား"

"အေး ကောင်းတယ်"ဟု သာ မိန့်ကြား၏။

အတန်ကြာမှ ဦးပေါ်ဦးက

"ရေကန်ကြီး ဘယ်လောက်နက်သလဲ ဘုရား"

"ငါမသိဘူး"

"တပည့်တော်က အရှင်ဘုရား ရေကန်နဲ့နီးလို့ သိပြီးဖြစ်မလားလို့ လျှောက်ထားမိပါတယ်ဘုရား"

"နီးတိုင်းသား သိရရင် ဒကာကြီးမေးက မုတ်ဆိတ် ဘယ်နှစ်ပင်ရှိသလဲ"

ဦးပေါ်ဦးမှာ မဖြေတတ်တော့သဖြင့်

"တပည့်တော် သတိမထားမိပါဘုရား"

"အေး ဒကာကြီး မေးက မုတ်ဆိတ်မွေး ဘယ်နှစ်ပင်ပေါက်တယ်မှ မသိရင် ဒီရေကန် ဘယ်လောက်နက်တယ်ဆိုတာ ငါဘယ်သိနိုင်ပါ့မလဲ"ဟု မိန့်ကြားကာ ဆိတ်ဆိတ်နေမြဲ နေလေ၍ ဦးပေါ်ဦးမှာ အခြားနေရာတွင် စကားတတ်သော်လည်း ဆရာတော် ဦးဗုမ်နှင့်တွေ့မှ အရှုံးပေးကာ ပြန်သွားရလေ၏။



www.burmeseclassic.com

www.burmeseclassic.com

# နိဗ္ဗာန်ရဲ့ အရသာ

အခါတစ်ပါးသော် ဘုရင်ကေရာဇ် မင်းတရားကြီးသည် ဝန်ကြီး၊ အတွင်းဝန် စသည်တို့နှင့် တရားရေးဖြင့် ဆွေးနွေးမေးမြန်းတော်မူရာတွင် ဦးပေါ်ဦးကို ဤသို့ မေးတော်မူ၏။ မေးဟန်ကား

"ပေါ်ဦး၊ ငါသည် နိဗ္ဗာန သစ္ဆိကိရိယာစ ဟူသော မင်္ဂလာတရားတော်ကို ဘုရားသခင်ဟောတော်မူသောကြောင့် နိဗ္ဗာန်သို့ မျက်မှောက်ပြု၍ ဓမ္မာရုမ္မဏအာရုံ ထုံတော်မူသည်။

"ကာလေန ဓမ္မသာဝနံ" ဟူသော မင်္ဂလာတရားလည်း တစ်ပါး "ကာလေန ဓမ္မသာကစ္ဆာ" ဟူသော ဒေသနာတော်လည်း တစ်ရပ်၊ ဤနှစ်ရပ်သော မင်္ဂလာတို့ကို ဖြစ်ပွားစေခြင်း အကျိုးငှာ တရားတော်ကိုလည်းနာ၏။ တရားတော်မြတ်ကိုလည်း ဆွေးနွေး မေးမြန်းတော်မူရာ၊ သာသနာပိုင် အစရှိသော တံဆိပ်ရ ဆရာတော်များကိုပင် အကြိမ်ကြိမ် လျှောက်ထားတောင်းပန်ငြားသော်လည်း နိဗ္ဗာန်၏ အရသာကို ချို၊ ချဉ်၊ စပ်၊ ငန်၊ အဖန်၊ အခါးဟူ၍ ခြားနားစွာ သိသာလောက်အောင်ပင် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ စသည်တို့၌ ကြည့်တော်မူသော်လည်း အဘယ်မည်သော ကျမ်းဂန်မှာ မရှိ၍ နိဗ္ဗာန်၏ရသကို လွန်စွာပင် သိတော်မူလိုသည်။ မောင်မင်းသည် ထင်လင်းခြားနားအောင် ငါ့အား သံတော်ဦးတင်နိုင်လျှင် တင်လျှောက်စေချင်သည်ဟု မိန့်တော်မူလေ၏။



ထိုအခါ ဦးပေါ်ဦးက နိဗ္ဗာန်၏အရသာကို ဘုရားကျွန်ဝန်ပေါ်ဦးသည် အထူးမှတ်တော်မူရန် သံတော်ဦးတင်ပါမည်။ နိဗ္ဗာန်၏ အရသာကို များစွာသော ကျမ်းဂန်တို့၌ ဘုရား ကျွန်တော်ပင်လျှင် ငယ်စဉ်အခါကစ၍ အဋ္ဌကထာ၊ ဋီကာ ထိုးလည်ရှာကြံကြည့်ရှုခဲ့ရာ အဘယ်မည်သော ကျမ်းဂန်မှာမှ မတွေ့မရှိပါ၊ ထို့နောက် ရဟန်းသုံးဝါအရတွင် သာသနာတော်၌ ငြီးငွေ့ခြင်းဖြစ်သဖြင့် သိက္ခာတော်မှ လျှောက်၍ လူထွက်ပြီးလာရာ၊ ကျွန်တော်မျိုးများရပ်ရွာ "မိသာလှောက်" "မိဂျာရောက်" ညီအစ်မနှစ်ယောက်တို့တွေ့မှ နိဗ္ဗာန်၏ အရသာကို သေချာကွဲပြား၍ ကြံဆခြင်းတည်းသော ဝိတက်တရားများ ငြိမ်းရပါတော့သည်။ ဤသို့ ဝိတက်ငြိမ်းသည့်နေ့မှစ၍လည်း ယင်းသည် "မိသာလှောက်" နှင့် "မိဂျာရောက်" တို့ ညီအစ်မကိုပင် ငါ၏ ကျေးဇူးရှင်ဆရာများ ဖြစ်ချေသည်တကားဟု သဘောသားပြီးလျှင် မခြားနေ့စဉ် ကျေးဇူးတင်လျက် နေပါတော့သည်" ဟူ၍ လျှောက်၏။

ထိုအခါ ဘဝရှင် မင်းတရားကြီး ဘုရားက မေးတော်မူသည်မှာ

"ပေါ်ဦး၊ မိသာလှောက်နှင့် မိဂျာရောက်တို့ ညီအစ်မနှစ်ယောက်ကြောင့် နိဗ္ဗာန်၏အရသာကို ကောင်းစွာ မောင်မင်း သိရသည် ဆိုသည်ကို ငါ့အား လျှောက်ကြားဦးလော့" ဟု မိန့်တော်မူသဖြင့် –

သာလှောက်နှင့် ဂျာရောက်တို့အကြောင်းမှာ အစ်မဖြစ်သူ သာလှောက်ကား အပျိုပါဘုရား၊ ညီမဖြစ်သူ ဂျာရောက်ကား ဘစ်လင်ကွာဖြစ်ပါသည်။ တစ်နေ့သ၌ ဘုရား ကျွန်တော်တည်း သူငယ်တို့ဘာဝအလျောက် ညဥ့်အခါ ရပ်ရွာတွင် လှည့်ပတ်ရာ

www.burmeseclassic.com

www.burmeseclassic.com



သာလှောက်နှင့် ဂျာရောက်တို့အိမ်အနီးသို့ရောက်လျှင် အိပ်ခန်းတွင်းမှာ တိုးတိုးစကားသံ ကြားရသဖြင့် အခန်းနံရံဘေး ပဲထည့်သော ပုတ်ကြီးနှစ်လုံး စပ်ကြားတွင် နို၍ ယင်းတို့၏ စကားကို တိတ်တဆိတ် နားထောင်ရာ အစ်မဖြစ်သူ မိသာလှောက်မှာ ညီမကို လင်ယူကြခြင်း၏ အရသာ မေးပါသည်။ ညီမဖြစ်သူ ဂျာရောက်က–

"အစ်မကြီး လင်ယူခြင်း၏ အရသာသည် အရသာတကာ ဘို့ထက် ထူးကဲလွန်မြတ်လှပါသည်။ ရိုးတွင်းချဉ်ဆီကပင်စိမ့်ပြီ့ သွားအောင် ကောင်းပါသည်။"ဟု ပြောပါသည်။ အစ်မဖြစ်သူက–

"ညီမ အရသာ တကာတို့ထက် ထူးကဲလွန်မြတ်သည်ဆိုသော် ညီးတို့အရသာသည် အချို၊ အချဉ်၊ အစပ်၊ အငန်၊ အဖန်း၊ အခါးဆိမ့် ဤခုနစ်ပါးတို့တွင် အဘယ်အရသာမျိုးပေနည်း"ဟု မေးပြန်ပါသည်။


ညီမဖြစ်သူ ဂျာရောက်က ဤသို့ ပြန်ပြောပါသည်။ အစ်မကြီး၊ အစ်ကြီးမေးသော အရသာတို့တွင် အချို၊ အချဉ် စသည်တို့ကို ကျွန်မဖြင့် ခွဲခြား၍ မပြောတတ်အောင် ရှိတော့သည်။ အကောင်းမှာ မူကား အဘယ်သို့ ကောင်းသည်ဟု အချို၊ အချဉ်ဟူ၍ အမည် မမှည့်တတ်သော အရသာထူးကို နောင်အခါ အစ်မကြီး လင်ရလျှင် သိရပါလိမ့်မည်ဟု ပြောပါသည်။

ဤအကြောင်း ကောင်းကောင်းကြီး သဘောကျခဲ့ပါသည်။ သို့ဖြစ်သည်ကြောင့် ဤနည်းကို ထောက်ထား၍ ဘဝရှင်မင်းတရားကြီးဘုရား သိတော်မမူလိုသော နိဗ္ဗာန်၏ အရသာသည် ကောင်းသည် ကားမှန်၏။ သို့သော်လည်း အဘယ်အရသာမျိုး ကောင်းသည်ကို ဘုရား ကျွန်တော်မျိုး၊ အချို၊ အချဉ်ဟူ၍ အမည်မှည့်ပြီးလျှင် မတင်



မလျှောက်တတ်ပါ။ သိတော်မူလိုပါလျှင်အစ်မကြီး လင်ရတော့ သချာသိတော်မူလိမ့်မည့်အကြောင်းကို ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦး တင်ပါသည်ဘုရားဟု လျှောက်ထားလေ၏။

ထိုအခါဘဝရှင် မင်းတရားကြီးနှင့်တကွသော မှူးတော်၊ မတ်တော်တို့သည် များစွာပင် ရယ်မောကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## နှာစေးနေလို့ပါဘုရား

ဤ"ယုန်ကလေးနှာစေးနေသည်"ဟူသော စကားလုံးမှာ ယခုအချိန်အထိ သုံးနှုန်းပြောဆိုနေကြသော ပုံပြင်ကလေးဖြစ်ရာ၊ ပထမဦးဆုံး သုံးနှုန်းခဲ့သူမှာ ဦးပေါ်ဦးပင်ဖြစ်ချေသည်။

ဦးပေါ်ဦး သုံးနှုန်းလိုက်ရအောနေရာမှ အခါကာလအားဖြင့် အလွန်ပင် လျှောက်ပတ်လှပေသည်။

အဘယ်ကြောင့်ဆိုသော် ဘိုးတော်ဦးဝိုင်းတွင် မြေးတော်နှစ်ပါးဖြစ်သည့် စစ်ကိုင်းမင်းနှင့် သာယာဝတီမင်းသားတို့အနက် မည်သူအားဥပရာဇာ (ဘုရင်လောင်း) အိမ်ရှေ့အရာ ပေးသင့်သည်ကို မေးသောမေးခွန်းဖြစ်ပေသည်။

မင်းသားတို့သည် ကိုယ့်အုပ်စုနှင့်ကိုယ်နေကြရာ၊ တစ်ယောက်အားပေးသင့်သည်ဆိုသည်နှင့်အမျှ တစ်ယောက်က ရန်ရှာမည်ကာသေချာလှပေသည်။ ရန်ရှာဖူးသော သာဓကများလည်း ရှိပေသည်။

သို့ကြောင့်၊ ဦးပေါ်ဦးသည်လည်း မည်သူ့အား ဥပရာဇာပေးသင့်ပါသည်ဟု မလျှောက်တင်လိုပဲရှိနေသည်။ သို့သော် အမေးရှိလာလျှင် မဖြေဘဲနေ၍ မဖြစ်လေသောကြောင့် လိမ်မာပါးနပ်စွာ



ဖြေကြားသော နေရာ၌ ဤပုံကလေးကို တင်စားလျှောက်ထားလိုခြင်းဖြစ်ပေသည်။

"ရှေးရှေးတုန်းကပါ ဘုရား၊ ဟိမဝန္တာတောတွင် တောသုံးတောင် စိုးသော ကေသရာဇာခြင်္သေ့မင်းသည် ပတ္တမြားရွှေဂူဝယ် စံပယ်တော်မူလျက် လက်ဝဲနံပါးမှ ဝက်ပို့တစ်ကောင်၊ လက်ယာနံပါးမှ သမင်တစ်ကောင်၊ ရှေ့တူရူမှ ယုန်တစ်ကောင်၊ ထိုသုံးဦးတို့ကို သက်စောင့်အရာသို့ ခန့်အပ်ပြီးလျှင် အိပ်လေ၏။ ခုနစ်ရက်လည်လျှင် ခြင်္သေ့မင်းသည် အိပ်ရာမှ နိုးလတ်သဖြင့် ကိုယ်လက်တို့ကို ဆန့်တန်းပြီးလျှင် လက်ယာဘက်သို့ လှည့်သမ်းလေသော်၊ လက်ယာဘက်မှ ခစားသော သမင်သည် ခြင်္သေ့မင်း၏ ခံတွင်းမှ မကောင်းသောအနံ့တို့ဖြင့် လှိုင်ရကား၊ နောက်သို့ ကိုယ်ကိုလှန်လျက်တွန့်ပြီးခစားလေ၏။ ထိုအခါ ခြင်္သေ့မင်းက မေးသည်မှာ–

"ဟဲ့... သမင်ငယ်၊ ငါ၏ခံတွင်း ရနံ့သည် နံသလော၊ မွှေးသလော"ဟု မေးလေ၏။

ထိုသို့မေးလတ်သော် သမင်သည် ကြောက်ရွံ့ရကား...

"အရှင် ကေသရာဇာ ခြင်္သေ့မင်း၏ ခံတွင်းတော်သည် အင်မတန်ပင် ကြိုင်ရွှင်သင်းပျံ့၍ ကြာညိုပန်းရနံ့ကဲ့သို့ မွှေးလှပါသည်ဘုရား"ဟု သံတော်ဦးတင်လေ၏။

ကေသရာဇာခြင်္သေ့မင်းသည် မျက်မာန်ပိုပွား၍ ဤသမင်ကား ငါ့အား အမှန်ကိုမတင်၊ ခုနစ်ရက် အိပ်ပျော်သဖြင့် အညှီအဟောက်ကို စားချင်တိုင်းစားပြီး ပုပ်ချင်တိုင်းပုပ်ဟောင်နေသော ခံတွင်းကိုသင်းသင်းကြိုင်ကြိုင် မွှေးလှပါသည်ဘုရား"ဟူ၍ မမှန်သောစကားဖြင့်တင်ရမည်လောဟု မျက်ပွားပိုကဲလည်ကုပ်ကို ဆွဲပြီးလျှင် ချိုးချတ်ခဲမလွှတ် ကျွတ်ကျွတ်ဝါး၍စားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လက်ဝဲဘက်လှည့်၍ သမ်းလေသော် လက်ဝဲဘက်ရှိ ဘက်သည်လည်း ခြသေ့်မင်းခံတွင်းမှ မကောင်းသော ရနံ့နံ့ရကား၊ နောက်သို့လှန်၍ ခစားလေ၏။ ထိုအခါ ခြသေ့်မင်းသည် ထိုနည်းအတူ မေးမြန်းသော်၊ ဝက်ပျိုငယ်သည် ဤသို့ကြံ၏။ လက်ယာဘက်မှ ခစားသော သမင်မိုက်သည် သားများသခင် အရှင်ခြသေ့်မင်းသည် မှသားကိုမကြိုက် ဖြောင့်မတ်သောစရိုက် ရှိတော်မူသဖြင့် မှန်ကန်သည်ကိုမှ နှစ်ခြိုက်တော်မူကြောင်းကို မင်းခစားလုပ်ပြီး နေရာမှ သင်း မသိလေစွတကား၊ ထိုသို့မသိခြင်းကြောင့်ပင်လျှင် မိုက်လှစွာသော သမင်သည် အရှင်လတ်လတ် ကျွတ်ကျွတ်ဝါး၍ စားခြင်းကို ခံရချေသည်။ ငါတမူကား မှန်သောအားဖြင့် သားများ ရာဇဝင်ကို တင်လျှောက်အံ့ဟု ကြံပြီးလျှင် ဤသို့တင်၏။

"မှန်လှပါဘုရား၊ အရှင်ကေသရာဇာ ခြသေ့်မင်း၏ ခံတွင်းတော်သည်ကား များစွာသော အဆီးအသားတို့ကိုစား၍ နေ့များရက်ကြာ၊ စက်တော်ခေါ်ရာကို မဆိုထားဘိဦး၊ နေ့စဉ် ရေဖြင့် ပလုတ်ကျင်းကြရသော ကျွန်တော်မျိုးတို့ အာခံတွင်းသည်ပင် အလွန်ပင် နံသေးစွတကား။ အရှင်ခြသေ့်မင်းမှာမူကား အဘယ် ဆိုဖွယ်ရာ ရှိပါအံ့နည်း၊ အပါးတော်ရှိ ကျွန်တော်မျိုးတို့၏ နှာခေါင်းဝယ် သည်းမခံနိုင်အောင်ပ နံပါသည်ဘုရား"ဟု လျှောက်ထားလေသော် ကေသရာဇာ ခြသေ့်မင်းသည် မျက်မာန်တော် ပိုပွား၍–

"ငါကဲ့သို့သော သားများရာဇာကို ပမာမခန့် မကြောက်ရွံ့ဘဲ တန်တန်စားစား သင်းစော်ကား၍ စကားကြမ်းကြမ်းကြုတ်ပုပ်သည်၊ နံသည်၊ ဘာမထီ ဝသီဆိုးဝါးတင်ချေသည်"ဟု မာန်ဖီသော ဒေါသနှင့် စက်ရာတော်မှ ထပြီးလျှင် ထိုဝက်ပျို၏ လည်ကုပ်ကို တစ်မှုဟုတ်ချင်း



ခဲပြီးသော ကျွတ်ကျွတ်ဝါး၍ စားလေ၏။ ထို့နောက် ခြသေ့်မင်းသည် ရှေ့တူရူမှ ခစားသော ယုန်ငယ်ဘက်သို့ လှည့်၍ သမ်းပြန်လေ၏။

ဤသို့ သမ်းလေသော် ယုန်ငယ်လည်း ရှေးနည်းအတူ အမူ ပျက်ပြား နံသည့်အားကြောင့် နောက်ပါးလှန်လျက်တွန့်ပြီး ခစား ပြန်လေ၏။

ထိုသို့ ခစားသည်ကို မြင်လေသော် ခြသေ့်မင်းသည် ရှေးနည်း အတူ မေးမြန်းသဖြင့် ယုန်သားငယ်သည် ဤသို့ ကြံစည်စဉ်းစား လေ၏။ လက်ယာဘက် နံပါးမှ ခစားသော သမင်သည် သားများအရှင် ခံတွင်းကား ကြာညိုပန်း ရနံ့ကဲ့သို့ ပျံသင်း၏ဟု ထင်မိသောကြောင့် အသွယ်ငွါးငွါးဖြင့် ကျွတ်ကျွတ်ဝါးစား၍ စားချေသည်။ လက်ဝဲနံပါးမှ ခစားသော ဝက်ပျိုငယ်မှာလည်း အရှင့်ခံတွင်းတော်သည် ညှီစော် စုပ်စုပ်ပုပ်ပုပ်နံ့နံ့ ပျို့အန်ဘန်းနန်းရှိကြောင်းကို တင်သဖြင့် အရှင် လတ်လတ်မှ ကိုက်ဖြတ်ဝါး၍စားခြင်းကို ခံရချေပြီ၊ ငါသည် တစ်မူကား ဘယ်သို့အားဖြင့် လျှောက်ထားသံတော်ဦး တင်ရမည်နည်း ကြံစည်တွေးတောပြီးလျှင် ဆင်ခြင်ထုံတရား ဉာဏ်စဉ်းစား၍ ဤသို့ သံတော်ဦးတင်လေသည်။


ရွှေဝှုစ်ရှင် သားများသခင် ဘုရင်သေဠ်နင်း ခြသေ့်မင်းသည် ခံတွင်းတော်ရေးမေးတော်မူလျှင် တစ်မဟုတ်ချင်း တင်ရအောင် အင်မတန် အားထုတ်၍ နမ်းရှုပ်ရှုပ် ရှုပါလေသော်လည်း မြူခြန်မှု အနံ့မရ၊ ဘုရားကျွန်း တော်ငရွှေယုန်သည့် နှာစေးနေပါကြောင်း ရှိခိုး သံတော်ဦး တင်ပါသည်ဘုရားဟု လျှောက်ထား၍ သုံးထောင်ပိုင်ခိုး တန်ခိုးကြီးစွာ ကေသရာသည် ချမ်းသာစေခွင့်ပေး၍ ယုန်ငယ်မှာ ပညာရှိကလေးမှာ သေဘေးက လွတ်ဖူးပါသည်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com

ဤပုံကိုထောက်ထား၍ ဘဝရှင်မင်းတရားကြီးသည် မြေးတော်ကြီးနှစ်ပါး၏ အခင်းသွားအခြေခံကို ဝေဖန်၍ သံတော်ဦးတင်ရမည်ဟု မိန့်တော်မူရာဝယ် ရွှေအာလုတ်တော် လှစ်ဖော်ကျူရှင့်တော် မမူမိကပင် တင်ချင်သောဆန္ဒ၊ မနောပုဗ္ဗင်္ဂမ အာသီသရှိလှသဖြင့် ဝိရိယစိုက်ထုတ်၍ အပတ်တကုတ် စဉ်းစားသော်လည်း ကျွန်တော်မျိုးကြီးပေါ်ဦးသည် ထွေထူးသော ရောဂါကြောင့် နာစေးနေပါ၍ မတင်တတ်ပါကြောင်းကို ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦး တင်ပါသည်ဘုရားဟု လျှောက်ထားခြင်း ပြုလေ၏။

ဤသို့ သံတော်ဦး တင်လိုက်သော ဘုရင်ကေရာဇ်မင်းမြတ်နှင့် တကွသော မှူးကြီးမတ်ငယ် အသွယ်သွယ်တို့သည် ရယ်မောခြင်းကို များစွာ ပြုကြလေ၏။ ဘုရင်ကေရာဇ်မင်းမြတ်လည်း ပြသဒ်တော်ဆောင်မှ ပြုံးတော်မူလျက် မှန်နန်းတော်ဆောင်သို့ ဝင်တော်မူလေ၏။



# သံဗုဒ္ဓေနှင့် ကြေးဗုဒ္ဓေ

ဦးပေါ်ဦးသည် ဤကဲ့သို့ မေးသမျှတို့ကို ဖြေနိုင်သည်ချည်းဖြစ်ရာ ဘိုးတော်ဦးဝိုင်းမှာ တစ်နည်းအားဖြင့် ဝမ်းသာတော်မူသော်လည်း၊ တစ်နည်းအားဖြင့်ဆိုပါက ဦးပေါ်ဦး မဖြေနိုင်သည့်အခါမျိုး ကြုံစေလိုသော ဆန္ဒက ရှိနေသည်။

တစ်နေ့သော ညီလာခံတွင် ဘိုးတော်ဦးဝိုင်းက အမတ်ကြီး ဦးပေါ်ဦးအား ပညာစမ်းသည့်သဘောဖြင့် မေးမြန်းတော် မူပြန်လေသည်။

"ဟဲ့ ပေါ်ဦး၊ ရှေးရှေးက မင်းအပေါင်းတို့သည် မြတ်စွာဘုရား၊ နိမ္မိတ ရုပ်ပွားတော်များကို သွန်းလုပ် ကိုးကွယ်ကြတဲ့အခါ ရွှေ၊ ငွေ၊ လောဟာကြေးနီ၊ ကြေးဝါစသည်တွေကိုသာ သွန်းလုပ်ခဲ့ကြသည်။ သံဖြင့်သွန်းလုပ်ကိုးကွယ်ကြသော ဘုရင်ကေရာဇ်များ ရှိတယ်လို့ ကြားလည်း မကြားဘူး၊ တည်ထားကိုးကွယ်ခဲ့တဲ့ ရုပ်ပွားတော်များမှာလည်း မဖူးတွေ့ရဖူးဘူး၊ စာဟောင်း ပေဟောင်းများမှာလည်း မတွေ့ဖူးဘူး၊ ဟဲ့– ပေါ်ဦး နင်ကော တွေ့ဖူးသလား"

"မတွေ့ဖူးသေးကြောင်းပါ"

"အင်း အခုတော့ ငါကိုယ်တော် အရှင်မြတ်သည် နန်းတော်ကျွန်း အရပ်တွင် သံချည်းဖြင့်သာ သွန်းလုပ်သော နိမ္မိတ ရုပ်ပွားတစ်ဆူကို သွန်းလုပ်တော်မူတယ်"

"မှန်ပါဘုရား၊"

"အဲဒါ ဘယ်လို သဘောရသလဲ မောင်မင်း"

www.burmeseclassic.com

www.burmeseclassic.com



"မှန်လှပါ၊ လျှောက်ကန်သင့်မြတ်လှကြောင်းပါ"

"အင်း... ပေါ်ဦးကြည့်ရတာ ပညာရှိအမတ်နဲ့ မတူဘူး၊ မင်းအလိုက် မင်းအကြိုက်ဆောင်တဲ့အမတ်နဲ့ ပ ူ ပြီ"

"မဟုတ်ရကြောင်းပါ"

"မဟုတ်ဘူးဆိုပေမယ့် လျှောက်တင်ပုံက ဟုတ်သလို ဖြစ်နေတယ် မဟုတ်လား မောင်မင်း"

"မှန်လှပါ၊ သံများဖြင့်သာ သွန်းလုပ်ခြင်းမှာ သိဟိုဠ် နမက္ကာရကြီး ဘုရားရှိခိုးနှင့် ကိုက်ညီလှသောကြောင့်သာ သင့်တော် လျှောက်ပတ်ကြောင်း လျှောက်တင်ခြင်း ဖြစ်ပါသည်ဘုရား"

"နင်သိဟိုဠ် နမက္ကာရကြီး ဘယ်လိုဆိုသလဲတဲ့ ဆိုစမ်း"

ထိုအခါ ဦးပေါ်ဦးသည် ဝင့်ကြွားသော မျက်နှာမျိုးဖြင့် အသံနေအသံထား မြှင့်လိုက်ကာ

သံဗုဒ္ဓေ အဋ္ဌဝီသဉ္စ ဒွါဒသဉ္စ သဟဿကေလို့ ပါပါတယ် ဘုရား၊ ကြေးဗုဒ္ဓေ အဋ္ဌဝီသဉ္စ ဒွါဒသဉ္စ သဟဿကေလို့ မပါကြောင်း"ဟု လျှောက်တင်လိုက်ရာ ဘုရင်ကြီးနှင့်တကွ မှူးမတ် အပေါင်းတို့ပါ ရယ်သွမ်းသွေးကာ "ဟုတ်ပေတယ်၊ ဟုတ်ပေတယ်"ဟု ဆိုကြလေသည်။





## ဆင်မည်းကြီး ဖြူမည့်အချိန်

ဘိုးတော်မင်းတရားကြီးအမရပူရ နန်းသစ်မြို့သစ် တည်ထောင် စိုးစံသည့်အတွက်ကြောင့် တရုတ်ပြည်က သံတမန်များ လာရောက်ကာ လက်ဆောင်ပဏ္ဏာများ ဆက်သခြင်း နှစ်ပြည့်တစ်ပြည် ရွှေလမ်း ငွေလမ်းဖောက်ခြင်းမျိုး ရှိသကဲ့သို့ လက်အောက်ခံစော်ဘွား၊ စော်ခံ များထံမှာလည်း လက်ဆောင်ပဏ္ဏာများ ရောက်ရှိလေသည်။

မောကိုးပြည်ထောင် အပါအဝင် ရှမ်းပြည်မြောက်ပိုင်း သိန္နီ စော်ဘွားများထံမှလည်း ဆင်မည်းကြီး တစ်ကောင်ကိုဆက်သရန် ဆင်ထိန်း၊ ဆင်ကိုင်တို့နှင့် စေလွှတ်လိုက်လေသည်။

ဘိုးတော်ဦးဝိုင်းမှာ ဆင်ဖြူရှင်ဟု အခေါ်ခံရထိုက်သည်ဖြစ်ရာ ဟံသာဝတီအပါအဝင် နိဗ္ဗာန်ရွာမှ ဆက်သသော နိဗ္ဗာန ပစ္စယ နာဂရာဇာအမည်ချီထားသော ဆင်ဖြူတော် အထီးလည်း တစ်စီး ရှိသည်။

သို့သော် ယခုလာရောက် ဆက်သသော သိန္နီမှ ဆင်မည်း ကိုလည်း ဆင်ဖြူတော်အဖြစ်ဖြင့် လက်ခံထားရှိသော ဆန္ဒရှိနေပြန် လေသည်။

အမှန်ကားဆင်ဖြူတော် ကြန်အင်လက္ခဏာပါလျှင် ဆင်သည် အမည်းပင်ဖြစ်သော်လည်း ဆင်ဖြူတော်စာရင်းသို့ သွင်းရသည်။ ထို့ကြောင့် ယခု ဆင်မည်းကြီးကို ဆင်ဝန်များ ဆင်ကြန်ဖတ်ခေါ် ဆင်၏ ကြန်အင်လက္ခဏာကို ကြည့်ရှုကြရသော အရာရှိ ဆင်ဝန်ကြီး တို့သည် ကြည့်ရှုကြသော်လည်း ဆင်ဖြူတော် လက္ခဏာဟူ၍ မတွေ့ရ။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ်ဆင်ကြန်ဖတ် အမတ်ကြီး ဆင်ဖြူတော် အင်္ဂါပါရဲ့လား"

"အခုထိတော့ တစ်ချက်မှ မတွေ့သေးဘူး"

"ဒါပေမယ့် ဆင်ကတော့ မည်းသာမည်းတယ်၊ ကြီးတာရယ်၊ လှတာရယ်ကတော့ ထူးလှပါတယ်"

"ဒါတော့ ဟုတ်ပါရဲ့၊ ဆင်ဖြူတော် ကြန်အင်လက္ခဏာ တစ်စုံတစ်ခု မပါတော့ လျှောက်တင်ရမှာ ခက်နေတယ်"

"ဘုန်းဘုန်းဘုရားကလဲ ငါရဲ့ဘုန်းသမ္ဘာတော်ကြောင့် ပေါ်လာဆက်သတဲ့ ဆင်ကိုချည်း မိန့်တော်မူနေတော့ ဆင်ဖြူတော် ကြန်အင် မပါဝင်လို့ မလျှောက်ရဲအောင် ဖြစ်နေတယ်"

ဆင်ကြန်ဖတ်နှင့်တကွ အမတ်များ၊ ဝန်များတို့မှာ အခက်အခဲတွေ့၍ နေကြလေသည်။

နောက်တစ်နေ့ နံနက်တွင်ကား မြေနန်းပြသာဒ်တွင် ဆင်တော်အပ်နှံရတော့မည်ဖြစ်ရာ ဆင်ကြန်ဖတ်တို့ အကြံရကျပ်၍ နေကြလေသည်။

နောက်တစ်နေ့ နံနက် ညီလာခံအပြီးတွင် ဘိုဦးတော်ဦးဝိုင်းသည် ဆင်တော်ရှိရာ မြေနန်းပြသာဒ်သို့ ဆင်းသက်ကြွလာတော်မူသည်။

"ငါ့ရဲ့ ဘုန်းတော်ကံတော်ကြောင့် ပေါ်ပေါက်ဆင်းသက်လာတဲ့ ဒီဆင်ဖြူတော်မှာ ဆင်ဖြူတော် လက္ခဏာပါရဲ့ မဟုတ်လား၊ မောင်မင်းများ"ဟု ရေလာမြောင်းပေး မေးမြန်းတော် မူပေသည်။

အကယ်၍ အမှန်အတိုင်း (မပါပါဘုရား)ဟု လျှောက်ချေသော် ရွှေဘောတော် မကျဘဲရှိချိမ့်မည်။ (ပါပါသည်ဘုရား)ဟု လျှောက်လျှင်လည်း အကယ်မပါသောကြောင့် မည်သည့်အချက်သည် အင်္ဂါညီပါ



သည်ဟု မလျှောက်တင်ခြင်းမပြုကြဘဲ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ငေးငိုင်၍နေကြသည်။

မိမိတို့၏ မှူးမတ်ဆင်ကြန်ဖတ်တို့ အကြံရကျပ်ကာ လျှောက်တင်ရန်ခက်နေသည်ကို အကဲခတ်မိသော ဘိုးတော်မှာလည်း "မင်းတို့စကား မိုးကြိုးသွား" ဟူသကဲ့သို့ မိမိလိုလားသော ဆင်ဖြူတော်ကို မလိုလားဟူ၍လည်း မမိန့်လိုပေ။

တစ်ကြောင်းမှာလည်း ခရီးဝေးကွာလှသောဒေသမှ ပို့ဆက်လာခြင်းဖြစ်၍ ငြင်းနေရန်လည်း မသင့်၊ ငြင်းဆန်ရန်လည်း မဖြစ်နိုင်သောအကြောင်းများလည်း ရှိသောကြောင့် ဘိုးတော်ဦးဝိုင်းမှာ ဆင်တော်ကို လက်ခံရမည်သာဖြစ်သည်ကို တွေးတောမိပြီးသား ဖြစ်ပေသည်။

ယခုမူ မိမိတို့၏ ဆင်ကြန်ဖတ်နှင့် မှူးမတ်များကလည်း တစ်စုံတစ်ရာ မလျှောက်တင်ကြသောကြောင့် ဘိုးတော်မှာ ဤနေရာတွင် လိမ္မာပါးနပ်စွာ လျှောက်တတ်သော အတွင်းဝန် ဦးပေါ်ဦးကို ကြည့်သောအခါ မတွေ့မမြင်ရဘဲ ရှိလေသည်။

"ဟဲ့ မြတ်တင်၊ ပေါ်ဦးကို မမြင်ပါလားဟဲ့"

"မှန်လှပါ ဗြဲတိုက်တော်မှာပါဘုရား"

"ခစားစေလေကွယ့်"

ထိုအခါဦးမြတ်ထင်က ဦးပေါ်ဦးထံ သံတော်ဆင့်တစ်ယောက်အား စေလွှတ်ကာခေါ်စေသဖြင့် ဦးပေါ်ဦး ရောက်ရှိရကား ရှိကိုးလျှာ ခစားနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဘိုးတော်ဦးဝိုင်းက မိန့်ကြားလိုက်ပြန်သည်။

ဟဲ့ ပေါ်ဦး ငါ့ရဲ့ ဘုန်းသမ္ဘာတော်ကြောင့်ပေါ်ပေါက် ဆက်သ လာသော ဒီဆင်တော်မှာ ဆင်ဖြူတော်အင်္ဂါ ပါမပါကို အသေအချာ လျှောက်စမ်း မောင်မင်း"

"မှန်လှပါ ဆင်ဖြူတော်ဆိုသည်မှာ အာဋ္ဌာဝက ဆဲဒ်ဂံဃျူဆင်၊ ပဏ္ဍရဆင်၊ တမ္ဗဆင်၊ ပိင်္ဂလဆင်၊ ပန္ဓဝဆင်၊ မင်္ဂလဆင်၊ ဟေမဆင်၊ ဥပေါသထဆင် ဆဒ္ဒန္တဆင် စသည့် ဆင်ဆယ်မျိုး ရှိပါသည်ဘုရား၊ အခု ဆက်သရောက်လာသော ဆင့်မှာ (ဟေမဆင်)မျိုး အပါအဝင် အင်္ဂါနှင့် ညီပါသဖြင့် နောက်အနှစ် ၆၀ ကြာသောအခါတွင် တစ်ကိုယ်လုံး ဖြူသောဆင်ဖြူတော် ဖြစ်လာပါလိမ့်မည်ဘုရား"ဟု လျှောက်ထားလိုက်လေသည်။

ဤတွင်မှ ဆင်ဖြူတော်၏ မြဲသနာမှာလည်း ဖြေရှင်းသွားပြီး ဘိုးတော်ဦးဝိုင်း ကျေနပ်တော်မူကာ ဆင်ဝန်ဆင်ထိန်းက သင့်လျော် သော တင်းကုပ်၌ ထားစေ ဆင်ဆက်သလာသူများအားလည်း ရွှေတိုက်စာရင်းတွင် သွင်းကြစေဟု မိန့်ကြားကာ အတွင်းတော်သို့ ဝင်ကြွသွားလေသည်။

မြတ်ထင်နှင့်တကွ ဝန်ကြီးများသည် ဗြဲတိုက်တော်သို့ ပြန်လာ ကြရင်း၊ ဦးပေါ်ဦးအား ဦးမြတ်ထင်က မေးမြန်းလေသည်။

"ဘယ့်နှယ်လဲ ဦးပေါ်ဦး ဆင်မည်းကြီးကို မြင်ပါလျက်နဲ့ ဆင်ဖြူတော်ဖြစ်အောင် လျှောက်တင်နိုင်လို့သာပေါ့ကွယ်၊ နို့မို့ရင် အခက်ပဲ"

"ဟုတ်တယ်လေ၊ ဒီလိုမှမလျှောက်တော့ မဖြစ်တော့ဘူး ကိုယ်တော်တိုင်က လိုလားနေပြီကိုး"



"အဲဒါကတော့ ဟုတ်ပါပြီ၊ နောင်အနှစ်ခြောက်ဆယ်ကြာတဲ့ အခါ၊ ဒီဆင်က တကယ်ဖြူမှာလား"

"ဩော်... ဦးမြတ်ထင်ရယ်၊ လူကြားပါ့မယ်၊ နောက်အနှစ် ခြောက်ဆယ်ကြာရင် ဘုရင်ကြီးရော၊ ဆင်ရော၊ ပါရော၊ မင်းရော ရှိတော့မှာလားကွယ့်၊ ဖြူတာမဖြူတာ ဘယ်သူလာပြီး ထိဦးမှာလဲ၊ ဟု ရယ်သွမ်းသွေးကာ ပြောလိုက်မှ "အယ် ဟုတ်ပေသားမို့"ဟု ပြောဆိုရယ်မောကာ ဗြဲတိုက်ပေါ်သို့ တက်ရောက်သွားကြလေတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



## ဇမ္ဗူဒိပ်ကျွန်း အလယ်တည့်တည့်

ဝန်ကြီးများ၊ မှူးမတ်ကြီးများတို့သည် ဘုရင်ကြီး ထွက်ကြ
လာသည်ကို လက်ယှက်ကာ ဝပ်တွားနေရင်း ညီလာခံထုံးစံအရ
တိုင်းရေးပြည်ရေး အုပ်ချုပ်ရေး၊ နယ်စွန်၊ နယ်ဖျားအရေး၊ စော်ဘွား
စော်ခံအရေး၊ သာသနာရေး၊ ဘာသာရေး၊ ဆွေတော်မျိုးတော်အရေး
စသည့် အရေးပေါင်းများစွာတို့ကို အစဉ်အလာအတိုင်း မေးမြန်းတော်
မူလေသည်။

ဆိုင်ရာကိစ္စတွင် တာဝန်ယူရသော ဝန်ကြီးများ၊ မှူးမတ်များတို့
က အကြောင်းထူးလျှင် ထူးသလို၊ မထူးလျှင် မထူးသလို တင်လျှောက်
ခဖြကြားကြလေသည်။

ညီလာခံစသည့် အချိန်သာလျှင် နံနက်တစ်ချက်တီး (စက်နာ
၈ နာရီခန့်)ဟု သတ်မှတ်ထားသော်လည်း ညီလာခံပြီးချိန်ဟူ၍ကာ
တိတိကျကျသတ်မှတ်ထားသည် မရှိပေ။ အရေးကြီးလျှင် ကြီးသလ
ဆွေးနွေးတိုင်းပင်ကြရလေသည်။

စစ်ရေး၊ နယ်ခြားရေးကဲ့သို့သော အရေးအခင်းကြီးသော
အချိန်များတွင် ညီလာခံအပြီး၌ စစ်ဘက်မှ ပုဂ္ဂိုလ်များသာ ပါဝင်ရသေ
ဗိုလ်ရှုံခံကိုပင် ဆက်လက်ကျင်းပရသေးသည်။

ယခုကဲ့သို့ အရေးအခင်း ကြီးကြီးကျယ်ကျယ် မရှိသောအ
တွင်မူကား၊ အလ္လာပ၊သလ္လာပစကားများ ပြောဆိုခြင်း၊ ပညာရေ

တပေရေး စသော အေးအေးဆေးဆေး ဆွေးနွေးရမည့် ကိစ္စများ၊
ရယ်စရာ၊ မောစရာများတို့ကိုပါ ပြောဆိုလေ့ရှိကြလေသည်။

"ငါသိချင်တာ တစ်ခုရှိတယ်"

"မိန့်တော်မူပါဘုရား"

"ငါတို့ရဲ့ ဇမ္ဗူဒိပါလက်ယာတောင်ကျွန်းမှာ မြတ်စွာဘုရား
ပွင့်တော်မူရာ မဇ္ဈိမဒေသလို့ရှိတယ် မဟုတ်လား"

မှန်လှပါ"

"အဲဒီ မဇ္ဈိမဒေသဆိုတာဟာ တောင်ကျွန်းရဲ့ အလယ်ဗဟိုဆိုတဲ့
အဓိပ္ပာယ်ရတယ်၊ အဲဒါ မှန်ရဲ့လား၊ မောင်မင်း"

"မမှန်ကြောင်းပါ"

"ဘာဖြစ်လို့လဲမောင်မင်း"

"ဇမ္ဗူဒိပါ လက်ယာတောင်ကျွန်းရဲ့ ဗဟိုချက်မ တကယ့်
အလည်တည့်တည့် ကျတာက ယောဒိအရှင် စံမြန်းတဲ့ နန်းတော်ပါ
ဘုရား"

"ဟယ် မဟုတ်တရုတ်၊ လျှောက်တင်ပြန်ပြီ"

"အမှန်စင်စစ် ဖြစ်ပါကြောင်း၊ အကျွန်တော်မျိုး အခိုင်အမာ
ဆိုင်နိုင်ပါတယ် ဘုရား"

"ယုံနိုင်ဖွယ်ရာ မရှိဘူးကွယ့်"

"ယုံတော်မမူလျှင် တိုင်းတာကြည့်တော်မူပါဘုရား" ဟု
လျှောက်တင်လိုက်ရာ ဘုရင်နှင့်တကွ မှူးမတ်အပေါင်းတို့ပါ ရယ်သွမ်း
သွေးကြရလေတော့သည်။

(ဦးပေါ်ဦး၏ ဆိုလိုချက်မှာ မည်သူမျှ မတိုင်းနိုင်သောကြောင့်
ဖြစ်ပေသည်။)

www.burmeseclassic.com

www.burmeseclassic.com

## တကယ့်ကျေးဇူးရှင်အစစ်

ဦးပေါ်ဦးသည် ပညာလည်းတတ်သည်။ သညာလည်းတတ်သည်။ ရတ်တရက်ဖြေတတ်သော သဒ်ဏှပ္ပတ္တိဉာဏ်၊ ဇဝနဉာဏ်လည်း ထက်သန်သည်။ ခက်ရာခက်ဆစ် မှန်သမျှကိုလည်း ဖြေရှင်းနိုင်စွမ်း ရှိသည်။ သို့သော်လည်း ကျေးဇူးတင်သည်ဟု ဝန်ခံပြောဆိုရခြင်း မရှိသည်မှာ ရှေးက မယ်ကံယုံပုံလို ရှိဘိသည်ဟု ဘိုးတော်ဦးဝိုင်းသည် အထင်တော် ရောက်၍နေသည်။

မိမိက ကောင်းစွာ သူကောင်းပြုထားပါလျက် မိမိအားပင်လျှင် ကျေးဇူးတင်ကြောင်း ဝန်ခံစကား မပြောရုံသာမက အရှင့်ဘုန်းတော်ကြောင့် ပေါ်လာရသော အမတ်မဟုတ်၊ မိမိ၏ဘဝ၊ ဘဝကုသိုလ်ကံကြောင့်ဖြစ်ပေါ်လာရသော အမတ်ပါဟုပင် ဆိုချေသေးသည်ကို ဘိုးတော်ဦးဝိုင်းသည် ခံပြင်းလျက်ရှိချေသည်။

သို့ကြောင့် မိမိကား ကျေးဇူးရှင် ဘုရာဖြစ်ကြောင်း ဝန်ခံစေရန် အတွက် မည်သို့မည်ပုံလုပ်ရမည် ကြံဆောင်တွေးတောလျက် ရှိလေသည်။

အခါတစ်ပါးသော် ဘိုးတော်ဦးဝိုင်းသည် ညနေခင်း ပန်းခုံတော် ဥယျာဉ်တွင် စံမြန်းနေခိုက်၊ ဦးပေါ်ဦးအား ဤကိစ္စကို ပွင့်လင်းစွာ မေးလေသည်။

ဦးပေါ်ဦးဟာ ရွှေဘိုမြို့နယ်က တန့်ဆည်ရွာသားပဲ၊ငါ့ဆီကိုသာ ရောက်မလာရင် လယ်ယာလုပ်ကိုင် စားရမယ့် သာမန်ဆင်းရဲသား



ကျွန်တော်မျိုးသာဖြစ်ရမယ်၊ အခု ငါ့ဆီ ရောက်လာလို့ငါက သူကောင်းပြုထားတော့ လွှတ်တော်ဝန်ကြီး၊ အတွင်းဝန်စတဲ့ ဘွဲ့ထူးဂုဏ်ထူးတွေ လစာရိက္ခာတော်တွေနဲ့ မပူပင် မတောင့်မတ နေရတာဟာ ငါ့ကျေးဇူးပဲ ဖြစ်တယ် မဟုတ်လား မောင်မင်း"

"မှန်လှပါ"

"မှန်မှလဲ မှန်တယ် တင်ပါကွယ်"

"မှန်လှပါတယ်ဘုရား"

"ဒါဖြင့် ငါ့ထက် ကျေးဇူးတင်ထိုက်သူများ ရှိသေးသလား"

"ထားရင်လဲ ရှင်၊ သတ်ရင်လဲ သေရမယ့် ပေါ်ဦးပါဘုရား၊ ဒါပေမယ့် အရှင် ကိုယ်တော်ထက် ကျေးဇူးတင်ရမယ့်သူ ရှိပါသေးတယ် ဘုရား"

"ကဲ– ဒါဖြင့် လျှောက်စမ်း"

"ဒီကိစ္စနှင့် ပတ်သက်လို့ ကျွန်တော်မျိုး ငယ်စဉ်က အဘိုး ပြောသောပုံပြင်ကို တင်လျှောက်လိုပါတယ်ဘုရား"

*　　*　　*

## ပေါ်ဦးပြောသောပုံပြင်

"ရွာတစ်ရွာမှာ ထင်းခုတ်သမား သားအမိ သားအဖ သုံးယောက် ရှိပါတယ်ဘုရား"

တစ်နေ့ကျတော့ သားအဖနှစ်ယောက် ထင်းခုတ်ရင်းက အဖေကို ကျားကြီးတစ်ကောင်က ကိုက်မယ့်အလုပ်မှာ သားက ဓားနဲ့ဝင်ခုတ်လို့ ကျားကြီးစင်းစင်း သေသွားပါရော။

သူတော့ ဒီတစ်ခါ အသေပဲလို့ တွက်ထားတဲ့ အဖေဟာ ကျားသေကြီးကို ကြည့်ပြီး ငါ့မှာ အမွေးတဲ့အသက် မရှိတော့ဘူး၊

www.burmeseclassic.com

www.burmeseclassic.com

ငါ့သားဟာ ငါ့အသက်သခင် ကျေးဇူးရှင်အစစ်ပါ၊ ငါ့ကျေးဇူးရှင်ကို ငါ ကန်တော့မယ်လို့ စိတ်ထဲတွေးပြီး သားကို သစ်ငုတ်တိုပေါ် အထိုင်ခိုင်း၊ ခေါင်းမှာ ပတ်ထားတဲ့ တဘက်ကလေးကို အသာ ခင်းလိုက်တော့ သားက ရိပ်မိပြီး–

"အဖေ ဒါ ဘာလုပ်တာလဲ"လို့ မေးလိုက်တော့

"သားရယ် အဖေ့မှာ အမေက မွေးတဲ့အသက် မရှိတော့ဘူး၊ ငါ့သား ကယ်လိုက်တဲ့ အသက်ပဲ ကျန်တော့တယ်။ ဒါကြောင့် ငါ့အသက်သခင် ကျေးဇူးရှင်အဖြစ်နဲ့ ကန်တော့ချင်လို့ပါလို့ ပြောပါတယ်ဘုရား၊ ဒီတော့ သားလုပ်တဲ့သူက–

"အဖေကလဲ မဟုတ်တာပဲ၊ အဖေက သားကို ကန်တော့ရ တယ်လို့ ကြံကြံဖန်ဖန် ပြောတဲ့အခါ အဖေက

"အသက်သခင် ကျေးဇူးရှင်ဆိုတာ ကန်တော့ရတယ်၊ ကန်တော့ကောင်းတယ်၊ မကန်တော့ နေမကောင်းဘူးလို့ဆိုပြီးအတင်း ကန်တော့မယ်လုပ်တော့ သားကလည်း အဖေကန်တော့ခံရင် ငရဲကြီးမှာ ကြောက်တာနဲ့ အကြံထုတ်ပြီး –

"အဖေကလဲ အဖေကျေးဇူးတင်တာ မှားနေပြီ၊ ကျွန်တော် အခုလို ကယ်နိုင်အောင် မွေးပေးတာက အမေရယ်၊ အမေက မွေးမ ပေးရင် ကျွန်တော် အခုလို ကယ်နိုင်မှာ မဟုတ်ဘူး၊ တကယ်လို့သာ ကျေးဇူးတင်ချင်ရင် အမေ့ကိုသာ တင်ထိုက်တာပေါ့၊ အမှန်က ကျေးဇူးရှင်အစစ်က အမေဗျ၊ အမေလို့ ပြောပါသတဲ့ဘုရား"

ဒီတစ်ခါ အဖေလုပ်သူကလည်း စဉ်းစားပြီး

"အေး ဟုတ်သဟ၊ သူမွေးလို့ မင်းလူဖြစ်လာပြီ ငါ့အသက်ကို ကယ်နိုင်တာပဲ ဟုတ်သဟ"ဟုလို့ ပြောပြီး အိမ်ကို ပြန်သွားကြတယ်၊ အိမ်ပြန်ရောက်တဲ့အခါ ထင်းစည်းကလေး ဖုတ်ခနဲချ၊ မီးဖိုထဲ



ချက်ပြုတ်နေတဲ့ မိန်းမကို အရေးတကြီး လှမ်းခေါ်လိုက်တော့ မိန်းမကလည်း ဘာများဖြစ်သလဲလို့ ပျာပျာသလဲ မီးဖိုထဲက ပြေးထွက် လာတော့ ခေါင်းရင်းခန်းကို လက်ညှိုးထိုးပြပြီး–

"ထိုင်စမ်းပါ၊ ဟိုမှာ ထိုင်စမ်းပါ"ဆိုပြီး အတင်းထိုင်ခိုင်းသတဲ့။

မိန်းမကလည်း ဘုမသိ, ဘမသိ ကြောင်တောင်တောင်ဖြစ်နေ တော့။ အတင်းဆွဲထိုင်ခိုင်းပြီး ခေါင်းပေါင်းထားတဲ့ မျက်နှာသုတ်ပဝါ ကလေး ဖြုတ်ခင်းပြီး ကန်တော့မယ်လုပ်တော့ မိန်းမကလည်း အံ့အားသင့်ပြီး–

"အလိုတော် မလုပ်ပါနဲ့ ငရဲအုံတွေ ကြီးကုန်ပါဦးမယ်၊ ရှင်ဘယ်လိုဖြစ်လာတာလဲ၊ တောထဲက အပ,တွေများ မှီလာသလား ဆိုပြီး အတင်းထမယ်လုပ်တော့–

"ထိုင်စမ်းပါ ရှင်မရာ၊ ငါ ကန်တော့ချင်လွန်းလို့ပါ"

"ရှင် ဘယ်လိုဖြစ်လာသလဲ၊ ပြောစမ်းပါဦး"

"တောထဲမှာ ငါကျားကြီးတစ်ကောင် ကိုက်တော့မယ့်ဆဲဆဲ မင်းသာက မားနဲ့ 'ဝင်ခုတ်လို့ ငါ အသက်ချမ်းသာရတယ်၊ မင်းသားကို အသက်သခင် ကျေးဇူးရှင်အဖြစ်လို့ ကန်တော့မယ် အလုပ်မှာ မင့်သားက မင့်မွေးလို့ ငါကို သူက ကယ်နိုင်တာတဲ့၊ မင်းသာ မမွေးပေးလို့ရှိရင် ငါ့ကို သူ ကယ်ခွင့်ရမှာ မဟုတ်ဘူးတဲ့၊ ဒါကြောင့် ငါ့အသက်သခင် ကျေးဇူးရှင်အစစ်ဟာ သူ့ကို မွေးပေးတဲ့မင်းပဲ ဖြစ်တယ်လို့ ပြောတယ်၊ ငါ စဉ်းစားကြည့်တော့လဲ ဟုတ်တယ်၊ မင်းမွေးပေးလို့သာ အခုငါအသက်ရှင်နေတာ၊ နို့မဟုတ်ရင်

www.burmeseclassic.com

 www.burmeseclassic.com

ကျားစာဖြစ်လို့ အခုသေနေပြီ၊ ဒါကြောင့် မင်းဟာ ငါ့အသက်သခင် ကျေးဇူးရှင်ဖြစ်လို့ ကန်တော့ချင်လွန်းလို့ပါ"

ဆိုပြီး အတင်းကန်တော့မယ် လုပ်တဲ့အခါ မိန်းမက ဟက်ဟက် ပက်ပက် ရယ်ပြီးတော့ –

"နေစမ်းပါဦး၊ ရှင်မစဉ်းစားမိဘူးလား၊ ရှင့်သားကို ကျွန်မ တစ်ယောက်တည်း အစွမ်းနဲ့ မွေးနိုင်ပါမလား၊ ရှင့်အစွမ်းကြောင့် မွေးနိုင်တာ မဟုတ်လား၊ ရှင်က ကျွန်မကို ကျေးဇူးတင်နေစရာ လိုသေးလား"ဟု ပြောတော့မှ အမေက ခဏစဉ်းစားပြီး

"အေး ဟုတ်သားပဲလို့ သူ့ကိုယ်သူ ပြောလိုက်ပါတယ် ဘုရား၊ ဒါကြောင့်ပေါ်ဦးသည်လဲ"

"တော်ပါတော့ကွယ်၊ မောင်မင်းပုံပြင်"ဟုဆိုကာ ဘိုးတော် ဦးဝိုင်းသည် တစ်ဖက်သို့ လှည့်ပြုံးတော်မူကာ အခြားစကားများကို ပြောင်းလဲ၍ဆိုနေလေတော့သတည်း။

* * *



# မြေခွန်လေခွန်ကောက်သော ဦးပေါ်ဦး

အခါတစ်ပါးတွင် ဘိုးတော်ဦးဝိုင်းက ဦးပေါ်ဦးကို ကျီစယ်လိုသော သဘောဖြင့်

"ပေါ်ဦးဟာ ငါ့ရဲ့ အိမ်တော်ပါ ငယ်ကျွန်လဲဖြစ်၊ ငါ၏ အကျိုးကို အလွန်ပဲ သည်ပိုးတဲ့အတွက် မြေဝန် ခန့်တော်မူမယ်၊ နန်းတော်ကြီး အတက်အဆင်း လှေကားကစပြီး အလျားခုနစ်တောင်၊ အနံ ခုနစ်တောင်မြေကို ကုန်အောင် စားရမည်"ဟု အမိန့်တော် ရှိလေသည်။

ပေါ်ဦးသည် နောက်တစ်နေ့မှစ၍ ညီလာခံ မတိုင်မီစောစော ကပင် အရောက်လာပြီး နန်းတော်လှေကားသို့ တက်သမျှ မင်းညီ မင်းသား၊ ဝန်ကြီး၊ မှူးမတ်များထံမှ (မြေခွန်ပေးရမည်)ဟု အတင်းအကျပ် တောင်းခံ ယူလေသည်ကို မင်းညီမင်းသား၊ ဝန်ကြီး မှူးမတ်များထံမှ (မြေခွန်ပေးရမည်)ဟု အတင်းအကျပ် တောင်းခံယူ လေသည်ကို မင်းညီမင်းသား၊ ဝန်ကြီး၊ မှူးမတ်များမှာ မကျေမနပ်နှင့် ပေါ်ဦးတောင်းသမျှ မြေခွန်ကို ပေးဆောင်ကြရလေသည်။

ထိုအကြောင်းကို ဘိုးတော်ဦးဝိုင်းအား လျှောက်ထားကြလေလျှင် ပေါ်ဦးအား ရှေ့တော်အရောက် ခစားစေ၍ –

www.burmeseclassic.com

www.burmeseclassic.com

"မောင်မင်းကို လေှကားခြေရင်းက မြေကို စားစေဟုပဲ အမိန့်တော် ချမှတ်ခဲ့သည်။ ယခုတမူ မောင်မင်းသည် ငါ၏အမိန့်ကို ဖီဆန်ရာကျနေပြီ၊ ဘာများ လျှောက်ထားလိုသလဲပေါ်ဦး"

"မှန်လှပါ၊ အရှင်မင်းမြတ်၏ အမိန့်တော်မြတ်မှာ (မြေဝန်) ခန့်တော်မူသည်ဟု နန်းတော်လှေကားရင်းမှ အနံ ခုနစ်တောင်မျှရှိသော မြေကို စားစေခဲ့ပါသည်။ မြေဝန်တို့မည်သည်မှာ မိမိကို အပိုင်စား ပေးသည့် မြေပေါ်သို့ ကျူးကျော်ဖြတ်သန်းသမျှ မြေခွန်ကောက်သည်မှာ အစဉ်အလာရှိပါ၍ ဘုရင့်အမိန့်တော်အရသာ ကောက်ခံရရှိခြင်းမှာ ပေါ်ဦးတွင် အပြစ်မရှိပါ ဘုရား"

ဘိုးတော်ဦးဝိုင်းက

"ပေါ်ဦးက စကားကိုးကတ် အလွန်တတ်သည်၊ မြေဝန်နှင့် မတော်၊ ယနေ့ကစ၍ လေဝန်အဖြစ် ခန့်တော်မူလိုက်သည်"

ဟု အမိန့်တော်မြတ် ပြောင်းလဲ သတ်မှတ်လေသည်။

ဦးပေါ်ဦးသည်လည်း ဘုရင်မင်းမြတ်က ငါ့အစွမ်းကို စမ်းလေသည်။ ဘာမျှ အရာမထင်သောလေကို စားစေသည်မှာ ငါ့အား ကျီစယ်ပြက်ရယ်ပြုဟန် တူသည်ဟုစဉ်းစားပြီး ကမ်းနားဆိပ်တွင် လာသမျှ ရွက်လှေများအား ကမ်းသို့ကပ်ပြီး (လေခွန်တော်) ကောက်ခံနေသည်ကို လှေသူကြီးများက ဆိပ်ကမ်းခွန်၊ အကောက်ခွန်များ ပေးဆောင်ပြီးပါလျက် ယခုတစ်ဖန် (လေခွန်တော်) တိုးသည်ကို မကျေမနပ်နှင့် ဓာဒက တက်ကြရာ ဘုရင့်ရွှေနားတော်သို့ ပေါက်ကြလေသဖြင့် ပေါ်ဦးကို ခေါ်တော်မူပြီး–

"ပေါ်ဦး မောင်မင်းဟာ ဘယ်သူ့အမိန့်နဲ့ အခွန်တော်တစ်မျိုး ထပ်တိုးလို့ ကောက်ပြန်ရတာလဲ"



"မှန်လှပါ၊ လေဝန်အရာ ခန့်အပ်တော်မူခြင်း အပ်ခံရပါသဖြင့် ရွက်လှေတို့သည် ဘုရားကျွန် ငပေါ်ဦး ပိုင်ဆိုင်သည့် လေကို ရွက်လှေတို့ အသုံးပြုသဖြင့် (လေဝန်)၏တာဝန်အရ လေကို အသုံးပြုသူတို့ထံမှ အခွန်တော် ကောက်ခံရခြင်းဖြစ်ကြောင်း၊ ယခုပင်လျှင် အရှင်မင်းမြတ်၏ စာဖိုဆောင်တွင် စာဖိုမှူးကို ချောင်းမြောင်းကြည့်ရှုနေဆဲ အရှင်မင်းမြတ် အမိန့်တော်ကြောင့် ထလာရရကြောင်းပါ ဘုရား"

"ငါ့ စားဖိုမှူးကို ဘာကြောင့် မောင်မင်းက ချောင်းမြောင်း ကြည့်နေရတာလဲ"

"မှန်လှပါ၊ စားဖိုမှူးသည် ထင်းရေစိုကို သုံးမိသောအခါ မီးတောက်စေရန် (မီးပြောင်း)ကို မှုတ်ပါလိမ့်မည် မီးပြောင်းသာ မှုတ်ခဲ့ပါလျှင် ကျွန်တော်မျိုးကို အပိုင်စားပေးထားသည့် (လေ)ကို အသုံးပြုသည့်အတွက် လေခွန်တော်ကောက်ရန် ချောင်းမြောင်းနေခြင်း ဖြစ်ပါကြောင်းဘုရား"

"ကဲ ကဲ ငါကျီစားတော်မူတာပါ၊ (လေဝန်) အရာကလဲ နုတ်သိမ်းလိုက်ပါရစေတော့၊ လေခွန်တွေလဲ မကောက်ပါနဲ့တော့၊ တော်တော်ကြာ အန္တရာယ် မကွယ်နိုင်လို့ လေလည်တာတောင် အခွန်ကောက်ဦးမယ့် ပေါ်ဦးပဲ"ဟု ရယ်မောရင်း လေဝန်ရာ အနုတ်သိမ်းလိုက်ပြန်သတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com

# စိဋ္ဌမာနကြွက်ငယ်ပမာ

ဘိုးတော်ဘုရားသည် ရှေးရှေးသောမင်းတို့အကြောင်း ပြန်ပြောင်းစဉ်းစားမိရာမှ အနီးတွင်ရှိသော အမတ်ကြီး ဦးပေါ်ဦးအား–

"ပေါ်ဦး ငါ တစ်ခု စဉ်းစားမိသည်မှာ ရှေးသရေခေတ္တရာပြည် သမုဒ္ဒရာမင်း လက်ထက်တွင် တစ်ကြိမ်၊ ပေါက္ကံပြည် ပုပ္ပားစောရဟန်း လက်ထက်တွင်တစ်ကြိမ် သင်္ကရာဇ်ကို ဖြိုခဲ့ကြသည်။ ထိုမင်းတို့ ဖြိုခဲ့သော သင်္ကရာဇ်တို့သည် အဘယ်သို့ရောက်၍ ပျောက်ပျက်လွင့်ပါး သွားလေသနည်းဟု ငါကိုယ်တော်မြတ် စဉ်းစားတော်မူမိသည်"ဟု မိန့်ကြားလေလျှင် ဦးပေါ်ဦးက–

"မှန်လှပါ နက်နက်နဲနဲစဉ်းစားတော်မူသည်မှာ သင့်လျော်လှပေသည်၊ သို့ရာတွင် ဖြိုလိုက်သည့်သင်္ကရာဇ် အဘယ်သို့ရောက်၍ ပျောက်ပျက်လေဘိသနည်းဟု ကြံဆတွေးတောမိခြင်းမှာ ရှေးထုံးစကား (စိဋ္ဌမာနထံရောက်သော) ကြွက် ပျောက်သည့် ကိစ္စကို ကြံဆတွေးတောသလို ဖြစ်နေပါဦးမည် ဘုရား"

"ပေါ်ဦး မောင်မင်းပြောတဲ့ စိဋ္ဌမာနထံရောက်တဲ့ ကြွက်ပျောက်သည့် ကိစ္စကို ကြံဆပုံအကြောင်းကို လျှောက်တင်စမ်းပါဦး"ဟု အခွင့်သာလေလျှင်–

"မှန်လှပါ၊ သုံးလူ့ထွတ်ထား မြတ်စွာဘုရားသည် ပရိသတ်လေးပါးတို့၏အလယ် တင့်တယ်စွာ စံပယ်တော်မူလျက် တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူစဉ် မြတ်စွာဘုရားသခင်ကို အရှက်တော်ကွဲ အကျိုးနည်းလေအောင် စိဋ္ဌမာန အမည်ရှိသည့်



မိန်းမက ကိုယ်ဝန်ဆောင်အသွင် ဝမ်းဗိုက်တွင် သစ်ခွံသစ်ဖြားကို ကပ်ပြီး ကြိုးစည်းလျက် တရားဟော မဏ္ဍပ်အတွင်း ပရိသတ်အလယ်သို့ ရောက်အောင်လာပြီး မြတ်စွာဘုရားသခင်နှင့် ရရှိသည့် ကိုယ်ဝန်ဟု စွပ်စွဲလျက် အရှက်ကွဲစေရန်–

"ရှင်ကြီးဂေါတမ၊ သင်သည် ငါ့ကို မယားပြုပြီးမှ ယခုတရားဟောနေခြင်းကား အလျဉ်းမသင့်လျော်ပါ၊ သင်နှင့်ငါ ပေါင်းသင်းသဖြင့် ပဋိသန္ဓေရင့်လျက် ဖွားခွင့်အချိန်နီးပါပြီ၊ မီးနေအိမ်၊ မီးနေထင်း၊ ဆီ၊ နနွင်း စသည်တို့ကို စုဆောင်းပြင်ဆင်ပါလော့"ဟု အရှက်ကွဲအောင် စွပ်စွဲလေသည်။

မြတ်စွာဘုရားက

"စိဋ္ဌမာန၊ သင် ယခုပြောသောစကားသည် ဟုတ် မဟုတ် မှန် မမှန် အကြောင်းအရာကို သူတစ်ပါးတို့ မသိနိုင်ရာ သင်နှင့်ငါသာ သိနိုင်ရာ၏"ဟု မိန့်တော်မူ၏။

ထိုအခါ သိကြားမင်းသည် မြတ်စွာဘုရားအား လင်မဟုတ်ဘဲ စွပ်စွဲလျက်ရှိသောအမှုကို ပရိသတ်တို့ မျက်မှောက်တွင် ထင်ရှားအောင် ပြုမည်ဟု တစ်ဦးသော နတ်သားကို ခေါ်ပြီးလျှင် "အသင်နတ်သား မြတ်စွာဘုရားသခင်ကို လင်ဟု စွပ်စွဲသော စိဋ္ဌမာန မိန်းမယုတ်၏ ဝမ်းဗိုက်တွင် ချည်နှောင်ထားသော ကြိုးတို့ကို ဖြတ်ချနိုင်အောင် အသင်နတ်သားသည် ကြွက်အသွင်သဏ္ဍာန် ဖန်ဆင်းလျက် သွားရောက် ကိုက်ဖြတ်ချေ"ဟု စေခိုင်းလေသည်။

နတ်သားသည် ကြွက်ငယ်သဏ္ဍာန် ဖန်ဆင်းလျက် ပရိသတ်အလယ်သို့ ဝင်သွားပြီး စိဋ္ဌမာန၏ခြေဖမိုးမှ အထက်သို့ တက်သွားပြီး ထဘီကြားသို့ ဝင်သွားသည်ကို မြင်ကြရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နတ်သားသည် ကြိုးတို့ကို ကိုက်ဖြတ်လျှင် ပျဉ်ချပ်တိုသည် ကြိုးပြတ်၍ စိဋ္ဌမာနခြေဖမိုးမှကျလျက် ကိုယ်ဝန်ဆောင်သဏ္ဍာန် ဆောင်သည့် မတရားစွဲချက်တို့မှာ ပျက်လျှင် စိဋ္ဌမာနသည် အရှက်ကွဲ ဖြစ်ရတော့သည်။

ဤတွင် အတွေးခေါင်တတ်သော သူတစ်ချို့၏ စဉ်းစား သည်မှာ ကြွက်ငယ်တစ်ကောင်သည် ပရိသတ်အလယ်တွင် စိဋ္ဌမာန၏ ခြေဖမိုးအထက် ထဘီကြားသို့ တက်၍သွားသည်မှာ အထင်အရှား မြင်ကြရပါလျက် ကြိုးကို ကိုက်ဖြတ်ပြီးနောက် ထိုကြွက်ငယ်မှာ ပြန်ဆင်းလာသည်ကို မတွေ့ရ။ အဘယ်အရပ်သို့ ရောက်သွားလေ သနည်းဟု ကြံဆတွေးတောပြောဆိုရယ်မောကြပါသည်။

ယခုလည်း အရှင်မင်းမြတ်သည် ရှေးမင်းတို့ ဖြိုခဲ့သော သက္ကရာဇ်များ အဘယ်သို့ ရောက်သွားကြသနည်းဟု စဉ်းစား တွေးခေါ်၍ မေးမြန်းတော်မူသည်ကို ဘုရားကျွန်ဝန် ငပေါ်ဦးက အထူးတင်လျှောက်လိုသည်မှာ ဂယ်ပေါက်တွင်းပေါက်ရှိရာ ခိုအောင်း နေဟန် လက္ခဏာရှိပါသည်ဘုရား"ဟု လျှောက်ထားလေလျှင် ညီလာခံ မင်းပရိသတ်မှာ အုတ်အုတ်ကျက်ကျက် ရယ်မောကြလေ သတည်း။

* * *

## ဇမ္ဗူဒိပ်ကျွန်း နိမိတ်ထွန်း

ဘိုးတော်ဦးဝိုင်းသည် တစ်နေ့သော ညီလာခံတွင် ညည်းညူ တော်မူသည်မှာ

"ငါကိုယ်တော် အရှင်မြတ်သည် ယိုးဒယားနိုင်ငံ အလုံးကို သိမ်းကြုံးရန် ချီတက်သည့်အခါ အယူတော် မင်္ဂလာအား တဘောင် စနည်းနာစေခဲ့သည်။ အယူတော် မင်္ဂလာက "မချီလျှင် ခေါင်က ချီလျှင်နောင်တ" ကြားနာခဲ့ရကြောင်း တင်လျှောက်သော်လဲ တဘောင် စနည်း ဆိုသည်မှာ အစဉ်အမြဲ မှတ်ယူသင့်သော စကားမဟုတ်၊ ယိုးဒယားပြည် ဆိုသည်မှာလဲမင်းသိမ်မင်းငယ် စိုးရိမ်ဖွယ်ရာမရှိဟု သဘောထားကာ အယူတော်မင်္ဂလာ စကားကို မနာယူဘဲ ချီတက်တိုက် ခိုက်စေခဲ့ရာ အရေးမသာရှိခဲ့သည်။ အယူတော်မင်္ဂလာ၏ တဘောင်ကို ကြံဆောင်ချေပစေခဲ့ရာလဲ အချည်းနှီးပင် ဖြစ်ခဲ့သည်။ ငါတို့ မြန်မာနိုင်ငံတွင်ရှိသော မှူးတော်မတ်တော်တို့မှာ အရေးရှိက ဘယ်သူမှ အားမကိုးရ၊ ယတြာကိန်းခန်း လောကီလမ်းကို တတ်ကျွမ်း လိမ္မာသည့် ဆရာဆိုသည်မှာလဲ အမည်မျှသာ ရချေသည်"ဟု ညည်းညူတော် မူလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဦးပေါ်ဦးက သံတော်ဦးတင်သည်မှာ

"ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်း နိမိတ်တွန်းဆိုတဲ့စကား ရှိပါတယ်ဘုရား၊ ဒီကျွန်းဟာ ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်း အစစ်အမှန် ဖြစ်ပါတယ်၊ နိမိတ်ဩဘာထွန်းတဲ့ ကျွန်းလဲမှန်ပါတယ်၊ သူ့ခေတ်နဲ့ သူ့အခါအလိုက် ကြုံကြိုက်တဲ့ တဘောင်စကားဟာ မမှားနိုင်ပါဘုရား"

"နေပါဦး ပေါ်ဦးရဲ့၊ ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်း အစစ်အမှန်လို့ဆိုတာ ဘယ်အထောက်အထားနဲ့ ပြောနိုင်သလဲ"

"မှန်လှပါ၊ ဇမ္ဗူဒီတ်ကျွန်းမှာ ပေါက်ရောက်ကြတဲ့ သစ်ပင်အားလုံးတို့မှာ နွယ်ပင်တို့ဟာ အားထားမှီခိုရာ သစ်ပင်တွေကိုနွယ်ပြီး တက်ကြတဲ့အခါ လက်ယာရစ်သာနွယ်ပြီး တက်ကြပါတယ်၊ လက်ဝဲရစ် မတက်ကြပါ၊ အနွယ်ကို အနွယ်ချင်း ရစ်ပတ်ပြီးတဲ့အခါမှာလဲ လက်ယာရစ်သာနွယ်ပြီး တက်ကြပါတယ်၊ တစ်ခါတစ်ရံ ရှားမှရှားတဲ့ လက်ဝဲရစ်တက်တဲ့ နွယ်ပင်များကို တွေ့တဲ့အခါ ပယောဂဆရာတို့ဟာ ထူးခြားတဲ့ နွယ်ပင်ဖြစ်လို့ ဖြတ်တောက်ယူငင် ထောင်းထုပြီး ပယောဂဆေးအဖြစ် ဖော်စပ်ကာ ဆိုင်ရာ ရောဂါများကို ကုတတ်ကြပါတယ်၊ ပျောက်လဲပျောက်တတ်ပါတယ်ဘုရား"

"အေး ပေါ်ဦးစကားက ဟုတ်တုတ်တုတ်ပဲဟေ့"

"မှန်လှပါ၊ ဒါကြောင့် ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်းဟာ နိမိတ်ဩဘာထွန်းတဲ့ ကျွန်းဖြစ်တဲ့အတိုင်း သူ့အကြောင်းအရာနဲ့သူ ကြုံကြိုက်ပေါ်ပေါက်လာတဲ့ နိမိတ်ဩဘာ စကားများဟာ မှန်ကန်တယ်လို့ ယူဆပါတယ်၊ ဒါကြောင့်လဲ အယူတော်မင်္ဂလာ တင်လျှောက်တဲ့ နိမိတ်တဘောင်စကားကို ဖယ်ရှားပြီး ချီတော်မူစေတဲ့အတွက်



ဝိုလ်, လူ့ဆင်, မြင်း အလုံးအရင်းတို့ ပင်ပန်းခြင်းဖြစ်ပါတယ်ဘုရား"ဟု လျှောက်ထားရာ ဘိုးတော်ဦးဝိုင်းမှာ ပြုံးတော်မူလျက် နေတော်မူရလေသတည်း။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အနော်ရထာ ကျွဲဖြူစတ်သည့်ထုံး

ဘိုးတော်ဦးဝိုင်းက ဇမ္ဗူဒိပါ လက်ယာတောင်ကျွန်း နိမိတ်ဩဘာထွန်းသည့် အကြောင်း ဦးပေါ်ဦး လျှောက်ထားချက်ကို နှစ်သက်စွာ လက်ခံတော်မူသော်လည်း အပျင်းလည်းပြေ ဗဟုသုတလည်းရရှိစေရန် ရည်သန်တော်မူပြီး ဦးပေါ်ဦးအား မေးမြန်းတော်မူသည်။

"ပေါ်ဦး လျှောက်တင်ချက်စကား ရွှေနားဝင်တော်မူပါတယ်၊ ဒါပေမယ့် ဥပမာ အထောက်အထားကို ထပ်မံလျှောက်ထားဦးကွယ့်"

"မှန်လှပါ၊ အရှင်ဘုရား၏ ဘေးလောင်းတော်ဖြစ်သော အနော်ရထာမင်းသည် ရထားစီးပြီး နန်းတော်မှထွက်တော်မူရာ ရထားဦးက ထူးဆန်းတဲ့အသံ၊ မြေကြီးထဲက ရင်ကွဲမတတ် ဟစ်အော်ငိုကြွေးတဲ့အသံကို ကြားရလို့ ထင်ရှားသိသာရန် ပုဏ္ဏားတော်များကို မေးမြန်းတဲ့အခါ ဖားပိုသေလို့ ဖားမငိုတဲ့အသံဖြစ်ကြောင်း လျှောက်ထားကြပါတယ်"

"အေး ဆိုစမ်းပါဦး"

"ဘေးလောင်းတော် အနော်ရထာမင်းလဲ ပုဏ္ဏားတွေ လျှောက်စကားထင်ရှားသိသာအောင် မြေကို တူးပြီး ကြည့်စေပါတယ်၊ လျှောက်တင်တဲ့အတိုင်း အမှန်ပဲ တွေ့ရပါတယ်"



"အေး တယ်တော်တဲ့ ပညာရှိတွေပါလား"

"မှန်လှပါ၊ ဖား၏နိမိတ်အတိတ်ကို သိလိုတဲ့အတွက် ပညာရှိတို့ကို မေးမြန်းတဲ့အခါ ဒီအတိတ်ဟာ အနိဋ္ဌာရုံ အနိဋ္ဌာအသံဖြစ်တာကြောင့် အရှင်မင်းမြတ် ထွက်တော်မမူသင့်ပါ၊ ပျက်စီးခြင်း ဖြစ်ပါလိမ့်မယ်ဘုရားလို့ လျှောက်ထားတာကို ဘေးလောင်းတော် အနော်ရထာမင်းမြတ်က ငါကဲ့သို့ ကြိမ်စကြာရှင်ကို ဘယ်ဘေးရန်က နှောင့်ယှက်နိုင်မလဲလို့ ဘုန်းလက်ရုံးကို အားကိုးတော်မူပြီး ပညာရှိတို့ စကားကို မနာယူဘဲ ထွက်ကြွတော်မူရာမှာ ကိုးခရိုင်အရောက် ကျွဲဖြူခတ်လို့ နတ်ရွာစံရကြောင်း ထုံးဟောင်းသာဓက ရှိပါတယ် ဘုရား"



www.burmeseclassic.com

www.burmeseclassic.com

## ဇရွဲကနံ့လှထွက် မင်းကံစီ

ဘိုးတော်ဦးဝိုင်းသည် ဦးပေါ်ဦး တင်စကားကိုဘဝင်မကျရှိပြန်လေသည်။

"ပေါ်ဦးရဲ့ မင်းလျှောက်တင်တဲ့ စကားအောင်မြင်တဲ့ နိမိတ်မင်္ဂလာ စကားဘက် လှည့်ပြီး လျှောက်ဦးမှပေါ့ကွယ့်"

"မှန်လှပါ၊ အောင်မြင်တဲ့ဥပမာ လျှောက်တင်ရန်များလဲရှိပါတယ်၊ ရွှေနားဆင်တော်မူပါဘုရား"

"စစ်တို့ရဲ့သဘောမှာ ကိုယ့်ဘက်ကို လက်နက်အင်အားလူအင်အား ကြီးမားတယ်ရယ်လို့ အားကိုးတစ်ခုပြုရင် မှားတတ်ပါတယ်၊ ရေနေ၊ မြေနေ၊ တပ်ခြေခိုင်လုံ၊ ဗိုလ်ပုံရိက္ခာ ပြည့်စုံသည်သာပဓာန ပြစ်ပါတယ်။ ဟံသာဝတီ ဆင်ဖြူရှင်ရဲ့သားတော် ဗညားနွဲ့ခေါ် ရာဇဓိရာဇ်ဟာ ဥက္ကလာပမြို့ကို တိဂုံရွှေစေတီ ခြေတော်ရင်းကအလွန့်အလွန် အင်အားနည်းပါးလှတဲ့ စစ်သည်ဗိုလ်ပါတို့နဲ့ ဟံသာဝတီပြည်ကို လုပ်ကြံရာမှာ ဇရွဲကနံ့လှထွက် မင်းကံစီရဲ့ စကားကိုနာယူခဲ့လို့ အလွန်အင်အားကြီးမားတဲ့ ဟံသာဝတီရွှေပြည်ကို စိုးပိုင်ခဲ့ပါတယ်ဘုရား"


"အေး– ကောင်းလှကွယ်"



"ဘဝရှင်မင်းတရားကြီး ယိုးဒယားကို ချီတက်သိမ်းပိုက်လိုတဲ့ ဆန္ဒတော်ပြည့်ဝဖို့ရာမှာ ဘုရားအလောင်းတော် မဟာဇနက္က ကောင်းစားဖို့အချိန် ရောက်တဲ့အခါ ပေါလဇနက မင်းကြီး ပျက်စီးရသလို အရှင်မင်းတရားကြီး ရွှေဘုန်းတော်အချိန်တန်က သာမန်အားနဲ့ပဲ ယိုးဒယားကို အလွယ်ရနိုင်ပါလိမ့်မယ်ဘုရား"

ဟု လျှောက်ထားလေမှ အားရနှစ်သက်တော်မူပြီး ဆုတော်များပေးသနားတော် မူလေသည်။

(ဇရွဲကနံ့ လှထွက် ပညာရှိ မင်းကံစီအကြောင်းအကျယ်ကို သိလိုလျှင် လယ်သမားဘဝမှ ပညာရှိဖြစ်လာသော "စတိုင်ညို" စာအုပ်ကို ဝယ်ယူဖတ်ရှုကြပါရန်။)



www.burmeseclassic.com

www.burmeseclassic.com



# ဆင်ဖြူတော် မော်ကွန်း

ဘိုးတော်မင်းတရားကြီးသည် ဟံသာဝတီ တောင်ဘက် နိဗ္ဗာန်ရွာမှ ဆက်သလာသော "နိဗ္ဗာနပစ္စယ" ဆင်တော်ကို လွန်စွာပင် မြတ်နိုးတော်မူလှသဖြင့် ဆင်ဖြူတော် တန်ဆောင်နှင့်တကွ မင်းခမ်း မင်းနား ဆန်းပြားစွာ ကျင်းပရာ အရပ်ရပ်သော ရဟန်းပညာရှိ လူပညာရှိ အများက(ဆင်ဖြူတော်တွဲ့ မော်ကွန်း)ကို ရေးသားဆက်သွင်း ကြသည်။ သို့သော် ဦးပေါ်ဦးက ရေးသားဆက်သွင်းခြင်း မရှိသဖြင့် ဘိုးတော်ဘုရားက

"ယခု ငါ၏ ဆင်တော်မော်ကွန်းကို ချီးမွမ်းပြီးအသီးသီး စာဆိုဆက်သွင်းကြသည်။ အတွင်းဝန် မောင်ပေါ်ဦး၊ မောင်မင်းဘယ် အတွက် မရေးသားမဆက်သဘဲ နေသလဲ"ဟု မေးတော်မူရာ၊ ဦးပေါ်ဦးက–

"အရှင်ရတော်မူတဲ့ နိဗ္ဗာနပစ္စယဆင်မင်းဟာ သာမညဆင် မဟုတ်ပါ၊ ဘုန်းသမ္ဘာနဲ့ ပြည့်စုံတဲ့ မင်းများသာ စီးနင်းထိုက်တဲ့ ဆဒ္ဒန်မျိုးအစစ် ရတနာဆင်တော် ဖြစ်ပါတယ်၊ ဝေဿန္တရာမင်းကြီး ဘုန်းကံကြောင့် ရောက်ရှိလာတဲ့ ဆင်ဖြူတော်ရတနာကို ဘယ်ပညာရှိ ကမှ ရေးသားဆက်သွင်းတယ်လို့ ဘယ်ကျမ်းဂန်မှ မတွေ့ပါ၊ ယခု ဘုရားကျွန်ဝန် ငပေါ်ဦး ဆင်တော်ချီးကျူးတဲ့ မော်ကွန်းကို ရေးရပါလျှင်

BURMESE CLASSIC .com



အလွန် အဖိုးထိုက်တန် မွန်မြတ်တဲ့ ဆင်တော်ရတနာရဲ့ ဂုဏ်ပုဒ်ကို အပုံတစ်ရာပုံ တစ်ပုံမျှသာ ချီးမွမ်းစကားလုံး ရှာတွေ့နိုင်ပါမည်။ (ဓမ္မူရစ်ရွှေစင် မှန်ပါလျက် ပညာသိမ်တဲ့ ပန်းတိမ်ဆရာက မွမ်းမံပါလျှင် အရောင်မှိန် တန်ခိုးညှံ့ ဖြစ်တတ်ပါတယ်။) ဒါကြောင့် အရှင့် ဘုန်းကံကြောင့် ပေါ်ပေါက်လာရတဲ့ နိဗ္ဗာနပစ္စယနာဂရာဇာ ဆင်ရတနာရဲ့ဂုဏ်ပုဒ်ကို ဘယ်သူပင် စာစပ်သော်လည်း ဆင်တော် မှာသာ ဂုဏ်ပျက်ပြီး စာစပ်ကျိုးနပ်မည် မဟုတ်ကြောင်းပါ ဘုရား"

"ပေါ်ဦးတို့ပြောလိုက်မှ ကြီးကြီးကျယ်ကျယ်ချည်းပဲ"

"ကြီးကြီးကျယ်ကျယ် တင်လျှောက်သည်မဟုတ်ပါ၊ အလွန်ကြီးမားတဲ့ ဘုန်းတန်ခိုးရှိတဲ့ ဘုရင်မင်းတရားများသာ စီးသင့်စီးထိုက်တဲ့ ဆဒ္ဒန် ဆင်မျိုးဖြစ်နေလို့ ကျွန်တော်မျိုး အကောင်းဆုံးစကားလုံးတွေကို ရွေးပြီး စာစပ်ရင်တောင်မှ ဆင်ဖြူတော် ပျက်စရာအကြောင်းမြင်လို့ ပေါ်ဦးက မရေးသား မဆက်သွင်းတာပါ၊ အကယ်၍ ဆင်ဖြူတော် ကို အပျက်ခံနိုင်ပါရင် ဘုရားကျွန် ငပေါ်ဦးလဲ(ဆင်ဖြူတော်မော်ကွန်း) ကို စာဆို ဆက်သွင်းပါ့မယ် ဘုရား"

"တော်ပါတော့ ပေါ်ဦးရယ် မင်းလဲ မော်ကွန်းမရေးပါနဲ့တော့၊ ငါ့ဆင်တော် ပျက်ပါ့မယ်"ဟု ရယ်သွမ်းသွေးကာ မိန့်တော်မူလေ သတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com

# ပေါ်ဦးတင်လျှောက်ချက်ကြောင့် အယူတော်မင်္ဂလာ ဆုတော်ထပ်ရခြင်း

ဘိုးတော်ဦးဝိုင်းက သတိတရ မေးတော်မူပြန်သည်။

"ပေါ်ဦး၊ ငါမြင်မက်တော်မူတဲ့ အိပ်မက်ကိုအယူတော် မင်္ဂလာ နိမိတ်ကောက်ပြီး ဖတ်လျှောက်ရာမှာ သမီးကညာလေးယောက် အဆက်သ ခံရပါလိမ့်မယ်ဆိုတဲ့ စကားအရလဲ ဝေသာလီပြည်ကပဲ သမီးကညာ လေးယောက်ပြည့်အောင် ဆက်သလာတယ်၊ ဆင်ဖြူ နှစ်စီး လာမယ်ဆိုတာလဲမှန်တယ်၊ သရိုရ ဓာတ်တော် မွေတော်ကို ပူဇော်ကိုးကွယ်ရမယ်ဆိုတဲ့ စကားလဲ သီဟိုဠ်ကျွန်းက ကြွရောက်တော် မူလာလို့ ပူဇော်ရတယ်၊ ဒီလို တစ်သဝေမတိမ်း မှန်ကန်အောင် ဖတ်လျှောက်နိုင်ခြင်းဟာ အယူတော် မင်္ဂလာကိုများစွာ အံ့သြဖို့ ကောင်းပေတယ် ပေါ်ဦးရဲ့"

"မှန်လှပါ၊ ဘုန်းတော်ကြောင့် အယူတော်မင်္ဂလာ အိပ်မက် နိမိတ်ဖတ်ရာမှာ ဆုပေးတော်မူတာနည်းတယ်လို့ တင်တော်မူပါတယ် ဘုရား"

"အေး ပေါ်ဦးတို့ စကားစလိုက်ရင် အတွန့်ကလေး တက်လာ ပြန်ပြီ"



"မှန်လှပါ၊ အိပ်မက်နိမိတ် ကောက်ယူရတယ် ဆိုတာမှာ လွန်စွာအရေးကြီးပါတယ်၊ အိပ်မက်ပင် ကောင်းလျက် ကောက်ယူ သူက ပညာဉာဏ်နန့်နဲ့ပြီး၊ အိပ်မက်ရဲ့ အာနိသင် တစ်ဝက်လောက် သာ ကောက်ယူဟောဖတ်မယ်ဆိုရင် အိပ်မက်သူမှာ တစ်ဝက်သာ အကျိုး ခံစားရတတ်ပြီ အိပ်မက်ကောက်ယူသူကိုပါ ထိခိုက်ရန်ရှာတတ် ပါသည်"

အိမ်း ပေါ်ဦးတို့ ပြောလိုက်ရင် စိတ်ဝင်စားစရာ ကောင်းအောင် ပြောတတ်တယ်ဟ"

"မှန်လှပါ၊ အထောက်အထားများ ရှိပါတယ် ဘုရား"

"အေး မင်းရှာကြံပြောတော့မယ်ဆိုတာ ငါသိသားပါ၊ ပြောစမ်း ပါဦး ပေါ်ဦးရဲ့၊ ဆင်ခြေကို နားဆင်ကြဦး မင်းကြီးများ"

"မှန်လှပါ၊ ရှေးအထက်က သိန်းခွန်မင်း ညီအစ်ကိုတို့ စစ်ထိုးကြရာမှာ ညီက စစ်ရှုံးလို့ စလေအရပ်မှာ ပုန်းအောင်းနေခဲ့ရ ပါတယ်၊ သိန်းခွန် ညီအစ်ကိုမြေး(စလေငခွေး)ကို ဖွားမြင်တော့ မိခင်ဖခင်တို့မှာ ဆင်းရဲလှတဲ့အတွက် သူဌေးတစ်ဦးအိမ်မှာသားကလေး စလေငခွေးကို ရောင်းလိုက်ရပါတယ်။

စလေငခွေးဟာ တစ်နေ့သုံးခါ ခေါင်းဖြီးလေ့ရှိတယ်၊ ဝတ် ကောင်းစားကောင်း နံ့သာပြောင်း စသည်တို့ကို ကြိုက်တယ်၊ စလေငခွေးဟာ သူကြွယ်ရဲ့အိမ်မှာ လှေထိုးသားဘဝနဲ့ တစ်နေ့တော့ ပေါက္ကံပြည်ကို လှေထိုးခိုင်းရာ ပေါက္ကံကို မရောက်မီ စခန်းတစ်ခုမှာ ညအိပ်တဲ့အခါ အိပ်မက်မြင်မက်ပါတယ်၊ သူရဲ့ ဗိုလ်ထဲက အူ[illegible] ချက်က ပေါက်ထွက်လာပြီး ရှည်လျားတဲ့အူဟာ ပုဂံမြို့ကြီးကို ရစ်ပစ်နေတယ်လို့ အိပ်မက် မြင်မက်ပါတယ်ဘုရား၊ မနက်မိုးလင်းလို့

www.burmeseclassic.com

www.burmeseclassic.com



လေ့ကို ဆက်ထွက်ရာမှာ ထိုးဝါးမှာ ရွှေသားအတိပြီးသော မနော လင်ပန်းတစ်ချပ်ငြိပြီး ပါလာတာကို တွေ့ရပါတယ်၊ စလေငခွေးဟာ ငါ့အိပ်မက်ကို မနော လင်ပန်းတစ်ချပ်နဲ့ မလဲနိုင်ဘူးလို့ စိတ်ကူးပြီး ထိုးဝါးကို ခါချခဲ့ပါတယ်။

ပေါက္ကံပြည်ကိုရောက်တဲ့အခါ ဆရာပုရောဟိတ် ပုဏ္ဏားအိမ်ကို ဝင်ပြီး အိပ်မက်ကို ဟောခိုင်းဖို့သွားပါတယ်။ ဆရာပုဏ္ဏား မရှိခိုက်ဖြစ်လို့ ပုဏ္ဏေးမကို အိပ်မက်အကြောင်းပြောပြမေးမြန်းတဲ့အခါ ပုဏ္ဏေးမက ဒီအိပ်မက်ဟာ အသက်ရှည်ခြင်း၊ ဘုန်းကြီးခြင်း ဖြစ်မယ်လို့ သာမညသာ ဟောလိုက်ပါတယ်ဘုရား"

ပုဏ္ဏားကြီး ပြန်ရောက်လို့ အကျိုးအကြောင်းကို ပုဏ္ဏေးမက ပြန်ပြောတဲ့အခါ ပုဏ္ဏားကြီးက "ဟယ် ပုဏ္ဏေးမ၊ သင်သည် ဤမျှ အဖိုးတန်သော အိပ်မက်ကိုသာမညသာ ဟောချေသည်။ သင်ဦးခေါင်းကို မကြာမီ မိုးကြိုးရှစ်စိတ် ကွဲလတ္တံ့"ဟု မြည်တွန်ကာ ပုဏ္ဏေးမ ဆံထုံးကို မားနှင့်လိုးပစ်လိုက်ပြီး ဧွေခင်မေးလာသူ၏ ပုံပန်းသဏ္ဌာန်ကို မေးပြီး မြို့တွင်းမှာ လိုက်၍ရှာကာ အိမ်ကိုခေါ်လာပြီး ခေါင်းရင်းမှာ အကျအနထိုင်စေကာ"အမောင်သည် ပေါက္ကံပြည်မှာ မကြာမီ မင်းဖြစ်လတ္တံ့၊ မင်းဖြစ်သောအခါတွင်သာ ဆရာကို မမေ့ပါနှင့်"လို့ နိမိတ် စကားဖတ်ကြားလိုက်ပါတယ်ဘုရား။

အဲဒီလိုနဲ့ စလေငခွေးဟာ ပုဏ္ဏားဟောချက် အိပ်မက် မြင်မက်တဲ့အတိုင်း မကြာခင်ဘဲ ပေါက္ကံပြည်မှာ စလေငခွေးရယ်လို့ ရာဇဝင်မှာ ထင်ရှားခဲ့တဲ့ ဘုရင်တစ်ပါးဖြစ်ခဲ့ပါတယ်ဘုရား။

ဒါကြောင့်အိပ်မက်ရဲ့ နိမိတ်ကို အတိတ်ကောက်ယူရာမှာ ကောင်းရာကို ကောက်မှ ကောင်းကျိုးပေးပါတယ်၊ မကောင်းရာကို ကောက်ရင် မကောင်းကျိုးရောက်ပါတယ်၊ အယူတော်မင်္ဂလာရဲ့




ကောက်ချက်စကားဟာ ကောင်းရာလမ်းကို ဖြောင့်တန်းစွာ ဟောနိုင်တာကြောင့် ဘဝရှင် မင်းတရားကြီးမှာ အကျိုးတော် များခဲ့ပါတယ်၊ ဒါကြောင့် အယူတော်မင်္ဂလာကို နောက်ထပ်ဆုများ ပေးသနားတော်မူသင့်ပါကြောင်းရှိခိုးသံတော်ဦး တင်ပါတယ်ဘုရား"

"ပေါ်ဦးက ပွဲခလိုချင်တာနဲ့ ပွဲစားများ လုပ်နေသလားကွယ့်"

"မဟုတ်ရကြောင်းပါ၊ ထိုက်တန်တဲ့ဆုကို ချီးမြှင့်စေလိုတဲ့ စေတနာပါ ဘုရား"

"အင်း– ပေါ်ဦး၊ အလျှောက်ကောင်းတာနဲ့ အယူတော် မင်္ဂလာအမတ်ကြီးကို စွယ်စုံဆင်ပေါက်တစ်စီး ဆုပေးတော်မူမယ်ဗျား"

ဟု အမိန့်တော်များ ချမှတ်ကာ ညီလာခံကို ရုပ်သိမ်းလိုက်သတည်း။



www.burmeseclassic.com



## ချေးမြီး ဥပမာပုံပြင်

တစ်နေ့တွင် ဘိုးတော်ဦးဝိုင်းသည် ညီလာခံ၌ ဦးပေါ်ဦးကို မိန့်တော်မူသည်။

"မင်းကြီး မိုးဒါးစား အမတ်ကြီးဟာ ပညာဂုဏ်နဲ့ လွန်စွာ မာန်စွယ်ပြတယ်လို့ ထင်တော်မူတယ်"ဟု မိန့်ကြားရာ အမတ်ကြီး ဦးပေါ်ဦးက

"မှန်လှပါ၊ မိုးဒါ စားအမတ်ကြီးမှာ ပညာတည်းဟူသော အမြီးပေါက်ခြင်းသည် ချေးမှာပေါက်တဲ့ အမြီးနဲ့တူပါတယ်ဘုရား၊ အခြားသူများမှာပေါက်တဲ့ ပညာတည်းဟူသော အမြီးမှာ ဆင်၊ မြင်း၊ ခြသေ့်များမှာ ပေါက်တဲ့အမြီးနဲ့ တူပါတယ်၊ တူပုံတူနည်းကို လျှောက်ထားပါဦးမယ်ဘုရား၊ ဆင်၊ မြင်း၊ ခြသေ့်တို့မှာ ပေါက်တဲ့ အမြီးဟာ မှက်၊ ခြင်၊ ယင်တို့လဲ ခြောက်ရပါတယ်၊ မိမိတို့ရဲ့ အင်္ဂါဇာတ်ကိုလဲ ဖုံးလွှမ်းရပါတယ်။ ချေးမှာပေါက်တဲ့ အမြီးကတော့ မှက်၊ ခြင်၊ ယင်တို့ကိုလဲ ခြောက်လို့မရ၊ မိမိအင်္ဂါဇာတ်ကိုလဲ ဖုံးလွှမ်းလို့ မရရှိပါတယ်"



"မိုးဒါးစား အမတ်ကြီးဟာ ပညာနဲ့ လုံလောက်သူ မှန်ပါလျက် မိမိအရှက်ကိုလဲ မဖုံးလွှမ်း၊ သူတစ်ထူးတို့ လာတဲ့အရေးကိုလဲ ကာကွယ်တားဆီးနိုင်ခြင်း မပြုနိုင်တဲ့အပြင် ချေးမြီးလိုပဲ ပညာတည်းဟူသော မာန်မာန အမြီးကို တထောင်ထောင်နဲ့ နေခြင်းသာ ပညာရှိလို့ အလယ်မှာ ရှက်ဖွယ်ရာ ဖြစ်ပါကြောင်း ရှိခိုးသံတော်ဦးတင်ပါတယ် ဘုရား"ဟု လျှောက်ထားလေလျှင် ဘိုးတော်ဦးဝိုင်းနှင့် တကွ ညီလာခံ မှူးမတ်အပေါင်းတို့ အားပါးတရ ရယ်မောကြလေသတည်း။

* * *



www.burmeseclassic.com

www.burmeseclassic.com

# ဗန်းမော်ဆရာတော်၏

## ဥပမာပုံပြင်ဝတ္ထုများနှင့် ဟာသရသကဗျာများ



### ရှင်ပဏ္ဍိတ၏ တစ်ဆုပ္ပတ္တိဉာဏ်

တစ်ခါက ဖောင်ကဲွရွာတွင် အသားအလွန်မည်းသော ကျောင်းသားငယ်တစ်ဦးရှိသည်။ ထိုကျောင်းသားငယ်သည်ကား မြင်းစသော သတ္တဝါများကို မစီးဘဲဆိတ်ကိုသာစီး၍ ဆော့ကစားတတ်သည်။ အခြားကလေးငယ်များနှင့် မတူဘဲ မျောက်ရှုံးအောင် ဆော့တတ်သည်။ တစ်နေ့တွင် ဆိတ်သိုးတစ်ကောင်ကို စီးရာ ဆိတ်သိုးကခါချသဖြင့် မြေကြီးသို့ကျပြီး လက်တစ်ချောင်းကျိုးလေသည်။ ကျောင်းနေဦးပဉ္စင်းများက ရှင်ပဏ္ဍိတအား စာတစ်ပိုဒ်ချိုးပါဟု ဆိုလေလျှင် ချက်ချင်းကောက်၍ စာစပ်သည်မှာ

ဆိတ်စီးလို့ လက်ကျိုး
အနက်မျိုးဖောင်ကဲွ၊
တစ်ချောင်းထဲ ကျန်တော့တယ်။

ဦးပဉ္စင်းများမှာ သဘောကျ၍ အားရပါးရ ရယ်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com

## တွေ့မရှောင် အကုန်စားမယ်

ပဥ္စင်းပျို ဦးပဏ္ဍိတသည် အလုံမြို့သို့ ခရီးထွက်ရာ ကြမ်းမြေရွာသို့အရောက်တွင် ဘုန်းကြီးကျောင်းသို့ဝင်၍ တည်းခိုနေလေသည်။ ကျောင်းပေါ်သို့ရောက်လျှင် ဆရာတော်အား ဦးချကန်တော့ကာ ဂါရဝပြုပြီးနောက် စာသံပေသံဖြင့်လျှောက်ထားလေသည်။

ကျောင်းထိုင်ဘုန်းကြီး မထေရ်ကျော်၊
ဝါတော်မည်မျှရှိမည်နည်း။

ဆရာတော်မှာ ဦးပဥ္စင်းငယ်၏ ကဗျာသံကို လွန်စွာ သဘောကျ၍–

"လေးဆယ့်နှစ်ဝါသိက္ခာရပြီ" ဟု မိန့်ကြားတော်မူသည်။ ထိုအခါ စာဆိုရှင်ပဥ္စင်းငယ်ဦးပဏ္ဍိတသည် ချက်ချင်းကောက်၍ စာစပ်လိုက်ပြန်သည်။

ဝါလေးဆယ့်နှစ် ရပြီဖြစ်ရာ အပြစ်တောင်လိုမို့လတ္တံ၊

ဆရာတော်မှာ ကဗျာဉာဏ်ရွှင်လှသော မောင်ပဥ္စင်းကို သဘောကျသွားလေသည်။

ဆရာတော်မှ ဖျားနာရင်းကပင် ကျောင်းသားကလေးအား ဆွမ်းပြင်ခိုင်းသည်။ ဆရာတော်သည် မောင်ပဥ္စင်းနှင့်အတူ ဆွမ်းဘုဉ်းပေးသည်။ ဆရာတော်မှာ ဖျားနေလျက်ပင် ဆွမ်းဘုဉ်းပေးရာ တည့်သည် မတည့်သည်ကို အမှုမထား ဆွမ်းဟင်းများကို ကုန်အောင် စားလေသည်။ အစားကြမ်းသော ဦးပဏ္ဍိတမှာ အစားကြမ်းသော ဆရာတော်နှင့် တွေ့သဖြင့် လက်လျှော့လိုက်ရသည်။ ဆရာတော်က



ဆွမ်းစားရင်းပြောသည်။ ကောင်းစွာ မကျန်းမာ၊ မကြာခဏ အဖျားတက်လေ့ရှိသည်ဆိုသော်လည်း အစားတွင် တည့်မတည့်ဟူ၍ မကြည့်၊ ရှိသမျှ အကုန်စားပြီးသည့်အပြင် အချိုပွဲဆက်ကပ်ရာ၌လည်း ဆက်ကက်ဘုဉ်းပေးပြန်သည်။ ဆွမ်းစားပြီးနောက် ဆရာတော်က ဦးပဏ္ဍိတအား

"မောင်ပဥ္စင်းက ကဗျာစာပေ တော်တော်ဝါသနာပါတယ် ထင်တယ်"

"မှန်လှပါ့ တပည့်တော် လေ့လာဆဲပါဘုရား"

ဆရာတော်သည် စကားပြောနေရာမှ ကျောင်းသားတစ်ယောက်သို့လှမ်း၍

ဟဲ့... သာပေါ် ကွမ်းအစ် ယူခဲ့စမ်းဟု ခိုင်းလိုက်လေသည်။ ကျောင်းသားကလေးသည် ပျာပျာသလဲနှင့် ယူလာသည့် ကွမ်းအစ်ကို ကပ်လေသည်။ ဆရာတော်ကဆက်၍–

"ငါ့မလဲ အဲဒီတူကလေးတစ်ယောက် ရှိတယ်၊ လက်တိုလက်တောင်းခိုင်းနေရတာ၊ ငါ့ကျောင်းမှာ ကျောင်းသားလည်းမမြဲ၊ ကိုရင်လည်းမမြဲဟု အမိန့်ရှိသည်။ ဦးပဏ္ဍိတသည် ဆရာတော်အား စေ့စေ့ကြည့်၍နေသည်။ ဆရာတော်သည် ကွမ်းကို ကိုယ်တိုင်ယာ၍ ဝါးရင်း ဒူပေါ်ပေါင်ပေါ်ထိုင်နေသည်။ ထို့နောက်-

"ဦးပဥ္စင်း ကျုပ်အကြောင်းကို စာတစ်ပုဒ်လောက် စပ်စမ်းပါ" ဟု ပြောသည်။ ဦးပဏ္ဍိတသည် ရုတ်ချည်းပင်ကောက်၍ စာစပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကွမ်းအစ်ကြီး နီတာရဲနှင့် ကြမ်းပြီမှာ သူပျော်
သာပေါ်တို့ တူဝရီး။
ထိုးကွင်းမင်ကြောင်နဲ့ တွေ့မရှောင်အကုန်စားတယ် ဖျားတဲ့
ခင်ကြီး။

ဟူ၍ စပ်လိုက်သည်။ ကြမ်းပြဲဆရာတော်မှာ လွန်စွာ သဘော
ကျလေသည်။

## သုဓမ္မာဆရာတော်များသို့ ဝေဖန်ချက် ကဗျာ

ဇန်းမော်ဆရာတော်သည် ဘုရင်နှင့် ဝန်ကြီးများကိုသာ ဟုတ်တိုင်းမှန်တိုင်း ယောဆောဒိုင်းဒိုင်းနှင့် ရေးတတ်ပြောတတ်သည် မဟုတ်သေး၊ သာသနာပိုင်ဆရာတော်များကိုပင်လျှင် ချမ်းသာပေးတတ်သူမဟုတ်၊ သုဓမ္မာဆရာတော် စာတတ်ပေတတ်အကျော်အမော်များကိုလည်း ချမ်းသာပေးခဲ့သူ မဟုတ်ပေ။ သုဓမ္မာဆရာတော်များမှာ ရှစ်ပါးရှိပါသည်။ သုဓမ္မာဆရာတော် ရှစ်ပါး၏ စည်းဝေးဆုံးဖြတ်ချက်များသည် သာသနာရေးကိစ္စတွင် အတည်ဖြစ်ရသည်။ ထိုသုဓမ္မာဝင်ဆရာတော်ရှစ်ပါးမှာ

၁။ ပြည်ဆရာတော်၊ မဏ္ဍလာရာမတိုက်။
၂။ မဇ္ဈိမရာဆရာတော်၊ အရှေ့မဇ္ဈိမရာတိုက်။
၃။ မောင်းထောင်ဆရာတော်၊ မင်္ဂလာရာမတိုက်။
၄။ သက်ပန်းဆရာတော်၊ သက်ပန်းတိုက်။
၅။ စလင်းဆရာတော်၊ အရှေ့စလင်းတိုက်။
၆။ စံကျောင်းဆရာတော်၊ စံကျောင်းတိုက်။
၇။ သင်္ဂဇာဆရာတော်၊ အရှေ့သင်္ဂဇာတိုက်။
၈။ ပုခန်းဆရာတော်၊ မဟာဝိသုဒ္ဓါရာမတိုက်။



ဤသို့လျှင် သုဓမ္မာဆရာတော်ရှစ်ပါးရှိရာ လျော့သွားလျှင် ထပ်မံဖြည့်စွက်ရသည်။

ဇန်းမော်ဆရာတော်မှာလည်း ပဏ္ဍိတ်ဝံသ ဘိဝံသမဟာဓမ္မရာဇာဓိရာဇဂုရုဘွဲ့ရ ဆရာတော်တစ်ပါးဖြစ်သော်လည်း မဟုတ်လျှင်မခံ မှန်ရာကို တဲ့တိုးပြောတတ်၍ မည်သူ့ကိုမျှမညှာ၊ အမှန်တရားကို လိုလားသောပုဂ္ဂိုလ်ဖြစ်ရာ၊ သုဓမ္မာတွင်ထည့် သွင်းပါက အကော်အကပ်များနှင့် ဆုံးဖြတ်ချက်တစ်ခုချရန် အတော်ပင် ကြိုးပမ်းယူရမည်ဟု ထင်မြင်ကြသောကြောင့် သုဓမ္မာအဖွဲ့တွင် မထည့်သွင်းခြင်း ဖြစ်ဟန်တူသည်။

သာသနာရေးကိစ္စတွင် ထိပ်တန်းကနေသော သာသနာ အာဏာပိုင် ဆရာတော်များဖြစ်ကြ၍ စာချိုးခဲ့ဖူးသည်။

မောင်သက်ပန်းက တသမ်းဝေဝေ
မောင်လှထွေမှာ စာပေနတ္ထိ။
မောင်စလင်းမှာတော့ ပျင်းလွန်းလို့ စာမကြည့်။
မင်းနန်းမှာ လူနှင့်နှောတယ် သောသောညံ၏။
မဏ္ဍလာမှုခြင်းရာ မစုံစမ်းခင်က ငေါက်ကမ်းပါဘိ။

ဤကဗျာ၏ အဓိပ္ပါယ်မှာ မောင်သက်ပန်း၏ တသမ်းဝေဝေဆိုသည်မှာ သက်ပန်းဆရာတော်ဘုရား တရားသဘင် စီရင်သောအခါ၌ တရားသဘင်၌ စိတ်မဝင်စား၊ ထိနှမိဒ္ဓများလှ၍ တသမ်းသမ်း တဝေဝေနှင့် ငိုက်မျဉ်းလေ့ရှိကြောင်း။

"မောင်လှထွေမှာ စာနေနတ္ထိ" ဟူသည်မှာ လှထွေဆရာတော်သည် စာပေမတတ်ကြောင်းကို အတိအလင်းဖော်ပြထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်စလင်းမှာတော့ ပျင်းလွန်းလို့ စာမကြည့်"ဟူသည်မှာ စလင်းဆရာတော်သည် တရားသဘင်စီရင်ရာ၌ ဝိနည်းအထောက်အထားကျမ်းဂန်အကိုးအကားတို့ကို ရှာဖွေတိုက်ဆိုင်ကြည့်ရှုရာ၌ အခြားဆရာတော်များကိုသာ လွှဲအပ်၍ စလင်းဆရာတော်က ဝိနည်းပိဋကတ်ကျမ်း အထောက်အထားကို ရှာဖွေကြည့်ရှုရာမှာ အလွန်ပျင်းလှကြောင်း။

"မင်းနန်မှာ လူနှင့်နောတယ်။ သောသောည်"ဟူသည်မှာ ပုခန်းဆရာတော် ဦးနန္ဒကို မင်းနန်ဟု စာတင်စား၍ ထိုပုခန်းဆရာတော်မှာ လူဒါယကာများနှင့် အရောတဝင်နေ၍ စကားကို ဖောင်လောက်အောင်ပြောတတ်ကြောင်း။

"မဏ္ဍလာ မှုခြင်းရာမစုံစမ်းခင်က ငေါက်ငမ်းပါဘိ"ဟူသည် မဏ္ဍလာရာမဆရာတော်သည် အမှုအခြင်းအရာကို မစုံစမ်းသေးဘဲ ကြိုတင်ငေါက်ငမ်းတတ်ကြောင်းဟူ၍ ဖြစ်သည်။

ဤကဗျာ သုမေ္မာ**ဓရပ်**တွင် ကပ်ထားသည်ကို တွေ့ကတည်းက ဇန်းမော်ဆရာတော် လက်ချက်မှန်းကို သိလိုက်ကြသည်။ သုမေ္မာဆရာတော်မှာ အဘယ်မျှ မခံချင်စရာ ဖြစ်ချေမည်နည်း။ ကဗျာ "ရသမှာ" အပေါ်လွှင်ဆုံးနှင့် ထိထိမိမိရှိလှသည်။ ပုဂ္ဂိုလ်တစ်ပါးစီ၏ စရိုက်ကို ကွက်ကွက်ကွင်းကွင်း မြင်နိုင်သည်။ သို့သော် ဇန်းမော်ဆရာတော်ကား မျက်နှာကောင်းရမည် မဟုတ်ဘဲ အငြိုအငြင်ခံရမည်မှာသေချာသည်။



## မန်းမြို့သူ

ရှင်ပဏ္ဍိတသည် ဦးပဥ္စင်းဘဝသို့ရောက်ပြီးနောက် မန္တလေးမြို့တွင် နံနက်တိုင်း၊ ဆွမ်းခံထွက်ရလေသည်။ သံဃာတော်များသောမြို့ဖြစ်၍ ဆွမ်းလောင်းနေကျ၊ အိမ်ရှေ့များတွင် စိတန်း၍ ဆွမ်းခံကြွလေသည်။

ဆွမ်းချက်ခြင်း၊ ဆွမ်းလောင်းခြင်းအမှုသည် မိန်းမကြီးများ၊ မိန်းမပျိုကလေးများ၏ တာဝန်ဖြစ်သည်။ ဇလုံများ၊ ယွန်းအုပ်များတွင် ဆွမ်းထည့်၍ ကြေးဇွန်းကြီးများဖြင့် ခပ်၍ လောင်းလေ့ရှိကြသည်။ ဦးပဥ္စင်းငယ်ပဏ္ဍိတသည် ဇလုံကြီး၊ ကြေးဇွန်းကြီးတို့ဖြင့် ဆွမ်းလောင်းနေသည်ကိုတွေ့၍ ကမန်းကတန်း အမိပြေးလေရာ မိန်းကလေးများက ဦးပဥ္စင်းပျို ဦးပဏ္ဍိကျမှ ကန်တော့ဆွမ်းပါဟူ၍ ပြေလိုက်လေသည်။

ဦးပဏ္ဍိတသည် ကျေမချမ်းဖြစ်သွားသည်။ အဘယ့်ကြောင့် ငါကျမှ ကန်တော့ဆွမ်းရပါသလဲဟု စဉ်းစားသည်။ အမှန်မှာ ဆွမ်းကို လိုချင်ဇောဖြင့် အပြေးကလေး သွားမိရာတွင် သင်္ကန်းပိုသိပတ်သိနှင့် ကာယိန္ဒြေ ပျက်လောက်အောင် ဖြစ်သွား၍ ကန်တော့ဆွမ်းလိုက်ရကြောင်း ပြန်ပြောင်း၍ ပေါ်လာသည်။ ထို့ကြောင့် ကျောင်းသို့ရောက်လျှင် အောက်ပါတေးထပ်ကို ရေးစပ်လိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မန်းမြို့သူ ကျင့်၊ ထောင့်ချင့်၍စာနာ၊ ဆွမ်းကိုဖြင့် မခံလိုပါ။ တန်ပါပြီ ၊ မစားဘဲအငတ်နေမည်၊ သေချင်သေတဲ့ အပြီး၊ ဟိုနေ့ကတစ်အိမ်မှာ၊ ပြည့်စုံစွာဖန်တီး၊ ကျယ်ဝန်းစွာ ဇလုံကြီး ရယ်နဲ့၊ မောက်လုနီးဆွမ်းတွေ၊ လောင်းလိမ့်မယ်ထင်အမှတ်နဲ့၊ ဝင်ကပ်လို့ ရပ်မိလေ။ ပဏ္ဍိတခေါင်းပြောင်ကို၊ လောင်းပေါင် ဆိုကိုရင်ကြီးရယ်လို့ ကန်တော့ဆွမ်းဆီးသို့သူဆို၊ သူ့ရဲ့လင်ကို၊ မကျေဘူး ကမ္ဘာပြိုတောင် ငါရှေ့ကိုယ်နှာလွန်းလို့လေး။





## ဇန်းမော်ဆရာတော်မှ
## ထွင့်ခေါင်ဆရာတော်သို့စာရေးခြင်း

ထွင့်ခေါင်ဆရာတော်ဘုရားကြီးသည် ပရိယတ္တိ၊ ပဋိပတ္တိနှင့် ပြည့်စုံ၍ မင်းတုန်းဘုရင်ကြီးက အလွန်ပင် ကြည်ညိုကိုးကွယ်ထား သော်လည်း မန္တလေး၊ နေပြည်တော်တွင် နေတော်မမူဘဲ၊ စစ်ကိုင်း တောင်ရိုးရှိ ပိတောက်ချောင်တွင် အရဝါသီတောမှီ ကျင့်သုံးတော် မူလေသည်။

ထွင့်ခေါင်ဆရာတော်မှာ ကမ္မဋ္ဌာန်းတရား ဟောကြားပြသ ရာတွင် အလွန်နာမည်ကြီး၍ တောမှီသည့်ယောဂီများနှင့် သီလရှင် များပါ ထွင့်ခေါင်ဆရာတော်နှင့် နီးရာတွင် ဇရပ်များဆောက်လုပ်၍ ဆည်းကပ်ကိုးကွယ်နေကြသည်။

ဇန်းမော်ဆရာတော်သည် ထွင့်ခေါင်ဆရာတော်နှင့် မနီးမဝေး ပိတောက်ချောင်တွင်ပင် သီတင်းသုံးသည်ဖြစ်ရာ၊ ထွင့်ခေါင်ဆရာတော် ထံ မကြာခဏအဖူးအမြော် ရောက်ခဲ့လေသည်။ ထွင့်ခေါင်ဆရာတော် မှာ ဇန်းမော်ဆရာတော်ထက် ဝါတော်ကြီးသည်ဖြစ်၍ ဇန်းမော်ဆရာ တော်က ဆည်းကပ်ကိုးကွယ်ခြင်းပင် ဖြစ်သည်။

သို့သော်လည်း ဇန်းမော်ဆရာတော် အမြင်တွင် သီလရှင်များ ဝန်းရံနေသော အဖြစ်ကို မမြင်လိုမကြည့်လိုပေ။ သို့သော် သက်ကြီး ဝါကြီးပုဂ္ဂိုလ်ဖြစ်၍ အောင့်အည်း၍ နေရပေသည်။ ဝါသနာဆိုသည် ကား စွန့်ခဲလှပေသည်။ ဇန်းမော်ဆရာတော်၏ ဝါသနာကို သိခဲ့ပြီး အတိုင်းပင် မျက်စိထဲ အမြင်မတည့်လျှင်စာချိုးချင်သော ဝါသနာ၊ စာစပ်ချင်သော ဝါသနာဟာ ဒွန်တွဲ၍ နေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်ပင် တစ်နေ့တွင် ဗန်းမော်ဆရာတော်က အောက်ပါအတိုင်း စာချိုး၍ ထွင့်ခေါင်ဆရာတော်၏ ကျောင်းဝင်းအတွင်းသို့ ညအခါ တိတ်တဆိတ် စာပစ်၍ ထားခဲ့လေသည်။

"ခြိပ်ပုတီးနှင့် ရိပ်မိုးတဲ့ထွင့်ခေါင်၊
ဦးရွှေညို သီလချောရယ်နှင့်
တောခိုသည့်ချောင်၊
ခန္ဓာကောင်၊
ရုပ်ဆောင်တဲ့ရှင်ထွင့်၊
သီလဆိုဖြူဖြူဆွတ်ကို
အားရအောင်ချတ်။

ထွင့်ခေါင်ဆရာတော်။ ကျောင်းအနီးသို့ ချထားသော စာချိုးကို နံနက်စောစော တံမြက်လှည်းသော ကိုရင်ကြီးက ကောက်ရသဖြင့် ဖတ်ကြားပြီး ဆရာတော်အားဆက်ကပ်လေသည်။

ထွင့်ခေါင်ဆရာတော်သည် ထိုစာချိုးကို ဖတ်ရှုပြီး ကိုရင်ကြီးအား–

"ဗန်းမော်ဆရာတော်ကို ငါဆွမ်းစားပင့်တယ်လို့ လျှောက်ချေပါကွယ်"ဟို မိန့်တော်မူလိုက်သည်။

ကိုရင်ကြီးသည် ဗန်းမော်ဆရာတော်ထံ သွားရောက်လျှောက်ထားရာ "အေးအေး ငါအခုလာခဲ့မယ်"ဟု ပြောဆိုလိုက်ပြီး ချက်ချင်းပင် နောက်က လိုက်သွားလေသည်။ ထွင့်ခေါင်ဆရာတော် ကျောင်းပေါ်သို့ ရောက်လေလျှင် ဗန်းမော်ဆရာတော်က ဝတ်ဖြည့်၍ရှိသေစွာ ထိုင်သည့်အခါ ထွင့်ခေါင်ဆရာတော်က–

"ဘယ်နှယ်လဲ ကိုဗန်းမော်၊ ကျုပ်ကိုသီလရှင်တွေနဲ့ ပြောင်လောင်ပြီး စာချိုးတာလား"



"ဗန်းမော်ဆရာတော်က"

"သီလရှင်တွေနဲ့ စွပ်စွဲတာမဟုတ်ကြောင်းပါဘုရား၊ ဆရာတော်အပေါ် အကြည်ညို သဒ္ဓါပွား၍ စာချိုးမိကြောင်းပါဘုရား"

"ဘယ် မင်းကစားလွှဲပြောပြန်ပြီ၊ ဦးရွှေညို သီလချောရယ်နဲ့ဆိုတာ ငါ့နာမည်က ဦးရွှေညိုဆိုတော့ ငါ့ကို သီလရှင်ချောချောလေးနဲ့ ပေးစားပြီး စာချိုးတာမဟုတ်လား"

"မဟုတ်ရပါဘုရား၊ သီလချောဆိုတာ အရှင်ဘုရား၏ သီလတော်စင်ကြယ်ချောမွတ်ခြင်းကို ရည်ရွယ်၍ စာဆိုကဲ့တာပါဘုရား"

ထွင့်ခေါင်ဆရာတော်က ပြုံးတော်မူ၍ "တန်စမ်းပါ ဗန်းမော်ရယ်" မင်းဆိုလိုတာ ဒါမဟုတ်ပါဘူး၊ မင်း ငါ့ကို နှစ်စွယ်နှစ်စ အမိပွာယ်ရတဲ့ စကားနဲ့ စပ်ထားတာ မဟုတ်လား"ဟု မေးမြန်းလေမှ ဗန်းမော်ဆရာတော်သည် ခပ်ပြုံးပြုံးလုပ်၍ နေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ဗန်းမော်ဆရာတော်နှင့် သီလရှင်မယ်ကင်း

မြန်မာစာပေသမိုင်းတွင် ဗန်းမော်ဆရာတော်နှင့် သီလရှင်မယ်ကင်းတို့အကြောင်းမှာ အထင်ရှားဆုံးသောစာဆိုနှစ်ဦးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တစ်ဦးနှင့်တစ်ဦး စာချိုးကြရာမှ အညှာမပေးတတ်သော ကဗျာပဂေးနှစ်ဦးဖြစ်၍လည်းကောင်း၊ ဗန်းမော်ဆရာတော်နှင့် သီးရှင်မယ်ကင်းတို့သတင်းမှာ ယနေ့တိုင် ထင်လင်းနေပေသေးသည်။

ဗန်းမော်ဆရာတော်သည် ဘုန်းကြီးလောကတွင် ထင်ရှားခဲ့သလောက်၊ သီလရှင် မယ်ကင်းမှာလည်း သီလရှင်လောကတွင် အလွန်ထင်ရှားသော ဆရာတစ်ဆူအဖြစ် ဂုဏ်ရှိကြီးမားသော ပုဂ္ဂိုလ်တစ်ဦးပင်ဖြစ်သည်။ သီလရှင်မယ်ကင်းဟု အများဆွတ်၍ လွယ်လွယ်ပင်ခေါ်ကြသော်လည်း အမှန်မှာ ဆရာကြီးဆရာကင်းပင်ဖြစ်သည်။ ကစ္စည်းသဒ္ဒါကြီးသင်္ဂဟနှင့် ဋီကာကျော်များ၊ အဋ္ဌသာလိနီ အဋ္ဌကထာ၊ သမ္မောဟ ဝိနောဒနီအဋ္ဌကထာများ၊ ဉာဝါနှင့်အဋ္ဌကထာများ သင်ကြားတတ်မြောက်ခဲ့သူဖြစ်ပေသည်။

သီလရှင်မယ်ကင်းမှာ ကသည်းလူမျိုးဖြစ်သည်။ ငယ်ဖြူဖြစ်၍ လူမှုကိစ္စအဝဝတို့နှင့် ကင်းကွာခဲ့လေသည်။ ငယ်စဉ်ကပင် စာပေပရိယတ် လေ့လာလိုက်စားမှုကိုသာ အစဉ်မပြတ် အချိန်ရှိသမျှ သင်ကြားခဲ့ခြင်းကြောင့် ထိုခေတ်အခါတွင် စာတတ်ပေတတ် စာရင်းတွင် ပေါ်လွင်ထင်ရှားခြင်းဖြစ်သည်။

စစ်ကိုင်းတောင်ဂူတစ်လုံးချောင်တွင် တောရဆောက်တည်နေထိုင်၍ ထွင့်ခေါင်ဆရာတော်ထံတွင် ဉာဝါနှင့် အဋ္ဌကထာများ သင်ကြားခဲ့သည်။ ထို့ကြောင့်လည်း ဆရာကင်းသည် မိမိသင်ကြားတတ်မြောက်သည့် ပညာများကို သီလရှင်တပည့်များနှင့် ဝါသနာသူလှူဝတ်ကြောင်း မိန်းကလေးများကို သင်ကြားပို့ချ၍ ပေးလေသည်။ ပရိယတ္တိစာပေ သင်ကြားပို့ချသည့်အတွက်လည်း ကျောက်ထီးအန္တုအလေးပြုအပ်သည့် ဆရာကြီးတစ်ဆူအနေဖြင့် စာတတ်ပေတတ် သီလရှင်အများအပြား မွေးထုတ်ပေးခဲ့ပြီး သီလရှင်လောကကြီး စည်ပင်ပြန့်ပွားအောင် ဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်ဖြစ်ပေသည်။

ထိုမှတစ်ပါးလည်း သုဓမ္မာဝင်ဖြစ်သည့် ရှမ်းကလေးကျွန်းဆရာတော်သည် ဆရာကင်း၏မောင်အရင်းဖြစ်သည်။ ရှမ်းကလေးကျွန်းဆရာတော် အရှင်နန္ဒမှာ သုဓမ္မာဝင် ဆရာတော်များထဲတွင် ကျော်စောထင်ရှားသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ မင်းတုန်းမင်းတရားကြီး၏ လေးစားကြည်ညိုမှုကို ခံယူရသည်။ ထိုရှမ်းကလေးကျွန်းဆရာတော်။ ဝိနိစ္ဆယပြန်တမ်းအတွက် ဗန်းမော်ဆရာတော်၊ ဗန်းမော်မြို့သို့ အပို့ခံရခြင်းဖြစ်သည်။

ဆရာကင်းသည် မင်းတုန်းဘုရင် ကြည်ညိုလေးစားသော ရှမ်းကလေးကျွန်းဆရာတော် အစ်မအရင်းဖြစ်၍တစ်ကြောင်း သီလရှင်သာသနာကို ကြီးမားပြန့်ပွားအောင် ဆောင်ရွက်နေသူဖြစ်၍တစ်ကြောင်း၊ မင်းတုန်းမင်းသည် ဆရာကင်းကို အလွန်ပင် လေးစားလေသည်။

စစ်ကိုင်းချောင်တွင် ကျော်စောထင်ရှားသည့် သီလရှင်ကြီးတစ်ပါးရှိသေးသည်။ ထိုသီလရှင်ဆရာကြီးမှာ ဆရာမယ်နတ်ပေဖြစ်သည်။ ဆရာမယ်နတ်ပေသည် ပဋ္ဌာန်းကမ္မဋ္ဌာန်း ဘာဝနာကျက်ဒွိကြီးပမ်းအားထုတ် တရားပြသမှုတွင် ထင်ရှားကျော်ကြားသည်။ ၁၂၂၁ ခုနှစ်တွင် ဆရာကင်းနှင့် ဆရာမယ်နတ်ပေးတို့ကို နေပြည်တော်


www.burmeseclassic.com

www.burmeseclassic.com



သို့ ပင့်ဆောင်လာလေသည်။ မင်းတုန်းမင်းကြီး ပင့်ဆောင်လာသည့် အခါတွင် ဆရာကင်းတို့က မင်းတုန်းမင်းထံ ကတိသုံးချက် တောင်းခံသည်။

၁။ မိမိသည် မိန်းမသားဖြစ်၍ ဆရာတော် သံဃာတော်များကို ရိုသေလေးစားရပါမည်။ သို့ဖြစ်၍ ပြာသာဒ်ဘုံဆောင် အဆင့်ပါသည့် ကျောင်းဇရပ်များ ဆောက်လုပ်လှူဒါန်းခြင်း မပြုပါရန်။

၂။ မည်သည့်ဘွဲ့တံဆိပ်မှ ဆက်ကပ်လှူဒါန်းခြင်း မပြုပါရန်။

၃။ ဆွမ်းဝတ်ဆွမ်းအုပ်များ မလှူဒါန်းရန်တို့ ဖြစ်သည်။

ဤကတိသုံးချက် ရသဖြင့် နေပြည်တော်သို့ လိုက်ခဲ့သည်။ နန်းတွင်းရှိ မိဖုရားများ၊ သမီးတော်များ၊ နန်းတွင်းသူများကို စာပေ ပရိယတ္တိ ပို့ချပေးလေသည်။ ဆရာကင်းသည် နန်းတွင်းနန်းပြင်၌ ထင်ရှားသည်။ ရှမ်းကလေးကျွန်း ဆရာတော်နှင့် ဆရာကင်းတို့မှာ မောင်နှမလည်းဖြစ်၍ မင်းတုန်းဘုရင်အပေါ် သြဇာသက်ရောက်၍ မင်းနှင့်အကျွမ်းတဝင်နေသဖြင့် အချို့သော ဆရာတော်၊ သံဃာတော် များမှာ လိုလားနှစ်သက်ကြဟန်မရှိပေ။ ထိုအထဲတွင် ဇန်းမော်ဆရာ တော်က ထိပ်တန်းကပါနေမည်မှာ မလွဲပေ။ ဇန်းမော်ဆရာတော်၏ ပင်ကိုသဘောကပင်လျှင် အခွင့်ထူးခံသူများ၊ ဘုရင့်အနီးတွင်နေပြီး ဘုရင့်စိတ်ကြိုက်လိုက်၍ နေသူများကို ရွံရှာမုန်းတီးသည့်သဘော ရှိပေသည်။ ထို့ကြောင့်လည်း ဆရာကင်းနှင့် ပတ်သက်လာလျှင် ဇန်းမော်ဆရာတော်သည် အညှာမပေး၊ ပတ်သက်လာလျှင် ဇန်းမော် ဆရာတော်သည် ပက်ပက်စက်စက်တွယ်လေ့ရှိပေသည်။ မြန်မာစာပေ တွင် ဇန်းမော်ဆရာတော်နှင့် သီလရှင်မယ်ကင်းတို့၏ အပြန်အလှန် စာချိုးများမှာ ထင်ရှားလှပေသည်။



တစ်ခါတွင် သီလရှင်မယ်ကင်းက သံဝေဂတေးထပ်တစ်ပုဒ်ကို ရေးစပ်လေသည်။ ထိုတေးထပ်မှာ

ဘိက္ခုနီဆရာကင်းက တဏှာကင်းပစ်ပယ်၊
ဇလာကျင်းခေတ်နယ် ချစ်စဖွယ်ဟန်နွဲ့
ပူမွေ့လို လူတွေရှောင်တယ်။
မြရွှေတောင်အားသစ်လို့ခဲ။
ကမ္ဘာနှင့်မဂ်လမ်းချူတယ်၊
တက်လမ်းမှုတနဲ၊
မတိတ်သာစိတ်ရဲလို့ မိတ်ဖော်လဲမပါ။
ဘာဝနာဘိညာဥ်ကွန့်၊ တိမ်ယဉ်ညွန့်စီးတော့မည်သာ။
ပုတီးနှင့်အပြီး မငြီးရာရှာန်ရိပ်နှင့်
ဖန်စိတ်တဲ့ သီလသယ် ထူးတဲ့အံ့ဖွယ်
တောခလို့ လောဘပယ်တယ်၊
မောဟကွယ် ရှိဘူးထင့်လေး။

ဆရာကင်း၏ အထက်ပါတေးထပ်ကို ဇန်းမော်ဆရာတော် တွေ့သောအခါ အောက်ပါအတိုင်း အရွဲ့တိုက်၍ ရေးလိုက်လေသည်။

ဘိက္ခုနီ ဆရာကင်းက မယ်၊
ဇလာ အထည်ကို မယ်လို့ကုန်ဖွင့်၊
လူမေ့လို့ လူတွေ့ခံတယ်၊
မြူရွှေဟန်တို့တဲ့အကျင့်
ပြာတစ်ဆုပ်နှင့် သုတ်သင်တယ်၊
စက်ဆုပ်ချင်သထင့်၊
မန်းလေသာတောင်မြင်မှ ဖော်မရှိလင့်ကစား

www.burmeseclassic.com

www.burmeseclassic.com



လင်မျှော်ကာ ဖန်ရပ်ကယ်နှင့်
ကြံစည်စိတ်များလှတော့တာ။
ပုတီးသုံးလို့ လှူပုံရှာတယ်၊
လူနှန်းကာငြိမ်သက်နှင့်
ကြံရက်တဲ့ သီလသယ် ထူးပေအံ့ဖွယ်
လောဘနှင့် မောဟတွယ်သည်။
တောခတယ်၊ မယ်ကင်းတဲ့လေး။

အထက်ပါ တေးထပ်နှစ်ပုဒ်မှာ အချိန်ကာလဖော်ပြထားခြင်း မရှိပေ။ အချို့က ဆိုကြသည်။ ဤတေးထပ်နှစ်ပုဒ်အကြောင်းမှာ ဗန်းမော်ဆရာတော်နှင့် သီလရှင် မယ်ကင်းတို့ ပျို့ရွယ်စဉ်က အပြန်အလှန် ရေးခဲ့ကြသည်ဆိုသည်။ ဗန်းမော်ဆရာတော်နှင့် သီလရှင် မယ်ကင်းတို့ ငယ်စဉ်က ပညာသင်ဘက် ဖြစ်ခဲ့ကြသည်။ တစ်ဦးနှင့် တစ်ဦး ရည်ငံခဲ့ကြဟန်တူသည်။ ဗန်းမော်ဆရာတော်လောင်းက ပဉ္စင်းတက်မည်ဆိုသောအခါ သီလရှင်မယ်ကင်းထံ "ဘယ်နဲ့လဲ၊ ပဉ္စင်းတက်ရတော့မလား"ဟု မေးသည်ဟုဆိုသည်။ ထိုအခါ သီလရှင် မယ်ကင်းက အထက်ပါ တေးထပ်ဖြင့် အကြောင်းပြန်လိုက်သည်ဟု ဆိုသည်။ ထိုအခါ ဗန်းမော်ဆရာတော်လောင်း မောင်ပဉ္စင်းလောင်းက စိတ်နာနာနှင့် ပြန်လည်ချေပသော တေးထပ်ဖြစ်သည်ဟုအဆိုရှိခဲ့သည်။

## မယ်ကင်းတေးထပ် သုံးသပ်ဝေဖန်ချက်

ဤတေးထပ်နှစ်ပုဒ်ကို ပြန်လည်သုံးသပ်ကြည့်ပါလျှင် ပထမ တေးထပ်သည် ဆရာကင်း စစ်ကိုင်းကျောင်းတွင်နေစဉ်က ရေးသား သောတေးထပ်၊ သို့မဟုတ်စစ်ကိုင်းတောင်တွင် နေမည်ဟု ရည်စူးသော တေးထပ်ဖြစ်ဖွယ်ရှိသည်။ တေးထပ်ပါ အချက်အလက်တို့ကို ပြန်လည်



သုံးသပ်လျှင် ဆရာကင်း၏ တေးထပ်၌ (ဂူမှေ့လို လူတွေ့ရှောင်တယ်) ဟူသောအချက် (ကမ္မဋ္ဌာန်းနှင့် မဂ်လမ်းချူတယ်)ဟူသော အကျက် (မထိတ်သာ စိတ်ရဲလို့ မိတ်ဖော်လဲမပါဟူသောအခယက်၊ တောခလို့ လောဘပင်လယ် မောဟကွယ် ရှိဖူးထင့်လေး) ဟူသော အချက်တို့ကို ထောက်ထားလျှင် ဆရာကင်းသည် မင်းတုန်းမင်းက နေပြည်တော် သို့ပင့်ပြီးမှ ရေးသောတေးထပ် မဟုတ်နိုင်။ တောသံတောင်သံ၊ ဂူအောင်းသံတွေပါနေသဖြင့် ဆရာကင်းအဖြစ် ထင်ရှားပြီးမှ ရေးသော တေးထပ်မဟုတ်နိုင်။

ဤအချက်များထက် (မဆိတ်သာ စိတ်ရဲလို့ မိတ်ဖော်လဲမပါ) ဟူသောအပိုဒ်သည် အားငယ်သံပါနေ၍ ငယ်စဉ်ကရေးသော တေးထပ် ဖြစ်ဖို့ များလေသည်။

* * *

ထို့အပြင် စစ်ကိုင်းတောင်တွင် ဆရာကင်းအဖြစ် ထင်ရှားသည့် အခါ စာပေပရိယတ္တိ ပို့ချနေစဉ်ကာလတွင် သို့မဟုတ် ဗန်းမော်ဆရာ တော်စစ်ကိုင်းချောင်သို့ ရောက်ပြီးမှ ရေးသောစာ မဖြစ်နိုင်ပေ။ အကြောင်းမှုကား ဆရာကင်းတေးထပ်နှင့်၊ဆရာကင်းအဖြစ် ထင်ရှား သော လက်တွေ့ဘဝမှာ ကွာဟကွဲလွဲနေသောကြောင့်ပင် ဖြစ်ပေသည်။

အရာကင်း၏ တေးထပ်သည် (လူများကို မတွေ့လိုပဲ ဂူထဲ တွင်ပင် ပျော်မွေ့လိုသည်) ဟူ၍လည်းကောင်း၊ ကမ္မဋ္ဌာန်းဘာဝနာ ပွားများ၍ မဂ်လမ်းကို တက်လှမ်းရန် ရည်ရွယ်ဘိသည်) ဟူ၍လည်း ကောင်း (အဖော်မပါဘဲ စိတ်ကိုရဲဆေးတင်၍ မထိတ်သာ မလန့်သော ဘာဝနာပွားများတော့သည်)ဟူ၍လည်းကောင်း တွေ့ရပေရာ၊ ဆရာကင်း၏လက်တွေ့ဘာဝနာ၊ ပဋိပတ္တိကမ္မဋ္ဌာန်းဘာဝနာအား

www.burmeseclassic.com

www.burmeseclassic.com



ထုတ်မှုသည် ပရိယတ္တိစာပေပို့ချဘက်ကိုသာ အားထုတ်၍ သိလရှင်တပည့်တပန်းများစွာနှင့် စည်ကားသိုက်မြိုက်စွာ စစ်ကိုင်းချောင်တွင် နေထိုင်ကြောင်း တွေ့ရပေသည်။ (ဆရာကင်း၏ တေးထပ်ကို တစ်ဖန်ပြန်လည် ဖတ်ရှု၍ သုံးသပ်ကြည့်စေလိုပါသည်။)

## ဗန်းမော်ဆရာတော်အား မင်းထုံးဘုရင် ပြည်နှင်ဒဏ်ပေးပြီး မလျှော့သောစွဲနှင့်

ဗန်းမော်ဆရာတော်သည် ကျောင်းသို့ပြန်ရောက်လျှင် ရောက်ချင်း ကဗျာတစ်ပုဒ်ကို ချက်ချင်းရေးကာ နန်းတော်ထဲသို့သွား၍ ချထားလေသည်။

"တိုင်းလုံးငယ်ကျော် ဗန်းမော်ကို မိပြီမှတ်လို့၊
ဘယ်လက်ခတ်တီး။
အ ကို ၊ တူနှင့် ထုလိုသေလုအောင်
ဘယ်လိုစစ်တော့၊ ပစ်စာရှင် ပညာရှိကြီးကို ( )မှမိဘူး"
ဟူ၍ ပစ်ပစ်ခါခါ နစ်နစ်ကာကာကြီး ရေးလိုက်လေသည်။

သို့မျှသာမက နောက်ထပ်တစ်ပုဒ်လည်း စပ်ဆိုသေးသည်။

"တိုင်းလုံးငယ်ကျော်၊ ဗန်းမော်ဖမ်းလို့စစ်တယ်။
သည်ခေတ်ဝယ် ကဗျာဆုံးစေတော့၊ သီကုံးသူပစ်စာ
ရင်းကို မင်းတို့သိဘူး"ဟူ၍ဖြစ်သည်။

မင်းတုန်းမင်းသည် သာသနာပိုင်နှင့် မပိုင်သော ဗန်းမော်ဆရာတော်အတွက် ရှည်ရှည်ဝေးဝေး တွေး၍ မနေတော့ပေ။

"ဗန်းမော်မြို့သို့ လှေနှင့်ပို့စေ"ဟု အမိန့်တော်ချမှတ်သည်။



မဟာဒါန်ဝန်တို့သည် အမိန့်တော်အရ ဆရာတော်အား ဗန်းမော်မြို့သို့ ပို့ရမည့်အကြောင်း လျှောက်ထားလေရာ ရှောရှော ရှုရှုပင် လက်ခံတော်မူသည်။

အကြောင်းမှုကား ဗန်းမော်ဆရာတော်သည် သာသနာပိုင်ဆရာတော်ဘုရားနှင့် သုမေ္ဓာဆရာတော်များပင် လက်လျှော့ထားသောသတင်းသည် မြို့တွင်းမြို့ပြင် ဟိုးလေးတစ်ကျော် ပျံ့နှံ့နေသောကြောင့် ဗန်းမော်ဆရာတော် အထံသို့ ဝင်ထွက်သွားလာဝံ့သူများ နည်းပါးလာတော့သည်။ ဗန်းမော်ဆရာတော်ဆိုလျှင် ဘုရင်ငြိုငြင်သော ပုဂ္ဂိုလ်တစ်ဦးအနေနှင့် အဝေးမှ ရှောင်ရှားကြတော့သည်။

ထို့ကြောင့် ဗန်းမော်သို့ လှေနှင့် စုန်ခါနီး၌ စာချိုးတစ်ပုဒ် ရေးသားစပ်ဆိုလိုက်လေသည်။

"ငါ့ကံနှယ် ဆိုးပါဘိ၊
နင့်အမေ ( )တဲ့ကံရယ်၊
ငါ ( )ပါမှ
ငါ့ချည်းသာ ကျန်တော့တယ်"

နောက်ဆုံးတွင်ကား ဗန်းမော်ဆရာတော်သည် ဗန်းမော်မြို့သို့ နယ်နှင်ဒဏ် ခံရလေတော့သည်။

## လှေပေါ်မှ ကဗျာတစ်ပုဒ်

ဗန်းမော်ဆရာတော်အား ဗန်းမော်မြို့သို့ မင်းတုန်းမင်းဘုရင်က နယ်နှင်ဒဏ် ပေးလိုက်သည်တွင် ဘုရင်မင်းမြတ် အမိန့်တော်ချမှတ်သည့်အတိုင်း လှေသင်းအတွင်းဝန် ဦးချိန်က အစစအရာရာ လိုလေသေးမရှိအောင် စီမံခန့်ခွဲလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွက်တိုင်လှေကြီးတစ်စင်း၊ လှေထိုးသား ၃ဦး၊ ကပ္ပိယ ၂ ဦး လမ်းတွင် ချက်ပြုတ်ဆက်ကပ်ရန် ဆွမ်း၊ ဆန်၊ ဆီ၊ ငရုတ် စသည့် ရိက္ခာများကို လိုလေသေးမရှိအောင် လှေသင်းအတွင်းဝန် ဦးချိန်က အသင့်စီမံထားလေသည်။

မဟာဒါန်ဝန်နှင့် မဟာဒါန်ဝန်စာရေးတို့က အစီအစဉ်ရှိသည့် အတိုင်း နာရီစောင့်ပြီး ဗန်းမော်ဆရာတော်ကို လှေပေါ်သို့ ပင့်ဆောင် ခဲ့ကြလေသည်။

ဆရာတော်သည် ပင့်ဆောင်ရာလှေကြီးပေါ်သို့ ပြုံးရွှင်စွာ တက်ရောက်ခဲ့လေသည်။

လှေထွက်ခါနီးတွင် လှေသင်းအတွင်းဝန် ဦးချိန်က

"မှန်လှပါ၊ လမ်းခုလတ် ဆိုက်ကပ်မည့်မြို့ကြီးများက တန်ခိုး ကြီးဘုရားများ၊ ဆရာတော်ဖူးလိုပါက လှေထိုးသားများ ဆိုက်ကပ် ပေးရန် မှာကြားလိုက်ပါတယ် ဘုရား"ဟု လျှောက်ထား လေသည်။

ဆရာတော်က "ငါ့ကို ပြောတာမှ မဟုတ်ဘဲ၊ လှေထိုးသား ပြောတာပဲကွ"ဟု မိန့်ခဲ့လေသည်။

မိုးလေအကုန် ဆောင်းအကူး တန်ဆောင်မုန်းလထူး၏ နံနက်ခင်းမှာ နှင်းမှုန်ရည်မပျောက်တပျောက် နေရောင်မရောက် တရောက်အချိန်ဖြစ်သည်။ လှေကြီးကားကမ်းနားမှ ရွေ့လျား၍ ထွက်ခွာနေလေပြီ။

ဗန်းမော်ဆရာတော်သည် လှေထွက်၍ မလှမ်းမကမ်းအရောက် တွင် စာချိုးတစ်ပုဒ်ပါရှိသည့် ပေလိပ်ကလေးကို လှေသင်းအတွင်းဝန် အနီးသို့ ပစ်ချလိုက်လေသည်။




ထိုစာမျိုးမှာ–

ဗန်းမော်ကိုနှင်၊ မောင်လွင်လူမိုက်က၊ မုန်းလိုက်ပါဘိ နေ့ရစ်ကြနော်၊ နောင်ခါသော် မှားပြီဘုရားလို့ ကြားယောင် ပါ၏ ဟူသတည်း။

မင်းတုန်းမင်း၏ ငယ်မည်မှာ မောင်လွင်ဖြစ်သည်။ ဗန်းမော် ဆရာတော်လှေပေါ်စပ်သော ကဗျာတွင် ဘုရင်ကို ငယ်နာမည်ခေါ်၍ နက်လိုက်သော သတ္တိကား အာဂသတ္တိပင်တည်း။

* * *




www.burmeseclassic.com

www.burmeseclassic.com

# စလေဦးပုည၏ ဟာသရသကဗျာများ

## ဦးပုည

"ဦးပုည ဝတ္ထု ၄ ပုဒ်"ကို ရေးတဲ့ ဆရာကြီးပေါ့။ မင်းတုန်းမင်းတရားကြီး အိမ်ရှေ့စံနေတဲ့ အချိန်ကစလို့ အပါးမှာ ခစား၊ ထမ်းရွက်ပြီး နေရပါတယ်။ အဲဒီအတောအတွင်းလဲ မေတ္တာစာတို့၊ အလင်္ကာတို့၊ ဝတ္ထုတို့၊ တေးထပ်တို့ အစရှိတာတွေကို အတော်များများပဲ ရေးသားစပ်ဆိုခဲ့ပါတယ်။

အဲဒီပုဂ္ဂိုလ်ကြီးဟာ "နဘော" ထပ်တွေနဲ့ ရေးတတ်၊ စပ်တတ်တဲ့ အတွက်လဲ "နဘောမှာစလေ"လို့ ကျော်ကြားခဲ့တဲ့အပြင် "ဖန်ကလပ် အေးတဲ့ သပြေဖူးငုံစ၊ ပြန်က ဟပ်ရေးတဲ့ စလေဦးပုည" ရယ်လို့လဲ ထင်ရှားခဲ့ပါသေးရဲ့။

နောက် သက္ကရာဇ် ၁၂၁၄ ခုနှစ်မှာ မင်းတုန်းမင်း တရားကြီး ရှင်ဘုရင်ဖြစ်လို့ မန္တလေးမြို့နန်းကို ၄ နှစ်နဲ့ တည်ဆောက်ပြီးတဲ့ အချိန်မှာ ဦးပုညကို မြို့သစ်၊ နန်းသစ်အတွင်း စာဆိုတော်အရာမှာ ထားပြီး "မင်းလှအသခ်ယာ"ဆိုတဲ့ ဘွဲ့ကိုလဲပေးတယ်၊ "ရွာစည်ရွာ" ကိုလဲ အပိုင်စား သနားလိုက်ပါတယ်။ အဲဒါအပြင် လစာတော်ငွေ ကလဲ တစ်နှစ်မှာ ၆၀၀ နဲ့ ဝင်းမြေ၊ နေအိမ်လဲ ဆောက်လုပ် ပေးသနားသေးတယ်တဲ့။



စလေဆရာကြီး ဦးပုညဟာ "တခ်ဏာယပွတ္တိ"ဉာဏ်အရာ မှာလဲ အလွန်တရာမှ လျင်သန်၊ ထက်မြက်လှသတဲ့။ ဆိုကြပါစို့ကွယ်။ "ပဒုမပြဇာတ်ကိုဆိုရင် ညတွင်းချင်းအပြီးရေးသတဲ့။ "ဝိဇယ ပြဇာတ်" ကတော့လဲ ပါးစပ်က ရှောက်ရွတ်ပေးတာကို "မောင်သာထွန်းဆိုတဲ့ လူက လိုက်ရေးတာ ၂ရက်နဲ့ နားနား၊ နေနေပဲ ပြီးသွားထယ် တေးထပ်တို့၊ ဒွေးချိုး၊ လေးချိုးတို့ အစရှိတာတွေကျတော့ စလေဆရာကြီး ဦးပုညဆိုကို "ကာရန်တွေက အခစား လာရတယ်" လို့တောင် ဆိုစမှတ် ပြုကြရလေအောင် လျင်မြန်၊ ပြောင်မြောက် ခဲ့သကွယ့်။

အေး။ ဦးပုညမှာ တစ်ခု ချို့တဲ့နေတာကတော့ မွေးစထဲက လက်ယာဘက်လက် သေးသိမ်နေတာပဲ။ အဲဒီလက်က သိပ်ပြီး မစွမ်းမသန်လှဘူးတဲ့။ လက်ဝဲဘက်နဲ့ပဲ ရေးရှာပါတယ်။ ဒါကြောင့် လှောင်လို၊ ပြောင်လိုတဲ့ ပုဂ္ဂိုလ်တွေက "ဘယ်နဲ့ရေးတဲ့ ငပုတ်စည်၊ ဆန်တစ်ပြည် တေးတစ်ပုဒ်ပဲရယ်လို့တောင် လှောင်ကြ၊ ပြောင်ကြ သတဲ့။ အဲဒီချို့တဲ့ချက်ကြောင့်လဲပဲ မျိုးရိုးအားဖြင့် မြို့စား၊ ရွာစားမျိုး ဖြစ်ပေမယ့် သူကြီးရိုးရာ ရာထူးကို မရရှာဘူးတဲ့။

အဲဒီလို လက်တစ်ဖက် သေးသိမ်နေတာကို အကြောင်းပြုပြီး လှောင်ပြောင်ကြတဲ့အထဲမှာ သူနဲ့ အမြဲတမ်း စာပြိုင်ဖော်၊ စာပြိုင်ဘက် ဖြစ်တဲ့ အချုပ်တမ်းဆရာဖေလဲ ပါသတဲ့။ တစ်ခါတော့ အချုပ်တမ်း ဆရာဖေက ဟောဒီ ဒွေးချိုးကလေးနဲ့ သူ့ကို "ထေ့"လိုက်သတဲ့။

"လောကေ ဟတ္ထေ ချို့လျှင်လ၊
လူဖို့မကောင်း၊
မန်းကနက်မှာဖြင့်၊ စမ်း၊ လင်္ဂ ဓာတာပြောင်း[illegible]
ကဗျာလှောင် နဘောတေးကိုမှ၊

www.burmeseclassic.com

www.burmeseclassic.com

ဆရာယောင် စလေရေးတတ်တယ်၊
တွေးဆသင့်ကြောင်း။ ”

အဲဒီတော့ “ကြမ္မာဝိပါက်၊ ပါသည့်တွက်ကြောင့်၊ ညာလက်ရုံးပင်၊ သုံးမဝင်သည်ကို၊ ဗာမင်အဖြစ်ဖို့၍၊ မနှစ်မြို့သူတို့က သိုကလို မဲ့ရွဲ့လျက်၊ ကဲ့ရဲ့ကာ စကားတင်းဆိုသော်လဲ၊ သဘောကြီးသူ စလေဆရာက၊ မနေသာသဖြင့်၊ ဖြေတာလို့ ရေးစပ်သည့်၊ တေးထပ်မှာ အောက်ပါအတိုင်းဖြစ်”သတဲ့။

“သပြေမှာ ကဝေမြောက်၊
‘စလေ’ရောက်သူပါ၊
‘မင်းလှ’ဘွဲ့ ‘သခ်ယာ’
‘ရွာစည်ရွာ’ပိုင်စား
‘မောင်ပုည ခေါ်ဆိုသည်၊
ညာရွှေကိုယ် လက်ကမအား၊
တွက်စစ်တော့ ဆစ်တတောင်ဟာ၊
သူမအောင်သွေ့ရှား၊
ဖန်ရဝေ သန္ဓေဖွားစဉ်က၊
ကံခေဗြား လှူ့ဘောင်၊
သဏ္ဍာန် အမှန် ဟုတ်သော်လဲ့၊
ဉာဏ်ဥဂ္ဂ ထွန်းတဲ့အရောင်၊
မှုဆန်းလို့ ဝှန်းချောင်မှာ
ဆူကျွမ်းလောင် တောဇကြောင့်၊
လေခလို့ ဘယာရွှေ
ဖွားခဲ့မေမေ



သောင်းဒီပ ဇမ္ဗူမြေမှာ
တူသူလေ ရှားပါလိမ့်လေး။”

**လှေအလှူခံ မေတ္တာစာ ဦးပုည**

(က) သြဓိသပတ္တနာ၊ အဖြာဖြာကို၊ ကြိယာပွဲ့ဆို၊ မချဲ့လိုပြီ၊ အတိုကောက်နုတ်၊ သံခိပ်ပုဒ်ဖြင့်၊ လောကုတ်လောကီ၊ နှစ်လီအစုံ၊ ခြောက်အာရုံတွင်၊ မကြုံစတောင်း၊ အကောင်းပြကတော့၊ မြတ်သရွေ့နှင့်၊ တွေ့ပစေသော၊ မနောမင်္ဂလာ၊ ရေသဒ္ဒါဖြင့်၊ မေတ္တာပြဋ္ဌာန်း၊ ဆွတ်ဖျန်းလေ့ရှိသော၊ ရွှေမြို့တော်နေ၊ ဆရာရှင်ပုည, အကြောင်းကြားလိုက်ပါသည်။ မြင်းခြံရွာနေ၊ ကျောင်းတကာ ဦးမှုံ။ ။

(ခ) ဆရာမှာ– ကျောင်းတကာလှေနှင့် ဆန်တက်ရာ၊ ရွှေမြို့တော်သို့ရောက်လျှင်၊ သူကြီးဟောင်း ငကြူ, ဆွေမျိုးတစုတို့နှင့် ကျိတ်နယ်တိုင်ပင်၍၊ အိမ်တော်, နန်းတော်, သာသနာပိုင် ဆရာတော်များထံ၊ သေကံထိုက်အောင်၊ တိုက်ခိုက်လျှောက်တင်ကြသည့် အမှုကြောင့်၊ သေလုမျောပါး၊ ငါတကားဟဲ၊ ကြံ၍ကြံတုန်း၊ မတော်၍ ရှုံးလျှင်လည်း၊ အဆုံးမခံ၊ ဝေးလံရပ်ခြား၊ ယိုးဒယားတရုတ်၊ မီးကုတ် ကုတ်သို့၊ စုတ်စုတ်ဝင်ဆောင့်ပြီးမှ၊ တထောင့်ထောင့် ဒေသက၊ လှလှကြီး ထွက်ပေါ်၍ တိုင်းကျော်အောင် ဝင့်ကျယ်မည်။

(ဂ)ကံငယ်သည့်အခါကို၊ ပညာရှိ တက္ကသိုလ်၊ မင်းမယော် ပုဂ္ဂိုလ်မှ၊ အိုးဖိုသို့ ထွက်ပြေး၍၊ အရေးသစ်ကြံရသည်။ ထုံးစံကို နည်းယူ၍၊ လူထက်ကြပ် လှေထက်ကြပ်၊ တစ်နာရီ မလပ်အောင်၊ ထွက်ရပ်ကို လမ်းဖွင့်လျက်၊ သတိနှင့်မကွာ၊ နေရခိုက် ကြံပါ၍၊ ကျောင်းတကာ လှေတက်ကို၊ အသက်လောက် စိတ်ရှိနှင့်၊ မပို့ဘဲ နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com

(ဃ) မြေထူးမျိုးခြား၊ ကုလားရင်သွေး၊ ခွေးနှင့်နှိုင်းခြင်း၂ ဥမင်တွင်း၌၊ ကျင်းခုနစ်တောင်၊ နက်အောင်တူး၍၊ လကွယ်နေ့တွင်၊ မိုက်ငွေ့လူလူ၊ ဖွားတော်မူသည်၊ ကြေုတိရစ္ဆာန်၊ ရေမန်ကို၊ မင်းကျန်စစ်နှယ်၊ ဆရာတော်တယ်ရသည်၊ ကြောက်ဘွယ်များတောင်း၊ အောင်ပွဲကောင်းလည်း၊ တပေါင်းလမှ ပြီးပါသည်။

(င) ပြီးလျှင် စုန်မည်၊ ကြံစည်ပါလျက်၊ အထက်စကား၊ လေ့ငါးရင်း ကတိကို၊ ဉာဏ်မျက်စိ မနှောနှင့်၊ လှန်လှော၍ ကြည့်ရာတွင်၊ ဝတ္ထုငွေစ၊ လေ့ခဖို့ဆိုလျှင်၊ ဖျင်တိုတစ်ထွာ၊ သပြာ တစ်ရွေး၊ ဆံတမွေးမျှ၊ ပေးစရာမပေါ်၊ ရွှေမြို့တော် ထက်ဝန်းကျင်၊ ရှာပြန်လျှင်လည်း၊ လှူချင်သူနတ္ထိ၊ ကြွက်ကြွက်ဆူအောင်၊ တောင်းသူ သာရှိတော့သည်။

(စ) သိရင်းစွဲ ဒါယကာ၊ သဒ္ဓါမချို့၊ ထိုသူတို့လည်း၊ မြို့ ပေါက်မှာ မျောကြ၍၊ ဖွတ်ကျော်ပြာစု၊ ခရုဆံကျွတ်၊ ခါးဝတ်လွှာချင်း၊ ထမင်းရက်ချန်၊ ရေရက်မှန်နှင့်၊ ကပ်ကျပ်မွဲတေ၊ ဖွတ်ဘိုးအေများကို လှူစေလိုသော ဝတ္ထုနိပါတ်၊ ပိဋကတ်နှင့်၊ လျှာပြတ်အောင် ဟောသော် လည်း၊ ဟောရင်းသာ ပြန်တော်မူရမည်၊ ဆန်ဖြူဖြူတခွက်မျှ၊ ထွက်နိုင်ပုံမရ။

(ဆ) ကံပေး၍တစ်ခါ၊ ရပြန်ပါလည်း၊ ဆိုင်ရာမြို့စား မဟာ နေမျိုး၊ ဝမ်းသတိုးက၊ ကွမ်းဘိုးတော် များလှ၍၊ စားသည့်ပြင်မပို။ နဂိုရ်မူလ၊ လာရင်းကလည်း၊ ကွမ်းရွာဟာဘက်၊ စည်းသောင်ပွတ်တွင်၊ ဇနက္ကမင်းသားကို၊ အားကျ၍ လေ့မှောက်၊ သေလောက်မတတ်။ အရေးကတ်တွင်၊ ငရွှေမှတ်ဆိုသလား၊ မေခလာ လင်မယားက၊ ထိုးဝါးနှင့်ယူငင်၊ သောင်စွယ်သို့ တင်သောကြောင့်။ ရှင်သီလဝန်၊ တမလွန်ကို၊ အခွန်မဆတ် နေရသည်။



(ဇ) အရင်းပလာ၊ တခါလေ့နစ်၊ အသစ်မပွား၊ ပစ္စည်းပါးလှ၍၊ ငှားခဲ့ရင်း လေ့ခကို၊ ပေးရမည်ဖြစ်ချေလျှင်၊ လေ့နစ်သည့် ဒုက္ခထက်၊ အနန္တ ပိုပြန်၊ ရေမန်ကြေုကြောင့်၊ စိတ်ပူသည့် ဝိတက်လည်း၊ မီးဆက်၍ မမှိ၊ ဒရွှတ်သည် ဆင်းရဲနှင့်၊ မွဲကျပ်ချွတ်အခါကို ကျောင်းတကာ ချီးမြှင့်မှ၊ သက်သာခွင့် ရပါမည်။ ဝိမာန ဝတ္ထုတွင်၊ သဗ္ဗညုနှုတ်ထွက်၊ လေ့လှူသည့် အကျိုးစက်ကြောင့်၊ အနဂ္ဃစည်းစိမ်နှင့်၊ အကြိမ်ကြိမ်ပြည့်စုံကြောင်းကို၊ သိဟောင်းပင် ဖြစ်ပါသည်။

(ဈ) ထိုက်သက်ရာ လေ့ခကို၊ မရသည့်အတွက်နှင့်၊ မာန်အမျက် တံခွန်ထူ၍၊ ဒေါသမူ မယှဉ်အောင်၊ သမ္မဇဉ်ရွှေကြိုးဖြင့်၊ စိတ်မြွေဆိုး ပဋိဃတ်ကို၊ ဆဲ့ကိုးပတ်ကြော့ပြီးလျှင်၊ မျှော့ပမာ ရမ္မက်ကို၊ ဆေးပက်ကာ ခွာပါမှ၊ ပညာဓိဆုကြီးကို၊ လက်နီးတွင် ဆွတ်လှမ်း၍ ဝဋ်ကမ်းမှ ထွက်မြန်းနိုင်ပါမည်။

(ည) သံသရာရေ၊ ပင်လယ်ဇွေကို "ကိ မေ ကောန တိဏ္ဏော" ဗုဒ္ဓဝင် ကျမ်းပြသည့်၊ သာဓကအညီ၊ အဋ္ဌင်္ဂီ ရွှေသောင်တွင်၊ ပဲ့တောင်က တက်စွဲ၍၊ ကူးတို့ကဲမှုရအောင်၊ လေ့လှူသည့် ကုသိုလ်ကို၊ မဂ်ဖိုလ်နယ်ဝင်၊ ဇယားပုံတင်ပြီးလျှင်၊ ရွှေမင်နှင့် ကွင်းခဲ့၍၊ စာရင်း သွတ်စေချင်ပါသည်။

(ဋ) ယာဂု ထမနဲ၊ အိုးကြီးကွဲခါမှ၊ စွန့်ကြသည့်ဒါနလည်း၊ နိပ္ပလမဆိုသာ။ စေတနာဇောသန်၍၊ သမုဒ္ဒာန် လှန်ကဲလျှင်၊ အိုးကွဲမှ စွန့်လှူသည့်၊ ထိုသူတို့ ကုသိုလ်လည်း၊ မဂ်ဖိုလ်ကေန် ရပေမည်။

လှူစနတ်စ ဇြပဟ္မာစများမှာ၊ ဒါနကလေး၊ သေးကွေးစွာပင်၊ တရွေးလောက်ရှိလျှင်ပင်၊ အင်မတိ အင်မတန်၊ စံချင်တိုင်းစံရသည်။ ကံ၏သဘော၊ အလယ်ဇောကို ဟော၍မတုံး၊ နိဗ္ဗာန်မှ ဆုံးကြောင်းကို စံထုံးကျမ်းထွက် ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

(ဌ) ယင်းသို့ ဖြစ်၍၊ နောက်နှစ်ကာလ၊ လွန်သမျှကို၊ ဒေါသမရစ်၊ ကုသိုလ်ချည်းဖြစ်ရအောင်၊ သဒ္ဓနကာရိ၊ ပါရမီပြည့်ကြောင်း၊ အလောင်းတဆူ၊ ဗုဒ္ဓကိုတို့၊ ဆုယူသည့်ထုံးစံကို၊ မြင်းခြံနယ်ကျောင်းတကာလည်း၊ ဥပမာပုံထား၍၊ လေ့ငှားသည့် အခကို၊ လောကတွင်မသုံး၊ နိဗ္ဗာန်သို့ရောက်ကာမှ၊ ဈေးကြောင်းပေါက်သုံးမည်ဟု၊ အမြွတ်ဆုံးသဘောနှင့်၊ ကုသိုလ်အောက် ပါရအောင်၊ သံသရာ ကံကျွေးပြုပါမည့်အကြောင်းကို၊ သူတော်ကောင်း လက္ခဏာထင်မှတ်ရင်း ရှိပါ၍၊ မေတ္တာဆက်ဆံ ရပ်ခံမှာကြားလိုက်ပါသည်။

## ဦးပုည၏ဒေါနဆိ မေတ္တာစာ

(က) စလေဆရာ ကြားမှာလိုက်သည်။ ရွှေမြို့တော်နေတကာမ မိရွှေသစ်။ ဆရာရွှေမြို့တော်သို့ ရောက်လာရာ၊ သတိုးမင်းကြီး မဟာသက်တော်ရှည်ကတော်၊ မင်းကင်းမြို့စား တကာတော်မက စပ်သွယ်၍၊ ဆရာကို တကာမ မိရွှေသစ်သည်၊ အချစ်အရိုသေ၊ မေတ္တာရေဝင်သဖြင့်၊ သံဃာတော်မြတ်၊ အမှတ်နလုံးသွင်း မောင်ရင်း ပမာဏ၊ လောကလည်း မလွတ်၊ မေ့ဝတ်မကျေ၊ ရှိသေမြတ်နိုးသဖြင့်၊ အဖိုးအနဂ္ဃ၊ ဒေါနဆိအထုံ၊ ဂန္ဓာရုံကို၊ စည်းခုံပုထိုး၊ ရှိခိုးဝတ်တက် ကပ်ဆက်သုတ်လိမ်းရန် လှူလိုက်ရာ၊

(ခ) ၎င်း ဒေါနဆိ ဝတ္ထုသည်၊ ဥတုဇ ရုပ်ကလာပ်ပညတ် သင်္ခါရ၊ အနိစ္စသဘော ဖြစ်ချေ၍၊ စလေသို့ စုန်သွားရာ၊ မည်သည့်မြို့ရွာ စခန်းတွင်၊ ဖြစ်မှန်းပျက်မှန်းကို မသိရ၊ ဒေါနဆိ ဘဝမှ၊ စုတိမနေ၊ သေလွန်ပြီးလျှင်၊ အထောက် မတန်၊ ရေနံဘဝတွင်၊ ပဋိသန္ဓေ၊ စွဲနေဖွားမြင်လာသည်ကို၊ ဆရာလည်းမသိ သတိလည်း မထား။



(ဂ) ဘုရားတစ်ဆူတွင်း၊ ကြည်ဖြူ စေတနာ၊ သဒ္ဓါစိတ်ပြေး၍ ဆီမွှေးပူဇော်မည် အကြံနှင့်၊ ရောင်လျှံတော်၊ မဏိဦးက၊ ဖလ်ဖူးကို စောင်းငိုက်၍၊ လောင်းလိုက်ရာတွင်၊ ရုပ်ရှင်တော်မြတ်စွာလည်း၊ နံ့ရှာတော်မူလွန်း၍၊ ရွှေခွန်းတော်မတုံ့၊ အနိုင်ငုံ့ငုံ့ပြီးလျှင်၊ ရှုံ့၍ ခံတော်မူရချေသည်။

(ဃ) သုံးလူဆွေ မြတ်စွာကို၊ အားနာသည်လည်း တထောက်၊ ကြောက်သည်လည်း တစ်ချက်၊ ရှက်သည်လည်းတခြား၊ သို့ဖြစ်ငြားသော်လည်း၊ နလုံးထားစင်ကြယ်လျှင်၊ အပါယ်သို့မလားဟု၊ တရားနှင့် ဆုံးမ၍၊ ကုက္ကုစ္စ ကင်းစေရတော့သည်။

(င) ရုပ်ပွားတော် သခင်မှာလည်း၊ အသက်ရှင်သော ဘုရား ဂေါတမစင်လျက်၊ ရေးသံသရာ ဝဋ်ဟောင်းပါ၍၊ ခါးနာခေါင်းခဲ၊ ထားခွဲကျောက်ရှ၊ ဒွါဒသ အတိ၊ ဥပဒ်တော်ငြိသေးသည်။ သက်ရှိ မဟုတ်၊ ရွှေရုပ်တော်ပွား၊ ငါသစ်သားပေကိုး၊ ကြိုးစား၍ ခံရပေမည်ပဟု၊ စတုတ္ထဖိုလ်သမာ၊ ဝင်စားဆဲအခါကဲ့သို့၊ မျက်လွှာကို မှိတ်ပြီးလျှင်၊ အံကြိတ်၍ ခံတော်မူရှာလေသည်။

(စ) သည်အရာတွင်၊ စေတနာ အရင်းဖြူသောကြောင့်၊ လှူလိုက်သူလည်း အပြစ်မရောက်။ ထိုနောက်တစ်ကြောင်း၊ လောင်းသူ လည်းအပါယ်မလား၊ ရုပ်ပွားတော်ကလည်းသူမဖြုန်၊ သုံးပါးစုံဝန် ကင်း၍၊ ရှင်းကြသည် အပေါ်တွင်၊ ဆရာတော်ကတစ်ခါ၊ ကျေးဇူးကို ရှာသည်မှာ၊ ငါလည်း စလေတွင် ကဝေမြောက် ကဝိခေါ်၊ ကျမ်းကန် တတ်၊ အကျော်ဟု၊ နေပြည်တော်တစ်လျှောက်၊ အောက်ထိုလည်း ရန်ကုန်၊ ဆန်–စုန်ကြေညာ၊ အာဂုဏ်ရှင်၊ အမြင်အကြား၊ အလွန်ပင် များသော်လည်း။

www.burmeseclassic.com

www.burmeseclassic.com



(ဆ) ဆန်းပြား ပွေလီ၊ ဒေါနဆိသည်၊ ဠီတွင်မတန်၊ ဘင်ဆက်ဆံ၍၊ ရေနံဖြစ်တတ်ကြောင်းကို၊ စာဟောင်းစာတမ်း၊ ကျမ်းလည်းမလာ၊ တို့ဆရာလည်းမပြ၊ ယခုမှသာ၊ တကာမ ကျေးဇူးကြောင့်၊ အထူးအခြား၊ မှတ်သားသိမြင်ရပေသည်ဟု၊ စလေဆရာ၊ ပုဂ္ဂိုလ်ငါမူ၊ ပညာသိပွ၊ နည်းသစ်ရသောကြောင့်၊ တကာမ မိရွှေသစ်ကို၊ အပြစ်ဒေါသ၊ မာနမဝင်၊ ကျေးဇူးတင်ကြောင်းများကို သိကြားစေလိုသည်လည်းတဝ။

(ဇ) သခါ်ရ ရုပ် နာမ်တို့သည်၊ ဖောက်ပြန်ရွေ့လျော၊ သဘော အနိစ္စ၊ ဖြစ်ကုန်ကြ၍၊ တကာမတို့အားလည်း၊ ထူးခြားတစ်ကြောင်း၊ မဖြစ်တောင်းမဖြစ်ရာ၊ ကြိုက်ကြုံလှာလျှင်၊ ဆရာနှင့်အလားတူ၊ တရားယူလျက်၊ တပါးသူတွင်၊ မတင်ပြစ်ဆာ၊ စိတ်မနာဘဲ၊ သခါ်ရလမ်း၊ ဖြစ်မြဲတမ်းဟု— ကမ္မဋ္ဌာန်းရှုစေလိုသည်လည်း တစ်ကြောင်း။

(ဈ) ဆရာကောင်းဝတ်၊ ညီညွတ်သည့်စကားနှင့်၊ တရားဓမ္မ၊ ညွှန်ပြ ကြားမှာလိုက်ပါသည်၊ တကာမ မိရွှေသစ်။

(ည) ထောက် မတန်၊ ရေနံမှာ–သန္ဓေရ၊ ဒေါနဆိကောင်း။ စလေ ပျော်၊ ပုဂ္ဂိုလ်ကျော် ရွှေဉာဏ်ဖွဲ့၊ ရေးတဲ့အကြောင်း။





## လှူပို့မလှည့်ကြောင်းပေး မေတ္တာစာ

(က) သဗ္ဗေ သတ္တာ သတ္တဝါကို ဒုက္ခာ မုဥ္စန္တု၊ ခုဘုရား ရွှေလက်ထက်၊ မြင်မြင်တိုင်းကျက်ကြသည်၊ ချေးပျက် မေတ္တာစာ၊ ဉာတကာတို့ကို၊ ပေယျာလကာန်၊ ဇကွက်၍ ချန်ပြီးလျှင်၊ သမန္တာ စက္ကဝါဠေသုကို၊ ပု– ဒိ–အာ မကြွင်း၊ ပုဒ်မပါ သွင်းပြီးလျှင်၊ မြို့အုပ်မင်း ကျုပ်တကာ၊ မာပါစေ ဟောန္တု၊ သာပါစေ ဟောန္တု၊ တစ်အိမ်လုံး တစ်ရပ်လုံး၊ ရှိသမျှ သိမ်ရုံး၍၊ အားလုံးကုန် ဟောန္တု၊ သဝေချာ ပြွမ်းစု၍၊ ခုလုပ်ခုရေး၊ ဆေးမေတ္တာစာ၊ သျှိုဂါထာကို၊ ဇဝနာ ပဋိဘာန်၊ ပင်ထွက်ဉာဏ်ဖြင့်၊ အမြန်စီရေး၊ အမှုပုံ ပါပါနှင့်၊ မေတ္တာစာ ပေးလိုက်သည် ေးတီတိ ဒါယကာ၊ ကျုပ်တကာ မြို့အုပ်မင်း။ ။

(ခ) ကိုယ်တွင်း ကိုယ်ပ၊ ဆနဝ–ရောဂါ၊ ကပ်လှာညှင်းပန်လျှင်၊ ရဟန်းတို့အား၊ ဆေးဝါးအလို့ငှာ၊ ဒါယကာနေအိမ်သို့၊ အချိန်ကာလ၊ နေ့ညမဟူ၊ အလျှူခံ သွားတော့ဟု၊ ဘုရားဟော ဒေသနာ၊ ပညတ်တော် လာသည်ကို၊ တကာကြီးအသိ၊ အမိန့်တော်သို့ရှိ၍၊ ဒုက္ခိတ ဝေဒနာ၊ မကျန်းမာသည်ကို၊ သပ္ပါယ ဆေးဝါးဖြင့်၊ ကုစားသော် ကောင်း၏ဟု၊ အကြောင်းထူးမရှိ၊ ဆေးဝါး၏အလို့ငှာ၊ စေတနာ သက်သက်၊ ပယောဂ မစွက်ဘဲ၊ တစ်ရက်မျှတည်းသာ၊ ကျွန်ုပ်လာသည်ကို။

(ဂ) တကာကြီး အရပ်က၊ ပစပ်နှင့်မအား၊ လဲ၍ထားသည်ကို၊ ယောကျ်ားတစ်ယောက်၊ နွားလောက်နိုးနိုး၊ မိုက်လုံးကြီးနှင့် ရှုတ်သီး၊ မစောင့်၊ သကောင့်သားလက်ကိုင်း၊ ငွေပေး၍ နိုးသည့်နှယ်၊ အိမ်တိုင်းကို သူ၊ ကြွေတော်မူပြီးလျှင်၊ လူ့တကာနှင့်၊ မကြားကောင်း

www.burmeseclassic.com

www.burmeseclassic.com



မနာသီး၊ ဘုန်းကြီးတန်မဲ့၊ လူပျိုလှည့်သည်ဟု၊ တကယ့်အဟုတ်၊ သင်းအမှု လုပ်သောကြောင့်၊ မြို့အုပ်မင်းအသဲကို၊ ကျွဲဝင်၍ ခတ်သည့်နယ်၊ အရပ်က သူ့ထက်ငါ၊ သဟာမှ ကောင်းမကြဲ၊ သို့ဖြစ်ဟန်ကြောင့်၊ တိုင်ပင်ရန် မရှိ၍၊ သတိမှ ရစေဟု၊ အထွေထွေအပြားပြား၊ အရပ်က ကြားသည်ကို၊ စကားကူးတို့၊ တကာကြီး ပို့ပေသည်။

(ဃ) သို့သည် တကာ၊ ကျေးဇူးကိုရှာလိုက်လျှင်၊ ဆရာ၏အလိုမှာ၊ အစ်ကိုဟု နှလုံးသွင်း၍၊ အရင်းကြီးထင်ပါသည်။ ပြင်ပြင်မဲ့သား၊ တရားနှင့်မညီ၊ လူတကာ မသတိအောင်၊ နာရီကို ကြိုက်တတ်၍၊ ဣတ္ထိရုတ် လိုက်သည်ဟု၊ ကတိုက်ကုန်းချော၊ တစ်ရပ်လုံးမနာလို၍၊ ကြာခိုသည် ပြောသော်လည်း၊ သဘောနှင့် ထောက်ချင့်၍၊ ယုံသင့်မှ ယုံပါ။

(င) သင်းမျိုးကို ဝါသနာ၊ ကျွန်ုပ်ပါတတ်လျှင် တကာမို့ပြောလိုက်မည်၊ အချောအနု၊ ပုပုမြင့်မြင့် အခန့်သင့်ကလေး၊ သေးသေးသွယ်သွယ်၊ သပြေတို့အရွယ်၊ မငယ်လွန်း မကြီးလွန်း၊ ရွှန်းချစ်တစ်မျိုးအထိုးခံ အုန်းသီး၊ ဘုန်းကြီးကြိုက် မင်းကြိုက်။ ကာလသားများနှင့် လားလားမျှ မထိုက်၊ ဗျာဆံပိုက်ဗျာဆံခါ၊ အပျိုတွေလာလွန်းလို့၊ ဆရာတော် ကျောင်းပေါ်က ကြိမ်ဆော်၍ချရသေးသည်။

(စ) ကာလနုခေတ်၊ သို့သည်ဖြစ်၍၊ ညစ်ညစ်ညမ်းညမ်း၊ သက်န်းကိုမရုံ၊ ခေါင်းဖုံးခြုံပြီးလျှင်၊ ရွှေဘုံဝိဟာ၊ ကျောင်းတော်သာက၊ ငါ့ရှင်မထိး၊ တကာကြီးဆရာ၊ ညာနေသူ ရှာရအောင်၊ စကြာတော်မဖြန့်ကြောင်းကို၊ အပေါင်းလူများအား၊ မှားယွင်းသက်ာ၊ မိစ္ဆာဉာဏ်၊ ရှင်းကွာအောင်၊ မေတ္တာစာ မောင်းခတ်၍၊ အရပ်ကို လှည့်ပါလေနော်တကာတော်။

*  *  *

# စကားတောင်စာနှင့် သူငယ်ချင်းသုံးဦး

www.burmeseclassic.com

www.burmeseclassic.com

## ကျောင်းနေဘက် သုံးဦး

စကားတောင်စားသည်၊ စာရေးတော်ကြီးအိမ်၌နေကာ ပညာလည်း ဆည်းပူးရင်း အိမ်ထက်သာသော ထမင်းများ ဟင်းများလည်း စားနေရသောကြောင့် စာရေးတော်ကြီးအိမ်သို့ သတိရ၍ နေလေသည်။

သို့သော်လည်း မိမိစကားကတတ်များကို ပြုမူကျင့်သုံးခဲ့ပုံများကြောင့် ပြန်လည်၍ လက်ခံဖို့ဆိုသည်မှာ မဖြစ်နိုင်တော့သောကြောင့် အခြားတစ်နည်းတစ်လမ်း ကြံဆရလေသည်။

သူကြံဆတွေးတောရသည်မှာ ၎င်းမိခင် ဆွမ်းပို့နေသော ဘုန်းကြီးကျောင်းတွင် နေထိုင်လိုပေသည်။ ထိုကျောင်းမှာ စာပေပညာနှင့်တကွ လောကီလောကုတ်နှစ်လီသော ပညာများကို သင်ကြားပေးသောကြောင့် နာမည်ကျော်ကြားလှလေရာ၊ ရွာနီးချုပ်စပ်နှင့်တကွ အနယ်နယ်အရပ်ရပ်မှ လာရောက်ခိုလှုံကြသူများ ပေါများသောကျောင်းဖြစ်လေသည်။

သို့ကြောင့် စကားတောင်စားသည် မိမိကိုယ်တိုင်လည်း ကောင်းမွန်စွာ စားသောက်ရလေအောင်၊ နောက်တစ်ချက်ကလည်း ပညာတတ်မြောက်မှ စာရေးတော်ကြီးကဲ့သို့ ကောင်းမွန်စွာနေရမည်



ကြောင့် ထိုကျောင်းတွင် အပ်နှံပေးပါရန် သူ၏အမေအား ပူဆာပြန်လေသည်။

သူ့အမေကလည်း အိမ်မှာထားလျှင် ပညာလည်းမရှိ၊ လက်ရှု လက်လှည့်လည်းမရ၊ အလုပ်ကလည်းပျင်း၊ စကားကလည်းကတ်၊ အစားကလည်းကြီး၊ ဆန်ကလည်းရှားသောကြောင့် ဝန်ပိနေ၍ သဘောတူလိုက်လေသည်။

ကျောင်းအပ်ပြီးသောအခါ ပထမရောက်နှင့်နေကြသော ကျောင်းသားငလက်တို့နှင့် ငသိုတို့က စကားတောင်စားအား ပညာစမ်းကြ၊ တီးကြခေါက်ကြလေသည်။

သို့သော်လည်း စကားတောင်စားမှာ ကျောင်းသားသစ်ဖြစ်စေကာမူ ညံ့သူမဟုတ်သောကြောင့် စကားပြောရာ၊ ကျောင်းလုပ်ငန်းများလုပ်ရာ၊ ခိုင်ပုံကတ်ပုံ၊ စကားနိုင်လုကြပုံတို့မှာလည်း မှတ်လောက်သားလောက်အောင်ပင် ဖြစ်လေသည်။

တစ်ယောက်နှင့်တစ်ယောက်ကား တစ်လွန်းတင်မခံ၊ သေးသေးတင်မခံကြဘဲ အကြိတ်အနယ်ပင် အပြိုင်အဆိုင်အနိုင်ကဲနေ ကြလေသည်။

သို့ကြောင့် ဘုန်းကြီးလည်း သူတို့သုံးယောက်အား ချစ်ခင်၍ အပျော်သဘောဖြင့် စကားနိုင်ပြောခိုင်းတတ်လေသည်။

## စကားနိုင် ပြိုင်ပွဲ(၁)

ဘုန်းကြီးက ဤသို့စကားနိုင်ပြောခိုင်းသည်မှာ ရည်ရွယ်လို၍ သူတို့သုံးယောက်ကလည်း တစ်ယောက်နှင့်တစ်ယောက် နည်းနည်းမှ အညံ့မခံ အရှုံးမပေးကြသောကြောင့် စကားနိုင်ပြောရန် စဉ်းစားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ– ပထမ လေက်တိုစပြော"

"ငါမြင်ဖူးတဲ့ ခွေးကောင်တစ်ကောင်ဟာ သိပ်ပြီးတော့ကို မြန်တယ်၊ ဘယ်လောက်မြန်သလဲဆိုရင် တစ်ခါက ယုန်လိုက်ဖို့ရာ တောထဲကို ခေါ်သွားတယ်၊ တောစပ်ရောက်တော့ ယုန်ကလေးသုံးကောင် ပြုတ်ခနဲပြေးတာလဲ မြင်လိုက်ရော ခွေးက မုဆိုးနားက ပျောက်သွားတယ်၊ ခဏကြာတော့ သုံးကောင်ကို တစ်ပြိုင်တည်း ကိုက်ချီလာတာကို တွေ့ရတော့တာပဲ၊ ဒါလောက်ထိအောင်ပဲမြန်တယ်၊ လိုက်တာ မမြင်ရတာကိုထောက်ရင် ယုန်ထက် ဆယ်ဆမက မြန်တယ်"ဟု လေက်တိုက သူ့စကားသူ ဟုတ်လှပြီဟု ယူဆကာ ကြွားဝင့်ပြောဆိုလိုက်သည်။

ထိုအခါ အနီးအနားၵှ နားထောင်နေကြသော ဦးပဍင်း၊ ကိုရင်၊ ကျောင်းသားများကသာ တအံ့တဩဖြစ်ကြပြီး ဘုန်းကြီးကိုယ်တိုင်ကလည်း ပြုံးလျက်သဘောကျနေလေသည်။

"ကဲ ကဲ ညိုပြောစမ်းပါဦး" ဘုန်းကြီးက ပြောရာ ညိုကလည်း လေက်တိုတို့ထက်သာအောင် ပြောဆိုလေတော့သည်။

"အောင်မာ မင်းခွေးကောင်းတယ်ဆိုတာ ဘာဟုတ်သေးလဲကွ၊ ငါတွေ့ဖူးတဲ့ နွားတစ်ရှဉ်းကမှ တကယ်ကောင်း၊၊ ဘယ်လောက်အထိကောင်းသလဲဆိုရင် အမရပူရနေပြီးတော့ မန္တလေးတောင်ကို လှည်းနဲ့ သမီးယောက္ခမနှစ်ယောက် ဘုရားဖူးသွားကြတယ်။ ယောက္ခမက နောက်ကထိုင်လို့၊ သမက်ကလှည်းမောင်းလို့၊ ဒါနဲ့ မန္တလေးတောင်ခြေရောက်လို့ သမက်က နောက်ကိုလှည့်ကြည့်လိုက်တယ်၊ ယောက္ခမကြီးပါလာတာ မတွေ့ရတော့၊ ဟ... ငါ့ယောက္ခမကြီး



လှည်းဆောင့်လို့ကျန်ခဲ့ပြီဆိုပြီး ပြန်လှည့်မောင်းလာတာ အနားရောက်တော့ ယောက္ခမကြီးဟာ မြေကြီးပေါ်မရောက်သေးလို့ သမက်က ဆင်းပြီး ပွေ့လိုက်နိုင်သတဲ့၊ ကဲ...မင်းခွေးထက် ငါ့နွားကမမြန်ဘူးလားဟု ဝင့်ကြွားစွာပြောဆိုရာ "လေက်တိုရဲ့ ခွေးထက်မြန်ပါပေတယ်" ဟုကြားရသူများက ချီးမွမ်းကြ၏။ ညိုမှာ ပြုံးပြုံးပြုံးပြုံးနှင့် ပီတိဖြစ်၍ နေလေသည်။

ဘုန်းကြီးမှာမူကား စကားတောင်စားပြောမည့် စကားကို နားစွင့်လျက်ရှိလေသည်။

စကားတောင်စားကလည်း အပွဲပွဲနွှဲလာသူဖြစ်၍ ဤနေရာတွင်မှ နပ်ပစ်ခံရမည်မဟုတ်ရကား၊ "အံ့ဟမ်း" ဟုပင်ချောင်းဟန့်လိုက်ပြီးမှ "မင်းတို့နှစ်ယောက်ရဲ့ခွေးကောင်း၊၊ နွားကောင်းက ဘာဟုတ်သေးလဲကွ၊ ငါတွေ့တဲ့ထမ်းပိုးကောင်းပုံကမှ အံ့သောက်အောင်ကောင်းတာ၊ ဘယ် လောက် ကောင်းသလဲဆိုယင် လူတစ်ယောက်ထမ်းပိုးကိုထမ်းပြီး သွားလိုက်တာဟာ တဖြည်းဖြည်းနဲ့ ပခုံးနဲ့ထမ်းပိုးနဲ့ တစ်လက်မလောက် ကွာလာ တယ်၊ နောက်တော်တော် လှမ်းလှမ်းရောက်တော့ တစ်ထွာလောက် ကွာလာတယ်၊ နောက်ကျတော့ ထမ်းပိုးကလူနဲ့ လွတ်ထွက်သွားတော့ လူကတောင်းထဲတက်ထိုင်ပြီး လိုက်သွားတော့တာဘဲ"ဟုပြောရာ ကြားရသူများအားလုံးကပင် "အင်း–စကားတောင်စားရဲ့ထမ်းပိုးက ကောင်းလှပေတယ်" ဟုဆုံးဖြတ်လိုက်ကြသည်။

## စကားနိုင် ပြိုင်ပွဲ (၂)

စကားနိုင်ပြိုင်ပွဲကို ရှုံးရသဖြင့် လေက်တိုနှင့် ညိုတို့မှာ မကျေမနပ် ဖြစ်နေလေသည်။ စကားတောင်စားကို စကားအရာမှာ မနိုင်လေသဖြင့် အကွက်ကောင်းကို ချောင်းနေလေရာ၊ တစ်နေ့တွင်

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်လည်း ပျင်းပျင်းရှိသည်နှင့် စကားတောင်စားနှင့် လေက်တို၊ ညေိုသုံးယောက်စလုံးကို ခေါ်၍ စကားအနိုင်ပြိုင်စေပြန်သည်။

ထိုအခါ လေက်တိုက ဒီတစ်ချက်ဖြင့် အကွက်ပေါ်ပြီး စကားတောင်စားမလှန်နိုင်အောင် ပြောခွင့်ရလေပြီဟု အားရဝမ်းသာစွာ ပြောသည်မှာ

"တို့ဘကြီးယာထဲက ရွှေဖရုံသီးဟာ ဘယ်လောက်စေးသလဲဆိုရင် အရှူတစ်ခုမှာ ရွှေဖရုံသီးချက် ဟင်းအိုးမွှေတဲ့ ယောက်မနတ်မရလို့၊ လှေပေါင်း ၂၀ ဝိုင်းနုတ်မှ ယောက်မပြုတ်ထွက်လာသတဲ့၊ အဲဒါ မင်းယုံရဲ့လား"

"ယုံပါသော်ကောမောင်ရာ၊ အဲဒီ မင်းဘကြီးယာတောမှာ စိုက်တဲ့ ရွှေဖရုံပင်ဟာ တို့ခြံထဲက ထွက်တဲ့ ရွှေဖရုံမျိုးစေ့မို့ မယုံစရာ မရှိပါဘူး၊"ဟုဆိုလေသဖြင့် လေက်တိုမှာ ပြန်၍ မချေပနိုင်ဘဲ ငိုင်ကျသွားရာ ဆရာတော်နှင့်တကွရဟန်းသာမဏေများပါ ရယ်မောကြရသည်။

လေက်တို အရှုံးပေါ်၍ ညေိုက မခံချင် ဖြစ်လာပြီး

"ကဲ. . .ဘူးသီးဘယ်လောက်ကြီးတာ မင်းမြင်ဖူးသလဲ" မေးရာ စကားတောင်စားက ပြုံးပြုံးပင်"

"မင်းပြောမယ့် ဘူးသီးထက် ပိုကြီးတာ ငါမြင်ဖူးတယ်"ဟု ဆိုသဖြင့် ညေိုမှာ သူ့ဘူးသီးဘယ်လောက်ကြီးသည်ကိုပင် မပြောလိုက်ရဘဲ အရှုံးပေးလိုက်ရသဖြင့် မကျေမနပ်ဖြစ်၍ သွားလေသည်။



## စကားနိုင် ပြိုင်ပွဲ (၃)

တစ်နေ့သော် ဆရာတော်က ခေါ်သည်။ စကားတောင်စားနှင့် လေက်တို ညေိုတို့ ယုံတမ်းစကားပြောရမည်။ ကျောင်းရှိသာမဏေ၊ ကျောင်းသားအများ မှတ်သားနာယူရမည်ဟု အမိန့်ရှိသည်။ စကားတောင်စားက–

"မှန်ပါ၊ ဒီတစ်ခါတော့ပွဲကြီးပွဲကောင်းမို့ တစ်ဖက်သားယုံအောင် ယုတ္တိရှိရှိ ပြောရပါမည်။ ရှုံးသူကတပည့်ခံစတမ်း လောင်းတန်းထားပါဘုရားဟု လျှောက်ထားရာ–

လေက်တို၊ ညေိုတို့ကလည်း စကားတောင်စားအပေါ် နိုင်ကွက်ချောင်း၍နေရာမှ ဒီတစ်ချီ အနိုင်ရတော့မည်ဟု အားခဲကာ–

"မှန်လှပါဘုရား၊ တပည့်ခံစတမ်း၊ အလောင်းအစားပြုပေးပါဘုရား"

"ကဲ ကောင်းပြီ၊ လေက်တိုကစပြီး ယုံတမ်းစကားပြော"

ကဲ စကားတောင်စားရေ၊ ကျုပ်တို့ဘကြီး နွားတစ်ကောင်ဘယ်လောက်ကြီးသလဲဆိုရင် ရေစကြိုဆိပ်ကမ်း ရေဆင်းသောက်တာ ရှေ့ခြေနှစ်ချောင်းက ညောင်ဦးဘက်ရောက်နေပြီး၊ နောက်ခြေနှစ်ချောင်းက ရေစကြိုဘက်မှာ ရှိနေတယ်၊ အဲဒီလောက်ကြီးတယ် ယုံရဲ့လား"

စကားတောင်စားက–

"မင်းနွားက မင်းပြောလို့သာ ကြားရတာ ယုတ္တိမရှိဘူး"

"ယုတ္တိရှိရင် ယုံမလား"

"ယုတ္တိရှိရင် ယုံမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို ငါ့ဘကြီးရဲ့ နွားကြီး ရေသောက်နေတုန်း ဖြန်းဆို ညောင်ဦးကမ်းပါး ပြိုကျလိုက်တော့ ရေစကြိုဘက်မှာ ရှိနေတဲ့ ခြေထောက်နှစ်ချောင်းဟာ ကားကနဲဖြစ်ပြီး ပေါင်မဲ့သွားတယ်။ တို့ဘကြီး နွားကိုအကြောင်းပြုပြီး (ညောင်ဦးကမ်းပါးပြိုတာနဲ့ ရေစကြိုက နွားပေါင်ပဲ့ရတယ်)ဆိုတဲ့ စကားပုံ ဖြစ်လာတာပေါ့"

လက်တို့၏ စကားကိုဆရာတော်နှင့်တကွ ရဟန်းသာမဏေ ကျောင်းသားများအစ (ယုတ္တိရှိပါပေသည်)ဟု ချီးမွမ်းစကားပြော ကြားရာ လက်တို့မှာ "ဒီတစ်ချီတော့ အနိုင်ရလေပြီ"ဟုသော မျက်နှာထားနှင့် စကားတောင်စားကို လှမ်းကြည့်သည်။ စကားတောင် စားကမူ ဣန္ဒြေမပျက် ပြုံးလျက်နေသည်။

ကဲ..."ညိုအလှည့်"ဟု ဆရာတော် အမိန့်ရှိရာ၊ ညိုက စကားတောင်စားဘက်လှည့်၍

"တို့အိမ်ခေါင်မိုးမှာ ရောက်နှံ့ မန်ကျည်းပင်ကြီး တစ်ပင်ရှိတယ်၊ ဘယ်လောက်ကြီးသလဲဆိုရင် ငါ့အမေဗိုက်ထဲမှာ ငါကိုယ်ဝန်ရှိနေတော့ မန်ကျည်းသီး စားချင်တာနဲ့ ဗိုလ်ထဲကနေ အမေ့ပြောတော့"

ကိုရင်တစ်ပါးက

"ဟော့ဟော့၊ မန်ကျည်းသီးစားချင်တာ ဗိုက်ထဲကနေ အမေ့ကို ဘယ်လိုပြောသလဲ" ဟု သရော်လေသဖြင့် ညိုက-

"အဲဒီကစပြီး ကိုယ်ဝန်ဆောင်တွေ ချင်ခြင်းတပ်တယ်လို့ ပြောကြတာ မယုံရင် ရွာထဲဒကာမကြီးတွေမေးကြည့်"ဟု ဆိုသဖြင့် စကားတောင်စားက

"ထားပါတော့၊ ဆက်ပြောပါဦး"

"အမေက မန်ကျည်းသီးစားရအောင် မန်ကျည်းပင်ပေါ် တက်ခူးနေတုန်း၊ ငါကလဲ အမေမန်ကျည်းသီးခူးတာ မစောင့်နိုင်လို့



ဗိုက်ထဲက ခုန်ဆင်းလိုက်တာ၊ အောက်ကိုရောက်ရော၊ အမေလဲ ငါ့သား မေးကကျွတ်သွားပြီဆိုပြီး မန်ကျည်းပင်ပေါ်က မြန်မြန်ပြန် ဆင်းတာတောင် ငါ့ငါးနှစ်သားရောက်မှ အမေမန်ကျည်းပင်ပေါ်က အောက်ကိုရောက်လာတယ်"

"ဆရာတော်နှင့်တကွ၊ ကျောင်းသားသာမဏေများပါ ရယ်မောကြလေရာ၊ ညိုက-

"မယုံဘူးလား၊ မယုံရင် ငါ့အမေပြန်လာတော့မေးကြည့်ကြ"

"မင်း အမေဘယ်သွားလို့လဲ"

"ငါဆယ်နှစ်သားက သေသွားတယ်၊ မသေခင် ငါ့မှာသွားတယ်၊ ငါ့သား အမေ လူ့ပြည်ပြန်လာခဲ့ဦးမယ်တဲ့"ဟု ပြောသဖြင့် ရဟန်း၊ သာမဏေ၊ ကျောင်းသားများမှာ ဟားတိုက်၍ ရယ်မောကြလေရာ စကားတောင်စားက-

"ထားပါတော့၊ ထားပါတော့၊ ညိုရဲ့ မန်ကျည်းပင်ကြီး တကယ်ရှိတယ်ဆိုတာ တပည့်တော်ယုံမှ ဖြစ်မယ်ဘုရား။

"ကဲ...လက်တို့၊ ညိုအလှည့်ပြီးပြီ၊ မင်းအလှည့်ပဲ ယုံလောက်အောင် ကြံဖန်ပြောပေတော့၊ လက်တို့၊ ညိုတပည့်ခံရရင် မင်းသက်သာမှာ မဟုတ်ဘူး"

"မှန်လှပါ တပည့်တော် ထူးထူးခြားခြား စိတ်ကူးထားတာ ရှိပါတယ်ဘုရား ဒီအင်းဝမြို့ရဲ့ အကျယ်အဝန်းလောက် မျက်နှာဝရှိတဲ့ စည်တော်ကြီးတစ်လုံးလုပ်ပြီး၊ ဘုရှင်မင်းမြတ်ကို ဆက်သဖို့ စိတ်ကူးထားပါတယ်ဘုရား"

ပရိသတ်များက ဟားတိုက်၍ ရယ်လိုက်ကြသည်။ ညိုက

"အင်းဝမြို့လောက် မျက်နှာဝရှိတဲ့ စည်တော်ကို ဘာနဲ့ လုပ်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောတဲ့ ရောနှောမန်ကျည်းပင်ကြီးလှဲပြီး စည်ထွင်း ဘာပေါ့"

ငလက်တိုက တစ်ဖန်–

"စည်ကြက်ဖို့ အဲဒီလောက်ကြီးတဲ့ သားရေကော ဘယ်က ရမလဲ"

"ရေစကြိုက ဖေါင်ပွဲသွားတဲ့ မင်းဘကြီးနွားကရတဲ့ သားရေနဲ့ စည်ကြက်မှာပေါ့"

ဟုဆိုလေရာ ပရိသတ်များမှာ စကားတောင်စား၏ စကားကို အံ့ဩနှန်း ချီးကျူးကြလေ၏။ ဆရာတော်က–

"ကဲ... ငလက်တိုနဲ့ ငညို၊ မင်းတို့ပြန်ပြီး ချေပခွင့်ရှိသေးတယ်၊ ပြောပေတော့"

"မှန်ပါ့ဘုရား၊ စကားတောင်စားဟာ တပည့်တော်တို့ထက် စကားအရာ ဉာဏ်ပညာသာတာအမှန်ပါ၊ တပည့်တော်တို့က အမြဲတမ်း ဆရာတင်ပါတော့မယ်ဘုရား"

ဆရာတော်က အမိန့်ရှိလေသည်။

"မင်းတို့နှစ်ယောက်ကိုလည်း ကိုယ့်ထက်သာသူကို ဆရာတင်နိုင်သော နှိမ့်ချသည့် မာနကို ငါချီးကျူးသည်။ စကားတောင်စားသည် မမှန်သော အကြောင်းအချက်ပင် ဖြစ်သော်လည်း ယုတ္တိရှိရှိဖြင့် ဟိတ်ကျကျ၊ မိမိရရ ပြောနိုင်ပေသည်။ တစ်ဘက်သား၏ စကားကို ကိုင်၍ အနိုင်ရအောင် ပြောနိုင်သော တခ်ဏုပ္ပတ္တိဉာဏ်လည်း ရှိ၍ ကြီးပွားနိုင်သူ ဖြစ်ပေသည်"ဟု ချီးကျူးတော်မူလေသတည်း။



## ထင်ပေါ်၍ စင်တော်ကောက်ခံရပုံ

စကားတောင်စားတို့၏ စကားပြိုင်ပွဲသတင်းမှာ ကျော်ကြားသား၊ ကိုရင်တို့မှတစ်ဆင့် ရပ်ရွာအတွင်း ပျံ့နှံ့၍ သွားသလောက် စကားတောင်စားမှာ ထင်ရှား၍လာလေသည်။ အထူးသဖြင့် စကားတောင်စား၏ အင်းဝမြို့လောက်ကြီးသော စည်တော်ကြီး ဘုရင့်လက်ထဲဆက်သမည့်သတင်းကြောင့် ပို၍ထင်ရှားလာခြင်းဖြစ်ပြီး ဘုရင့်ရွှေနားတော်အထိ ပေါက်ကြား၍ သွားလေရာ၊ အင်းဝဘုရင်က ထူးခြားသော သူငယ်ကို ခုံတော်မင်းက ခေါ်ယူသင်ကြားပြုစု ကျွေးမွေးရမည် အမိန့်ရှိလေသဖြင့် စကားတောင်စားမှာ ခုံတော်မင်း၏ ရုံးတွင် ခုံရုံးစာရေးအဖြစ် ပညာသင်ကြားခွင့် ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# လေက်တို ညိုနှင့် စကားတောင်စား

## ဟာသ ပုံပြင်များ



### မားနဲ့ဆားလဲကြစို့

လွန်ခဲ့သော နှစ်ပေါင်းများစွာက အထက်အညာပခန်းရွာသား လေက်တိုသည် ငယ်စဉ်ကပင် မိဘနှစ်ပါးဆုံး၍ ဆွေမျိုးဉာတိ နည်းပါးသော တစ်ကောင်ကြွက် မျက်နှာငယ်ဘဝဖြင့်နေရ၏။ တစ်ရွာ မပြောင်း သူကောင်းမဖြစ်ဆိုသော စကားကို လက်ကိုင်ပြုကာ ခြေဦးနှင့် ဒူးတည့်ရာသို့ ထွက်ခွာသွားပါတော့မည်ဟု စိတ်ကို ပိုင်းဖြတ်၍ ထွက်ခွာမည်ကြံသောအခါ လက်ချည်းဖြင့် သွားရန်မသင့်၊ တစ်စုံတစ်ခုပါမှ ခရီးသွားလျှင် သင့်မည်ဟု စဉ်းစားမိလေသည်။

သို့သော်လည်း လေက်တိုမှာ အရင်းအနှီး အသပြာငွေများများ မရှိ၍ စိတ်ပျက်အားလျော့နေစဉ် စိတ်ကူးတစ်ခုရ၍ တောင်းခပ်ရှယ်ရှယ် အဟောင်းနှစ်လုံးကို ရှာ၍ သောင်ပြင်မှသဲများကို ကျုံးထည့်ပြီးရှိသော ငွေစကလေးနှင့် ဆားများဝယ်၍ သဲများပေါ်မှာ ဆားတစ်လက်မခန့် ထိအောင်ဖြူးပြီး ရောက်ရာမှာနား၊ ရရာကိုစားမည်ဟု သဲအပြည့် ပါသော “ဆားတောင်း” မို့မို့နှစ်လုံးကို ထမ်း၍ ကျီးမနိုးမီ ထွက်ခဲ့ လေသည်။

ထိုနည်းတူစွာ ချည်ပါသား ညိုမှာလဲည်း မိဘလည်းမရှိ၊ ပစ္စည်းလည်းမရှိ၊ မျက်နှာငယ်နှင့် ရွာတွင် မနေချင်တော့သဖြင့် တစ်ရပ်တစ်ကျေးစွန့်ခွာ၍ ပြေးတော့မည်ဟု ရည်ရွယ်ချင်း ရှိသည့်အတိုင်း လမ်းခရီးတွင် လူသုံအထင်မသေးရအောင် မားကုန် သည်ယောင်ဆောင်၍ သွားလျှင် သင့်မည်ဟု အကြံရသည့်အတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဆန်းလက်များကို ဓားအသွင်လုပ်၍ အချောကိုင် ဆေးများသုတ်၏။ ဓားရိုးနှင့် ဓားခွေများကို သေချာအောင်တပ်ပြီး ဝါးနှင့်ညှပ်ကာ ရှေ့ဆယ်ကျောင်း၊ နောက်ဆယ်ချောင်းထမ်း၍ လက်ထဲတွင် ဓားအစစ်တစ်ချောင်းကိုကိုင်ကာ၊ တောလမ်းခရီးမှ ထွက်ကဲ့၏။

သူတို့နှစ်ဦးကား၊ ဘဝတူ၊ အကြံတူဉာဏ်တူများ ဖြစ်တော့သည်။

ပခန်းသားလေက်တိုသည် အရဏ်တက်မှ ဆားတောင်းကို ထမ်း၍ မနားတမ်းလာခဲ့ရာ မွန်းတည့်ချိန်ရောက်လုနီးတွင် ချွေးဖြိုင်ဖြိုင်ကျ မောကလည်းမော၊ ဆာလည်းဆာသဖြင့် သစ်ပင်ရိပ်ကောင်းကောင်းတွင် နားပြီးမှ ခရီးတစ်ခါ ဆက်ပါတော့မည်ဟု အကြံပြု၍ သစ်ပင်ရိပ်ကိုမှီကာ နေခို၍ ချွေးသိပ်အောင် ပုဆိုးတောင်ရှည် ခါးပုံစဖြင့် ယပ်ခပ်ပြီး အပန်းဖြေနေရလေသည်။

ချည်ပါသား ငညိုကလည်း ထန်းလက်ဓားများကို လေးသည့်ဟန်ပန်ဖြင့် ထမ်း၍လာရင်း ခပ်လှမ်းလှမ်းသစ်ပင်အောက်တွင် သူရိပ်ကို မြင်သဖြင့် ရန်သူလား၊ မိတ်ဆွေလား အကဲစမ်းရအောင် ခနီးမဝေး သစ်ပင်အောက်တွင် ဓားထမ်းကိုချကာ နားနေ၍ သစ်ပင်ကြီးအောက်က လေက်တိုကို အကဲခတ်၍ နေတော့သည်။

လေက်တိုကလည်း ငညိုဓားထမ်း၍ လာသည်ကို ခပ်လှမ်းလှမ်းမှပင် မြင်သော်လည်း လူဆိုးလား၊ လူကောင်းလားဟု ခွဲခြားမသိ၍ ဆားထမ်းသော ထမ်းပိုးကို လက်ဖြင့် မသိမသာ ကိုင်ထားရင်း အကဲခတ်၍ နေလေရာ၊ မိမိနှင့် မနီးမဝေး သစ်ပင်မှာ လာ၍ ရပ်နေသော လူစိမ်းကိုသာ မျက်ခြည်မပြတ် အကဲခတ်နေပြန်သည်။

ငညိုက "ရှေ့ကလူမှာ တောင်းနှစ်လုံးအပြည့်နှင့် ကုန်ရောင်းလာသူနှင့်တူရဲ့"ဟု အကဲခတ်မိသဖြင့် သူ၏ဓားအထမ်းကို သစ်ပင်



အောက်မှာပင် ထားခဲ့ပြီး နမူနာအဖြစ် ယူလာသော ဓားတစ်လက်ကို ကိုင်ကာ လေက်တိုရှိရာသို့ ခပ်ပြုံးပြုံးလုပ်၍ လာခဲ့လေသည်။

လေက်တိုမှာလည်း တစ်ဖက်လူကို အကဲခတ်နေရာမှ ဓားတစ်ချောင်းကိုင်ကာ မိမိထံသို့ လာနေသည်ကို တွေ့ရသဖြင့် ဆားတောင်းထမ်းသည့် ထမ်းပိုးကို လက်မှာ ကျစ်ကျစ်ပါအောင်ဆုပ်၍ ထားလိုက်လေသည်။ အနီးသို့ ရောက်လာမှ ဓားကိုင်သည့်လူက မျက်နှာချိုသွေး၍ လာနေသည်ကို မြင်ရသဖြင့် ရန်သူတော့ မဟုတ်တန်ရာ၊ မိမိမှာလည်း လုစရာ ယက်စရာဘာမှ မပါသဖြင့် တစ်ဖက်က ပြုံး၍ လာနေသည်ကိုအပြုံးပြင့်ပင် ဆီး၍ ကြိုလိုက်မိလေသည်။

ငညိုက အနီးသို့ရောက်လာမှ မို့မောက်သော ဆားတောင်းကို မြင်၍

"အလို ဒီက မိတ်ဆွေက ဆားကုန်သည်ထင်ပါ့"

"ဆားကုန်သည် အစစ်တော့မဟုတ်ပါဘူး မိတ်ဆွေ ခရီးသွားရင်း ဆားဈေးများကောင်းတဲ့အရပ်တွေ့ရင် ရောင်းချဖို့ ယူလာခဲ့တာပါပဲ"

"ဟန်လိုက်လေဗျာ၊ ကျုပ်တို့ရွာမှာ ဆားအလွန်ရှားတာနဲ့ အခန့်သင့်ပဲ၊ မိတ်ဆွေတော့ ပွပေါက်တိုးပြီး"

"အို ဟုတ်ရဲ့လား၊ ခင်္ဂလာစကားကြားရတာ စမ်းသာလိုက်တာ မိတ်ဆွေရယ်၊ နို့နေပါဦး မိတ်ဆွေလက်ထဲက ဓားက အသစ်ကျပ်ချွတ်၊ ဓားရောင်းဖို့ ယူလာတာနဲ့ တူပါရဲ့"

"ဟုတ်ပါ့မိတ်ဆွေ ကျုပ်အဖိုးက ပန်းပဲဆရာ၊ ဝိဇ္ဇာဦးဖိုးဘတဲ့၊ ကျုပ်တို့နယ်တစ်လွှားမှာဖြင့် ကျော်ကြားတဲ့သူပါပဲ၊ သူလုပ်တဲ့ ဓားဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



ပထမတန်းစားမို့ ခရီးသွားရင်း မားကောင်းသုံးချင်သူများအတွက် ရောင်းဖို့ ယူလာခဲ့တာပါပဲ”

“မိတ်ဆွေကိုလဲ မင်္ဂလာစကားတစ်ဆင့် ပါးလိုက်ဦးမယ်၊ ကျုပ်တို့ရွာကိုသာ အရောက်သွားပါ။ မားကောင်းဆိုရင် အလွန်ကြိုက်တဲ့ရွာပါပဲ၊ ကျုပ်တို့ရွာက ပန်းပဲဆရာကြီး ဆရာတေက မမာနေရာ အတော်ကြာ၊ နာဗာရှည်ရောဂါနဲ့ အိပ်ရာထဲ လဲနေပြီးလောက်လောက် လားလား၊ သားယောကျ်ားကြီးကြီးမားမား မရှိလို့ ပန်းပဲအလုပ် မလုပ်နိုင်တာ အတော်ကြာသွားပြီ၊ ရွာထဲမှာလဲ ရှားလိုက်တဲ့မား၊ မိတ်ဆွေတော့ ပွပေါက်တိုးမှာ သေအချာပါပဲ”

“ကျေးဇူးတင်သဗျာ၊ ဒါပေမယ့် ကျုပ်က ဈေးရောင်းနေ မကျတော့ သိပ်ပြီး ကွကျတာပဲ၊ ဘယ်လိုကဘယ်လို ရောင်းရမှန်း တောင်မသိ ဖြစ်နေတာ”

“တူလိုက်လေဗျာ၊ ကျုပ်ကလဲ ထမ်းနေမကျတော့ ဆားတောင်းကြီးထမ်းရတာ၊ ပင်ပန်းလွန်းလို့ လမ်းမှာပဲ ထားခဲ့မယ်လို့တောင် စိတ်ကူးမိတာ”

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် အကဲခတ်ရင်း စကားပြောကြရာ၊ နှစ်ဦးစလုံး တိတ်ဆိတ်နေကြပြီးမှ ချည်ပါသား ငညိုက စကားစ၍

“ဒါဖြင့် ဒီလိုလုပ်ပါလား၊ ခင်ဗျားတို့ရွာမှာ မားဈေးကောင်း၊ ကျုပ်တို့ရွာက ဆားဈေးကောင်း၊ ခင်ဗျားနဲ့ကျုပ် နှစ်ယောက်စလုံး၊ မပင်ပန်းရအောင် ဒီစခန်းမှာပဲ ခင်ဗျား ဆားထမ်းနဲ့ ကျုပ်မားထမ်းကို လဲကြရရင် ကောင်းမှာပဲ”ဟု ပြောလိုက်ရာ၊ ပခန်းသား ငလက်တိုမှာ စိတ်ထဲက ကျိတ်၍ ဝမ်းသာပြီး–



“မိတ်ဆွေ အကြံကအလွန်ကောင်းပေါ့၊ စိတ်ကူးကောင်းတဲ့ ပညာရှိကိုတွေ့ရတာ အလွန်ပဲ မင်္ဂလာရှိပါပေတယ်ဗျာ”

ဟု ခပ်မြှောက်မြှောက်ကလေး ချီးမွမ်းသြဘာ ပေးလိုက်လေသည်။ ငညို၏စိတ်ထဲကလည်း “အမဲကောင်အတတာ ခံရပေတော့မည်” ဟု ကျိတ်၍ပင် သနားနေမိလေသည်။

ကဲ . . . ပြောနေကြတယ်၊ အချိန်မီ ရွာပြန်ရောက်ကြရအောင် ကျုပ်ဆားထမ်းကို ခင်ဗျားထမ်းသွားတော့ ရော့ ဟောဒီမှာ ထမ်းပိုး၊ ခင်ဗျားမားထမ်းက ခပ်ပေါ့ပေါ့မို့ ကျုပ်တော့ ဒီမှာ ခဏနားပြီး ခပ်အေးအေး သွားတော့မယ်”ဆိုကာ ထမ်းပိုးကို အပ်လိုက်လေရာ၊ ငညိုစိတ်ထဲက

“ဒီငနဲ ငါ့မားဆီ မရောက်ခင် ဆားတောင်းကိုထမ်းပြီး မျက်ခြည်ပြတ်အောင် ပြေးနိုင်မှ တော်ကာကျမည်”ဟု အကြံရသဖြင့်

ကဲ . . .မိတ်ဆွေ ရော့ ဟောဒီမှာ နမူနာမား၊ ခပ်အေးအေး နားပြီးမှ ရွာလမ်းကို ပြန်ပေရော့၊ ကျုပ်မှာတော့ ခင်ဗျားဆားထမ်းက လေးသမို့ အပြေးကလေး သွားမှာ တော်ကာကျမယ် “ကံဆုံရင်လဲ နောက်တစ်ကြိမ် ဆုံကြဦးမှာပေါ့၊ ကဲသွားပြီး မိတ်ဆွေရ”ဟုမျက်နှာကို မပျက်စေဘဲ၊ ပြုံးလျက်ပင် ပြောရင်းက ဆားတောင်းကို ရုတ်တရက် ထမ်းကာ အပြေးကလေးသွားလေတော့သည်။

ငလက်တိုလည်း စိတ်ထဲက ကျိတ်၍ပြုံးရင်း “ဒီငနဲ သဲတောင်းကို ထမ်းပြေးတာ တမောလောက်ရောက်မှ နားတော့မှာပါ၊ ငါကတော့ ခပ်အေးအေးပဲ၊ မားကို ရသမျှနဲ့ရောင်းပြီး ခရီးစရိတ်လုပ်ကာ အောက်ပြည်အောက်ရွာအရောက် သွားမယ်လုပ်ပဲ၊ ကံကောင်းချင်တော့ တစ်ချက်ပဲ”ဟု အောက်မေ့ပြီး ဆားတောင်းထမ်းသွားသူကို မျက်စိ

www.burmeseclassic.com

www.burmeseclassic.com

အောက်မှပျောက်သွားသည်အထိ ခပ်ပြုံးပြုံးကြည့်နေသည်။ ဆားတောင်းထမ်းသူ ငညိုကလည်း "ငါ့ကို နောက်ကများ လှမ်းခေါ်လေမလား"ဟု စိတ်ထဲက တထိတ်ထိတ်ဖြင့် ဝေးသည်ထက်ဝေးအောင် နောက်ပြန်လှည့်မကြည့်ဘဲ ပြေးလေရာ၊ ငလက်တို့၏ မျက်စိအောက်မှ မှုန်မွှားမွှားနှင့် ပျောက်၍ သွားလေတော့သည်။

ငလက်တိုကလည်း စိတ်ချလက်ချ ပွဲပေါက်တိုးပြီဟု နမ့်နာအားအစစ်ကို အသေအချာကြည့်ပြီး ဓားထမ်းရှိရာ သစ်ပင်အောက်သို့ ဖြည်းညှင်းစွာ သွား၍ ဓားထမ်းကို ကောက်ကာမလိုက်လျှင်ပင် ခပ်ပေါ့ပေါ့လာသဖြင့် ထန်းလက်ဓားမှန်း သိ၍သွားကာ တဟားဟားရယ်မိပြီး သစ်ပင်ခြေရင်းတွင် ထိုင်ချလိုက်မိလေသတည်း။

မကြာမီက လေချေးသံရွှဲရွှဲနှင့် ဆားတောင်းမပါတော့ဘဲ ထမ်းပိုး ကိုသာ လက်ကကိုင်ကာ မောကြီးပန်းကြီးပြန်လာသော ငညိုကို တွေ့လေသဖြင့် လက်ထဲကဓားအစစ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း ဉာဏ်ရှည်တူချင်း ဒီတစ်ကွေ့တော့ တွေ့ကြသေးတာပေါ့ဟု အံကိုခဲကာ စောင့်နေလေသည်။

ငညိုသည် အနီးသို့မရောက်မီကပင် အားပါးတရပြုံးပြီး လှမ်း၍ ပြောသောစကားမှာ

"ဝမ်းသာလိုက်တာမိတ်ဆွေ၊ ကျုပ်တို့နှစ်ယောက် ဆုံမှ ဆုံတတ်ပလေ၊ ဓားနဲ့ဆားလဲကြတာ သူမနာ ကိုယ်မနာ ဉာဏ်သွားချင်းတူကြပေမယ့် ကျုပ်မှာတော့ ဆားတောင်းထမ်းပြေးရတာ အမောအဖတ် တင်သွားတာပေါ့"



"ဝမ်းသာတယ်မိတ်ဆွေ ကျုပ်တို့ လူငယ်နှစ်ယောက် တစ်သက်လုံး မခွဲဘဲ ဉာဏ်ရှည်တူချင်း ပေါင်းလိုက်ရရင် လောကကြီးကို ခါးစောင်းတင်နိုင်မှာပဲ"ဟု ပြောကာ နှစ်ယောက်သား ပြိုင်တူ ရယ်မော ကြလေသတည်း။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ဖိုးသူတော်ဦးမင်း–လူဦးမင်းတို့၏
## ဟာသရသကဗျာများ

www.burmeseclassic.com

www.burmeseclassic.com




**လွှမ်းဖွယ်ကောင်းမှု**

လူဦးမင်း။ ။ ကုသိန္နာ
။ မြတ်စွာသခင်တသို့
။ ဝင်ကြွဟန်ပြု။
သူတော်ဦးမင်း ။ ဂေါ်ရာခန်း
။ စံနန်းရှင် စေနာသန်၍
။ ရွှေညာဏ်တော်ဝေဖန်ဆန်းတယ်
။ လွှမ်းဖွယ်ကောင်းမှု။

အနောက်နန်းမတော် မိဖုရားမမြကလေး၏ကောင်းမှု တက်သေးအင်း ရေလယ်ရှိ ကုသိန္နာရုံ ဘုရားအား စာဆို၂ ဦး ဖွဲ့ဆိုသော အခံအုပ် ကဗျာဖြစ်သည်။

"ဂေါ်ရာခန်းစံနန်းရှင်"ဟူသော အသုံးအနှုန်းဖြင့် အနောက်နန်းမတော် မမြကလေးကို စပ်ဆိုထားခြင်းဖြစ်သည်။

*

**ချစ်ရစေသား**

လူဦးမင်း ။ ရွှေပြောင်ပြောင်
။ တောင်ပေါ်ကဘုရား။
သူတော်ဦးမင်း ။ (သူ)နှင့် (လူ)
။ သစ္စာမျှတယ်
။ ချစ်ရစေသား။

www.burmeseclassic.com

www.burmeseclassic.com



ရွှေကြက်ယက်နှင့်မျက်နှာခြင်းဆိုင် တဖက်ကမ်း စစ်ကိုင်းဆိတ်ရှိ ရွှေတောင်ဦး ဘုရားအနီး၌ စာဆို နှစ်ဦး ဆုထူးပန်ခဲ့သော အခံအအုပ် ကဗျာပင်ဖြစ်၏။

**ညြကသဖူး**

ဦးမင်း (လူ) ။ ကြည်စိတ်ကယ်သန့်၊
။ ပြည်နိဗ္ဗာန်ခေမာသို့
။ စေနှာရှည်စူး။
ဦးမင်း (သူ) ။ ရေယဉ်ဝန်း၊
။ မွေ့နွှန်းစံရှင်တဲ့။
။ မြို့သံလျှင် ကျိုက်ရှင်စောကို
ညြကသဖူး။

သူတော်ဦးမင်းနှင့် ဖိုးလူဦးမင်းတို့ သံလျှင်မြို့ ကျိုက်ခေါက်ဘုရားသို့ ဘုရားဖူးအသွားတွင် အခံအအုပ် ရွတ်ဆိုသော ဒွေးချိုးကဗျာဖြစ်သည်။

**လေပုန်းက မြူး**

လူ ဦးမင်း ။ ပဲကလေးကဆိမ်လိုက်သာ
ပြောစရာ ရဖူး။

သူတော် ဦးမင်း ။ ညအခါ
လသာသာ
ကိုယ်တော်သုံးတယ်
လေပုန်း * ကမြူး။



(နန်းမတော် မိဖုရားကြီးကပဲ ပြုပြုတ်ကို ပွဲတော်တည်းနေရင်း ခြေရင်းတွင် ခစားလျက်ရှိသော စာဆို နှစ်ဦးအား ပဲပြုကလေး၏ အရသာရှိပုံကို ဟာသဉာဏ်ရွှင်ရွှင်ဖြင့် ကဗျာဖွဲ့ဆိုတင်ဆက်ရန် မိန့်ဆိုသဖြင့် အခံအအုပ် စပ်ဆိုတင်လျှောက်သော ကဗျာဖြစ်သည်။)

ပဲလှော်စား၍ အီးစော်နံခြင်းကို "လေပုန်းကမြူး" ဟူ၍ စပ်ဆိုထားခြင်းဖြစ်သည်။

**နန်းမေ့ဆင်ပန်း**

လူဦးမင်း ။ ဆင်တော်ရန်–ပန်းနှာကပ်
ကျောက်မျက်ကယ်တဲ့မချယ်။
ဖိုးသူတော်ဦးမင်း။ သင်းပေါပါမယ်ကယ်နှစ်မှာ
နက်ယစ်သည့်နွယ်။
ဦးတိုး ။ သိလကုတ်ကြောင်ကြီးသွယ်
စံပယ်တင်ချယ်သန်း။
ဦးလန်း ။ ရွှေဥဘာရောင်ခြည်ဇွေတယ်။
နန်းမေ့ဆင်ပန်း။

(နန်းမတော်ကြီး၏အဆောင်တော်တွင် စာဆိုလေးဦးတို့ ခစားနေစဉ် ထားဝယ်မြို့ဝန်က မယ်ကယ်နှစ်ကို လုပ်ဗ္ဗာပြုလုပ်၍ နှားပန်တော် ဆက်သလာခိုက်နှင့် ကြုံ၍ ၎င်းနှားပန်တော်ဖွဲ့ကို စာဆိုလေးဦးအား တစ်ယောက်တစ်ပိုဒ်စီဖြင့် ကဗျာတစ်ပုဒ်ဖွဲ့ဆိုရန် မိန့်တော်မူသဖြင့် စပ်ဆိုသော ကဗျာဖြစ်သည်။

ကဗျာဖွဲ့ဆိုအပြီး မိဖုရားကြီးက အလွန်နှစ်မြောက်တော်မူသဖြင့် နှားပန်တော်ဆင်မြန်းတော်မူပြီး စာဆိုလေးဦးကို ဝတ်ခံ

www.burmeseclassic.com

www.burmeseclassic.com



တစ်စုံနှင့် တစ်ပိဿာရှိ ဒိုင်ခွက်တစ်ခွက်စီ ချီးမြှောက်သနားတော်မူလိုက်သည်။

## ဆေးကြိုတ်တဲ့တော

သူတော်ဦးမင်း ။ ကုဏ္ဍလာ ဒုမ္ဗာကပေါ။
။ ဝုမ္ဗော ဂုမ္ဘိနှင့်
တပဿိ
ဓာမိုရ်ဝိတ်ကယ်တို့၊
ဆေးကြိုတ်တဲ့တော။

ရတနာပူရ အင်းဝမြို့ နန်းမတော်မိဖုရားကြီးမယ်နု၏ တောင်လေသာဆောင်၌ စာဆို နှစ်ဦး ညအခါ ခစားရောက်နေစဉ် နန်းမတော်ကြီးက သူတော်ဦးမင်းက စာခံ၍ လူဦးမင်းက စာအုပ်ပြရမည်ဟု မိန့်ဆိုသောကြောင့် လျှပ်တပြက် လျှောက်တင်သော ကဗျာဖြစ်သည်။

## ကြွားရှာသထင့်

လူဦးမင်း ။ ဖိုးသူတော်
ကျော်ပေ၏အသင့်
ကျမ်းရိုးကုန်ရောင်နှင့်
အာဃဖောင်ဖောင် ရွတ်ပုံများ
ကြွားရှာသထင့်။
သူတော်ဦးမင်း ။ မေးချင်ရာမေးပါမောင်ရို၊
ပိဋကတ်ကိုလ
**သိမှတ်**ထာအာဂုံနှင့်



ကျမ်းသုံးပုံ ခုနစ်ခေါက်
ပေါက်ခဲ့သဗျို့။

ဖိုးသူတော်ဦးမင်းနှင့် လူဦးမင်း တစ်ဦးနှင့်တစ်ဦး ငေါ့တော့တော့ ထေ့သံဖြင့်ဉာဏ်စမ်းသော ကဗျာဖြစ်သည်။

## ဂေါတမ မြေး

လူ ဦးမင်း ။ အလောင်းဘုရားရဲ့တူ
ဆင်ဖြူရှင်သွေး။
သူတော် ဦးမင်း ။ (မောင်ရွှေကြူ) လူယဉ်ကျေး၊
ဂေါတမမြေး။

အမရပူရမြို့နေ မောင်ရွှေကြူဆိုသူက မိမိအား မြှောက်နိုင်သမျှ မြှောက်၍ စာဖွဲ့ဆိုရန် တောင်းပန်သောကြောင့် သူတော်ဦးမင်းနှင့် လူဦးမင်းတို့ ဖွဲ့ဆိုသော မြှောက်ပင့်ဖွဲ့ရယ်ဖွယ် ကဗျာဖြစ်သည် ကဗျာမှာ ကြီးကျယ်နေ၍ စာဖွဲ့ခံရသူကပင် တောင်းပန်ယူရသောဟူ၏။

## ကံမွဲတဲ့ ငါး

လူ ဦးမင်း ။ နိဗ္ဗာန်ကိုရှယ်
ကယ်ပါတော့လား။
သူတော် ဦးမင်း ။ ကြုံပလေ
သောင်စွယ်သဲမှာ
ကံမွဲတဲ့ငါး။

www.burmeseclassic.com

www.burmeseclassic.com



(ရွှေကြက်ယက်သောင်စပ်တွင် တင်၍နေသောငါးတစ်ကောင်ကို လူဦးမင်းမြင်သဖြင့် အလင်္ကာအခံ ပြုလုပ်ဆိုလိုက်ရာ သူတော်ဦးမင်းက တမဟုတ်ချင်း ကဗျာအုပ်လိုက်သောဟူ၏။

### ဖော်ကွဲတဲ့ ငါး

လူဦးမင်း ॥ နိဗ္ဗာန်ကိုရှယ်
ကယ်ဆယ်ဖို့ညား။
သူတော်ဦးမင်း ॥ ကြုံပလေ
တစ်ကောင်ထဲ
ဖော်ကွဲတဲ့ငါး။

ဖိုးသူတော်ဦးမင်းနှင့် လူဦးမင်းတို့ လှေစီး၍ သွားကြစဉ် လှေပေါ်သို့ ငါးတစ်ကောင် တက်လာသည်ကိုမြင်၍ အထက်ပါ အခံအအုပ်ကဗျာကို တစ်ပိုဒ်စီ အပြန်အလှန် စပ်ဆိုလိုက်ခြင်းဖြစ်သည်။

### အိမ်သာက မိုး

လူဦးမင်း ॥ မဆင်ဘဲရယ်နှင့်
ရှဲခနဲ ရွာ၊
အိမ်သာကမိုး
သူတော်ဦးမင်း ॥ ခြေမမှန်
ရေပြန်ကို
စာဆိုတတ်သူက
မိုးမှတ်လို့ချီး

မိန်းကလေးတစ်ယောက်၊ ရေအိမ်တက်နေခိုက် ဖိုးသူတော်ဦးမင်းနှင့် လူဦးမင်းတို့ ရင်ဆိုင်မျက်နှာချင်းဆိုင်လမ်းလျှောက်လာ၍



တွေ့ဆုံကြရာ အသွားမပျက် လမ်းလျှောက်ရင်း ဖွဲ့ဆိုသွားသော လက်တန်းကဗျာ အအုပ်အခံဖြစ်သည်။

ရေကိုသောက်၍ အောက်မှ ပြန်ထုတ်သောသေး (ကျင်ငယ်)ကို ရေပြန်ဟူ၍ စပ်ဆိုထားခြင်းဖြစ်သည်။

### မြန်းကြွမယ်လို့

လူဦးမင်း ॥ ကျုပ်ကြီးကိုလွယ်၊
သူတော်ရယ်ဘယ်လမ်း၊
မြန်းကြွမယ်လို့။
သူတော်ဦးမင်း ॥ ငါ့ဆရာ
ကြက်တန်းသပြေညာက
ဧယျာမသာပို့
သွားမယ်ရွှေကိုယ်။

တစ်နေ့တွင် သူတော်ဦးမင်းသည် ရွှေကြက်ယက် သပြေတန်းခံမြို့မှ စစ်ကိုင်းသို့ အသုဘရှုရန်အသွား လမ်းခရီး၌ လူဦးမင်းနှင့် တွေ့ဆုံရာတွင် ကဗျာအခံအအုပ်ဖြင့် နှုတ်ဆက်လိုက်ခြင်းဖြစ်သည်။

### မောင်မျိုးဆွေ

လူဦးမင်း ॥ ကျုပ်တစ်လုံးရယ်နှင့်
ညောင်တုန်းရောက်သောအခါ
စက်ပါနှင့်ဗျို့။
ကျုပ် ကိုယူ
လှူကိုပင်မတာရား
မှားတတ်သမို့။

www.burmeseclassic.com

www.burmeseclassic.com



သူတော်ဦးမင်း ။ စာဆိုချင်း
ခံပြင်းအောင်ကိုသာ
ပြောပါနှင့်မင့်။
ညောင်ကုံးမြေ
နောင်တုံးတွင်ရာလေဟု
မောင်မျိုးဆွေ
မယ်သိမ်တို့မှာ
ထိခဲ့ပေါ့ထင်။ ။

ဦးမင်းစာဆိုနှစ်ဦး ဟာသဉာဏ်လက်တန်းဖြင့် ပွဲနွှဲ ကျီစယ်ပုံ ဖြစ်သည်။

## တော်လှပါဘိ

လူဦးမင်း ။ အချစ်သား သွားကမရှိ။
သူတော်ဦးမင်း ။ အိမ်မှုခန်းရယ်က
အဟန်းဆိုဘော်ရ
တော်လှပါဘိ။

လူဦးမင်းနှင့် သူတော်ဦးမင်းတို့သည် ရွှေကြက်ယက်ရွာသို့ အလည်သွားရာ မိတ်ဆွေဖြစ်သော လူချမ်းသာ အဖိုးကြီးမှာ မြေးအရွယ် သူငယ်မနှင့် အိမ်ထောင်ပြုလိုက်ပြီဖြစ်ကြောင်း ကြားသိရ၍ ကဗျာစိ၍ စာဆိုလိုက်ခြင်းဖြစ်သည်။



## ရောင်းဖျင်းသိမ်

လူဦးမင်း ။ ဆောင်းတင်းသိပ်နှင့်
ဝင်းအိမ်နှင့်ကိုး
သူတော်ဦးမင်း ။ ရောင်းဖျင်းနှင့်သိမ်
မြင်းပိန်နှင့်ကိုး။

တစ်ခါသော် ဖိုးသူတော်ဦးမင်းသည် မြင်းစီးပြီး လူဦးမင်းအိမ်သို့အရောက် တင်းတိမ်ကာရံထားသော အဆောင်နှင့်ဝင်းနှင့် အိမ်ကို မြင်ရ၍ လူဦးမင်းအား လှမ်း၍ ကလိလိုက်ရာ လူဦးမင်းကလည်း တမဟုတ်ချင်းပင် သူတော်ဦးမင်းအားပြန်၍ ကဗျာလက်နက်ဖြင့် ထိုးနှက်လိုက်ခြင်းပင်ဖြစ်သည်။

## စကားထာ စကားဝှက်

ကုန်းဘောင်မင်းတစ်ပါးသည် ဘုရားပူဇော်ရန် ကြာဖူးကို ကိုင်လျက် ဖိုးသူတော်ဦးမင်းအား "မောင်မင်း ငါဘုရား ကြည်ညိုတော်မူတဲ့ သဏ္ဌာန်ကို မယဉ်မရိုင်းဘဲ တမုဟုတ်ခြင်း စာဆိုရမည်ဟု အမိန့်တော်မှတ်ရာ ဖိုးသူတော်ဦးမင်းက—

"ခါးတောင်မြီးဖြတ်ပါလို့ ရှော်ကနဲအာသာထိုင်၊
သူ့ဥစ္စာ ကြောင့်ကြီးကို ဦးကာမကိုင်။
ကိုင်သာကိုင် ဆိုင်လေလေကို ဖို့။
သာလျောင်းသျှင်ရောင်တော်ဦးမှာ ဖူးရပြန်နှို့"
ဟုစပ်ဆိုခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com





**မိန်းမလက်ရေး**

ရွှေဝသွား
ပါးလိုက်ဖို့လေ။
လှမ်းစာခွေ
အထွေထွေ
ဖြေတယ်လို့မအေး
ချစ်လို့လားကုံးရတော့
စားလုံတယ်မလှပြီဘူ့
မိန်းမလက်ရေး
လှဦးမင်း

**မုန့်တီထွေ**

ရွှေဝသား
စားလိုက်ပါတဲ့မုန့်တီတွေ
ဝမ်းကျလို့နေ
တခွေခွေ
နေတယ်လို့မအေး
ညှစ်လို့သာကုံးရတော့
ချေးတုံးတယ်မလှပြီဘူ့
ဝမ်းလို့လေ
ဗိုးသူတော်ဦးမင်း

**သာဝါးကာထွေး**

*တံတားဦးက
ကွမ်းနုဝါ
ငမျှာကဆေး။
*ကွမ်းသီးတောင်ငှနှင့်
ကိုင်းထုံးဖြူပြည်ရှား
သာဝါးကာထွေး။
လှဦးမင်း

**အာပေါက်မှထွေး**

ကွမ်းရွက်ကယ်ညှာကြွေ
ရေစိမ်တဲ့ဆေး။
သန်းခေါင်လှိုင်လှိုင်နှင့်
ချိုင်လိုက်မယ်ထုံးဖြူ
ခြောက်ကယ်
အာပေါက်မှထွေး။
သူတော်ဦးမင်း။

ရတနာပူရစဟတ္တမြို့တည် မင်းတရားကြီး၏ မိဖုရားခေါင်ကြီးသည် ကွမ်းတော်ကို သုံးဆောင်တော်မူရာ ထွေးပစ်သော ကွမ်းရေသည်

www.burmeseclassic.com

www.burmeseclassic.com



ပန်းရောင်ကဲ့သို့ အဆင်းလှသည်ကို စာဆိုတတ်ရမည်ဟု လှုဦးမင်းကို မိန့်တော်မူသဖြင့် နန်းတော်သုံးကွမ်းဖွဲ့ ကဗျာကို ဖွဲ့ဆိုတင်ဆက်သဖြင့် အချိန် ၅၀ စီး ငွေဖလားတစ်လုံး ဆုချီးမြှင့်ခြင်း ခံရသည်။

ထိုသို့ နန်းတော်သုံးကွမ်းဖွဲ့ကဗျာကို လှုဦးမင်း၏ဖွဲ့ကြောင်း ဖိုးသူတော်ဦးမင်းကြားသိရာတွင် "အင်း တော်ကြီးကိုကွဲ့ကောင်းပေမှာပ၊ ငါတို့ကျေးလက်တွင် နန်းညသုံးကွမ်းကို ဘယ်မြင်ကြမတုံး တောလိုက်အုံးပါ ကွမ်းရယ်လို့သာ စားရတော့ ဘယ်ကောင်းမတုံး အကြမ်းကြီးကလား၊ ကဲ နားထောင်ကြဆိုပြီး တောင့်ကွမ်းဖွဲ့ ကဗျာတစ်ပုဒ်ကို အထက်ပါအတိုင်း ဖွဲ့ဆိုလိုက်ခြင်းဖြစ်သည်။

ထိုကွမ်းဖွဲ့ကဗျာ ၂ ပုဒ်ကို နောက်နှောင်းပုဂ္ဂိုလ်တစ်ဦးဖြစ်သူ ဦးသောမက ကြားသိရသဖြင့် ငါလဲ ငါ့ကျောင်းမှာ ဘုဉ်းပေးရတဲ့ ကွမ်းကို ဖွဲ့ဆိုပြမယ်ဟုဆိုပြီးလျှင် အောက်ပါကဗျာကို စပ်ဆိုခဲ့ပြန်သည်။

### ဝါးလိုက်ရင်မွှး

ကွမ်းသီးမှာ ရခိုင်
စဉ်ကိုင်က ကွမ်းနံ့
မင်းဆရှာ ထုံးဖြူနှင့်
ပခုက္ကူ ဆေးရွက်ကြီးကို
ဝါးလိုက်ရင်မွှး။



ထိုအခါ ပရိသတ်ကဘယ့်နှယ် (ရှားဆေး) မပါသေးပါကလားဟု လျှောက်တင်ရာတွင် ဦးသောမက အောက်ပါအတိုင်း လက်ာဖြင့် ပြန်ဖြေသော်ဟူ၏။

(ကွမ်းကရိယာ၊ စုံပါရက်သား
ရှားစေးဘယ်လိုစွက်ပေမင့်
ဆေးရွက်ကမွှး)။

### တူစုံကွဲ့သာမော

* မြသားရယ်တဲ့ ရေယမုန်။
* ငွေလှိုင်းတွေဖြူဖွာနှင့်
မြစ်ရောနဒီကျောမှာ
မျောကျဒိုက်ပုံ၊
* ကျူဝါးရှုံ
တူစုံကွဲ့သာမော
* ဘုံမတီးရယ်နှင့်
ငှက်ကြီး ရွှေဝံဘိုတို့ရယ်
စီးခိုလို့မျော။

လှု ဦးမင်း

### တူနှစ်ကိုယ်နဒီကျော

* ဘုံမတီးရယ်နှင့်
ငှက်ကြီးတဲ့ရွှေဝံဘို။
* ဒိုက်တောသူခိုလို့
တူနှစ်ကိုယ်နဒီကျောမှာ
မျှောခဲ့သကို၊
* ဘာလိုလို–ဝံဘိုရဲ့သဘော
* ရုပ်ဖော်သူ–ခင်မတီးကို
စီးဖို့ညာကျော်နှော။

သူတော် ဦးမင်း

(လှုဦးမင်းနှင့် သူတော်ဦးမင်းတို့သည် ရွှေကြက်ယက်က စစ်ကိုင်းဘက်သို့ ကူးမည်အပြုတွင် ဒိုက်ပုံကြီးတစ်ခု မျောလာရာ ထိုဒိုက်ပုံတွင် ဝံဘိုငှက်နှင့် ဘုံမတီးငှက်နှစ်ကောင်၊ နားပါလာသည်ကို တွေ့ရသဖြင့် စိတ်ကူးယဉ်ကာ စပ်ဆိုသော ကဗျာတစ်ပုဒ်စီ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နိုင်နိုင်မှ သည်အတည်
တန်တန်သာ၊ ဖတ်ရတယ်၊
ဆေးတံနှင့်ဖီးတဲ့ချည်း။
* လဲ့လဲ့ငယ်၊ ရွှန်းလို့စို
နီလာကို၊ ပြာမှုရီးမှာမှ
ကိုးရာ့ကိုးရည်။
အဆင်က သန့်သနင့်
ခန့်နိုင်မှုသည်အထည်
ဆယ်ချည်မှမနှော။
ဂေါ်ရာတိန်၊ ဖလ်နတ်ကယ်
ဝင်တော်ချိန်မှ*
ရွှေအိမ်သူဆင်ပုံပေး
ဈေးနှင့်မရော။
လူဦးမင်း

မလေးမောင်လူယဉ်နှဲ့
အပြာမှာအဝါစု
ကျေးဥတဲ့၊ မရမ်းရောင်။
နုပေါ်စ၊ မာလိန်မှာ
ဇော်ဂျီအိမ်၊ သိသိပဲ့လေငှဲ့
မလေးမောင်၊ လူယဉ်နှဲ့မှာ
လဲတဲ့ရအောင်။
ဗျာကရာ လက်ဖန်သပ်လို့
ဆေးတံနှင့် ဖီးတဲ့မောင်ကို
တူအောင်လို့ ဉာဏ်မကူး။
နကိုယဉ်
အလိုက်ကယ် သာသာဆင်ရတယ်
ထောင်နံ့ရှင် လူပုံပြကို
အားမကျဘူး။
သူတော်ဦးမင်း

အထက်ပါ ကဗျာ နှစ်ပုဒ်မှာ မိမိအိမ်သူသက်ထားက လင်တော်မောင်အတွက် အထူးတလည် ယက်လုပ်ထားသော အထည်အကြောင်းကို စာဆိုနှစ်ဦးက အမြင်နှစ်မျိုးဖြင့် အကြောင်းအရာတစ်ခုတည်းကို အပြိုင်စပ်ဆိုခဲ့ခြင်းဖြစ်ပါသည်။

ထိန်ပင်ပေါက်ရာ အနောက်ကျွန်းတွင် အတွင်းကား ရွှေအပကားဖန်အတိပြီးသော နေမင်းကြီး ဝင်ရောက်သွားပုံကို "ဂေါ်ရာထိန် ဖလ်နက်ကယ်ဝင်တော်ချိန်"ဟု သုံးနှုန်းပြီး နေဝင်ချိန်ဖြစ်ကြောင်း စပ်ဆိုခြင်း ဖြစ်သည်။



## ကျမ်းကိုးစာရင်း


၁။ စာပေဗိမာန်ထုတ် ဟာသစာပေ ၁၉၇၃ ခု
၂။ ဦးမြတ်လှပြုစုသော ခေတ်မီဦးပေါ်ဦးလျှောက်ထုံး
၃။ စာဆိုကြေးမုံ ကိုရင်ဂျမ်း၊
၄။ စာပေကျေးဇူးမောင်သုတ (ဗိုလ်မှူးဘသောင်း)
၅။ ကဗျာစွယ်စုံ ဦးထွန်းရွှေ ဂုဏ်ရသအလင်္ကာ
၆။ ကိုလိုနီခေတ် သတင်းစာ ဆောင်းပါးများမှ
(၁) ဦးညိုမြ (အိုးဝေ)
(၂) ဒေါ်ခင်မျိုးချစ်
(၃) ဦးဝင်းမောင် (မင်းယုဝေ)
(၄) ဦးသိန်း (ဓဝန)
(၅) သော်တာဆွေတို့၏ သတင်းစာတွင် ရေးသော ဟာသများ
(၆) အိုကြာကျွေး
၇။ ဇန်းမော်ဆရာတော် (မင်းသော်တာ)
၈။ သင်္ဂဇာဆရာတော်


www.burmeseclassic.com

www.burmeseclassic.com

- ဒီစာအုပ်တွင် ဥစ္စာစွဲ၍ သရဲဖြစ်နေရသူအကြောင်း ဥစ္စာစောင့်ကပစ္စည်းပေးခဲ့ရသော ကျောင်းဆရာလေးနှင့် ဥစ္စာစောင့်လူဝင်စား မောင်ချစ်စု
- မိခင်အိုကြီးကိုလုပ်ကျွေးပြုစုသောလူခြောက်ကလေး အကြောင်းသိချင်ရင် ဒီစာအုပ်မှာပါတယ်။
- သေရမည်များမေ့တာနှင့် သေခါနီးလူရဲ့ အမူအရာများ စိတ်အစဉ်ဖြစ်ပေါ်ပုံများ
- ပြိတ္တာဖြစ်ရခြင်းအကြောင်းနှင့်ပြိတ္တာအမျိုးမျိုးတို့ ကွာခြားပုံနှင့် တစ္ဆေသရဲ ဥစ္စာစောင့်များအကြောင်းစုံ
- သေသူတို့အတွက်ကျန်ရစ်သူများ၏ တာဝန်နှင့် ရကြပါစေ။ အမျှဝေလို့ သော် . . . . မည် သို့ မည်ပုံ . . . . စသည် . . . စသည် . . . . .

တက္ကသိုလ် သျှင်သီရိ

(ဓမ္မာစရိယ ဘီအေ)

# ပြိတ္တာလောကဖြစ်ရပ်ဆန်းများ

ကျော် - ပြိတ္တာ - သရဲသဘ္ဘေတို့အကြောင်း

ပစ်တိုင်းထောင်စာပေမှ ထွက်နေပါပြီ။

- မယားကောင်း မယားမြတ်ဆိုတာ

ဘယ်လိုမယားမျိုးလဲ. . . . သိချင်ရင် ဒီစာအုပ်ကိုဖတ်.

- မယားမြတ်ဒေဝီဆိုတာ ဘယ်လိုအရည်အချင်းတွေရှိရမ

ဘယ်လိုအခြင်းလက္ခဏာမျိုးတွေ ပြည့်စုံရမယ်ဆိုတာ

တက္ကသိုလ် သျှင်သီရိ

(ဓမ္မာစရိယ ဘီအေ)

# မယားကောင်းမယားမြတ်

- သုတရသစုံမှတ်သားဖွယ်ရာအဖုံဖုံနှင့် ပြည့်စုံသေ

ပညာပေးရသစာအုပ်ကောင်းတစ်အုပ်

ပစ်တိုင်းထောင်မှထွက်နေပြီ

BURMESE CLASSIC .com

www.burmeseclassic.com